

www.burmeseclassic.com
အောင်မြင့် စာပေ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၃၃၀၉၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၇၇၁၂၁၁၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ဝိဏ္ဏာ

လိပ်ဥဖွက်တဲ့လက် / ဝိဏ္ဏာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၂။

၁၈၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဏ္ဏာ

BURMESE CLASSIC .com





# အနက်ရောင်ကားလိပ်ရဲ့ပကတိ အသွင်အပြင်

ကပွလီသည်ကား×××အသားမဲခြင်းကို သရုပ်ဆောင်တယ်။ မီးသွေးသည်က ပုလဲနက်ရဲ့သဘော အဓိပ္ပါယ်ကို ယူမယ်။ ကပ်ရယ် ×××မီးသွေးရယ်×××ကိုကြီးမောင်ရယ်×××အတူတူပါပဲကွယ်။

ဒါက ကိုကြီးမောင်ရဲ့ထူးခြားထင်ရှားတဲ့ ဝိသေသလက္ခဏာကို အဖွင့်မိတ်ဆက်တာပါ။ ကိုကြီးမောင်က. . . ဖော်ကန့်လန့် ကြီးမောင် လူကွယ်သူကွယ်ရာမှာ ကပ္ပလီရယ်လို့ လှောင့်ပြောင် အခေါ်ခံရလေသူ၊ လူကလည်း ကြည့်ဦးတော့။ ပုကွကွ၊ ဂင်တိုတို၊ ဝတုတ်ပြပြ၊ ဘုတ်ထိုင်း ကပ္ပလီရုပ်၊ မိန်းမရယ်လို့ မရနိုင်သေးတဲ့ ဂေါ်မစွံ တစ်ဦးတည်းသော သားမို့ လူပျိုကလေး နုနုထွတ်ထွတ်အဖြစ်ရယ်သာ အမေက ထင်မှတ် နေတာ။ ကိုကြီးမောင်ကလည်း ထင်တစ်လုံးနဲ့ ဖွတ်တရွတ် ဖွတ်ခြောက်




www.burmeseclassic.com

www.burmeseclassic.com



ပြီး မိန့်မိန့်ကြီး ကျေနပ်နေတာ။ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြီး ကိုယ့်ကိုယ်တိုင် လူပျိုပေါက်ကလေးအဖြစ် အမြဲထင်မှတ်နေသည်။



အထင်နဲ့အမြင်ကား တလွဲစီပင်။ သူ့အသက်သာ လေးဆယ်ကျော်။ အချစ်တွေက ထွေပစ်လို့တောင် ရနေပြီ၊ သူကြံ့ရွယ်တဲ့ပန်း. . ကြိတ်ပိုးကြံ့ရွယ်ခဲ့သူ လုပျိုဖြူတွေရဲ့သမီးတွေတောင် အပျိုပေါက် အပျိုဖြန်းအရွယ် ရောက်ကုန်ကြပြီ။ ရည်းစားဟောင်းတွေကို အန်တီ၊ မာမီ ပြန်ခေါ်လို့တောင် ရနေပြီ။

ကိုကြီးမောင်က နုပျိုဆဲ၊ အလှအပ ပြင်ကောင်းတုန်း၊ မှန်နဲ့ မျက်နှာမခွာ ကပ်လျက်ရှိတုန်းပဲ။ ရှေ့မီနောက်မီတွေက မောင်ကြီးဟု ဘယ်လောက် အမွှမ်းတင်တင် သူ့ကိုတော့ ပတ်ဝန်းကျင်က ကပ္ပလီဟုသာ မြင်သည်။

အမေကျင်က ကိုယ့်သားအကြောင်း ကိုယ်သိသည်။ နောင်လာနောင်ရေး စိတ်အေးရအောင် အိမ်ထောင်ရက်သား ချပေးဖို့ ကြံစည်ပါသည်။

မိဘဆိုတာ သားသမီးကို ဆင်စီးပြီး မြင်းရံစေချင်တာပဲ မဟုတ်လား။ လူကသာ ဘာမဟုတ်တာ။ မတန်မရာ မမှီတဲ့ပန်းကိုမှ တုံးခုလို့ လှမ်းချင်တဲ့ ကပ္ပလီကြီးမောင်က အမေကျင် စီစဉ်တာကို





ဆင်နင်းပြီး မြင်းကန်တာလို့ ထင်ချင်သေး၏။ ကိုယ်စွမ်းကိုယ်စဖြင့် တစ်ပြားသားမျှ မရှိလေဘဲ။ ဒီတော့. . ဘာဖြစ်သလဲ။ အီလေးဆွဲပြီး အထမမြောက်တာပဲ အဖတ်တင်တော့သည်။

ဟိုလူနဲ့လဲ အစပ်အဟပ်မတည့်။ ဒီဒင်း ဘယ်ဟာနဲ့မှ အဆီအငေါ်မတည့်။ ကြာလေ မစွံလေ ကြီးလေချဉ်လေ သံပုရာသီးပုပ်ကြီးသာ ဖြစ်လို့နေသည်။

တစ်ဦးတည်းသောသား ကြီးမောင်ကို အမေကျင်ကိုယ်တိုင် စိတ်ပျက်သွားပြီ လောကမှာ ငွေနဲ့ပေးပြီး ဝယ်လို့ မရတဲ့အရာတစ်ချို့ ရှိလေသေးတာကို ကောင်းစွာသိရှိ နောင်တရနေမိသည်။ အရှက်တကွဲ အကျိုးနည်းဖြစ်ကာ အိမ်ကြီးရခိုင် ရှိပါရက်နဲ့ ရွာထဲမှာ မနေဖြစ်တော့ဘဲ ရွာအပြင် လယ်ကွင်းပြင် ကျယ်ထဲမှာပဲ သီးသန့်တလင်း အိမ်ရာအသစ်ဆောက်ကာ သားအမိနှစ်ယောက် နေမိကြသည်အထိပင်။ ကပ္ပလီကြီးမောင်ကတော့ ဒီလို တသီးတခြား နေရတာကိုပဲ ပိုမိုသဘောခွေ့နေလေ၏။

သူက တစ်ရွာလုံးနဲ့တစ်ယောက် ဆန့်ကျင်ဘက် ဖြစ်နေသူပင်။ သူနဲ့ပြိုင်ဘက် ကာလသားများ၊ သူ့ကို ပြန်မကြိုက်သော မာနကြီးကြီး လုပျိုဖြူများ၊ နှိမ်ချကဲ့ရဲ့တတ်သော ပတ်ဝန်းကျင်က သူနဲ့ အစပ်အဟပ် မတည့် အဆီအငေါ် မတည့်တော့ပေ။ ကင်းကင်းရှင်းရှင်း စိတ်ကူးယဉ် ကမ္ဘာကြီးထဲမှာ သီးခြားမွေ့လျော်ရတာက ပိုပြီးအရသာ မြိန်နေသည်။ အနှောင့်အယှက် ထိကပါး ရိကပါးခြင်း ကင်းဝေးလို့ အေးချမ်းနေသည်။

လူပျိုကြီး တစ်ကိုယ်တည်း သူ့ဘဝမှာ ဘာအပူအပင်မှ မရှိ။ အမေပိုင်သမျှစည်းစိမ်ဟာ သူ့စည်းစိမ်ချည်းပင်။ သူမှ မသုံးမဖြုန်းဘူးဆိုရင် မျိုးဆက်တုံးပြီး အကုန် ဘုန်းကြီးစာ ဖြစ်ကုန်တော့မည်။ ဒီတော့ လေးဆယ်ကျော် ကပ္ပလီကြီးက ကောင်းကောင်း သုံးဖြုန်းပြီး ကဲသည်။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါး ပေါင်ဒါ အဖွေးသားနှင့် မိုးလင်းတာနဲ့ ခြံပြင်ထွက်သည်။ တပည့်ကျော် ပုလင်းတူဘူးဆို သောက်ဖော်သောက်ဖက် ကြွက်တွင်း ရာညွန့်က ခြံဝမှာ အသင့်ကြိုသည်။ ကြွမြန်းရချေသည်။ မိုးတွင်းကာလမို့ ထန်းရည်တဲမှာ ထန်းရည်မရပေမယ့် ခေါင်ရည်ကောင်းကောင်းရသည်။ ဂျမ်းဂဲလ်တောအရက်ကောင်းကောင်းလဲ စိတ်ကြိုက်မှီဝဲခွင့် ရှိလေသေးသည်။

အသားမဲမဲ၊ သွားကျဲကျဲ၊ ကွမ်းချေး(ကျိုး)နီနီရဲရဲသွား၊ ထော်လန်သောနှုတ်ခမ်းဖြင့် ပုံဆိုးပန်းဆိုး၊ ပေမှေးမှေးကြီး မူးပြသည်မှာ မည်မျှကြည့်ရဆိုးချေမည်နည်း။ တော်ရုံလူမိုက်တောင် သူ့ပုံကြည့်ပြီး ဆိုင်ထိုင်ကာ မိုက်ကြေးခွဲရဲတော့မည်မထင်။

ဆိုးဝါးလှသော ဥပမိပိုင်ရှင် ကပ္ပလီကြီးမောင်နှင့် တပည့်ကျော်ပင့်လုံးမြှောက်လုံး ကြွယ်ဝသူ ရာညွန့်တို့ကတော့ ခေါင်ရည်(၂)လုံး၊ ကြွက်ကြော်နှင့် အတော်ဟန်ကျနေပြီ။

"အခုနေများ ကျုပ်တို့ရွာကို သဋ္ဌာလေးက ကြင်ယာရွေးဖို့ ရောက်လာရင် ဘယ်လောက်ဟန်ကျမလဲ အာစိရယ်"

တစ်တစ်ခွခွ ပါးစပ်အရသာခံလျက် ရာညွန့်က ပြောလိုက်ပြီးလျှာဖြင့် နှုတ်ခမ်းကို သပ်ကာ သွားရည်သိမ်းလိုက်သည်မှာ အသံပင်ရှလွမ်းခနဲ မြည်လေသေး၏။ သူက အကျီနှကော်လံကို ပင့်ကာ ကိုယ့်ဖို့ကိုယ့်တာ ပြောဟန်ပြုစဉ်မှာပင် ကပ္ပလီက သူ့အရင်ဦးအောင် မတော်မတည့် ဆော်ထည့်လိုက်သည်။

"အဲလိုသာဆို သူနဲ့ သင့်တော်မှာက ဒီရွာမှာ ငါတစ်ယောက်ပဲရှိတယ်ကွ မောင်ရာညွန့်ရ"

ရာညွန့် ခေါင်ရည်မျက်နှာကြောင့် မပြောသာပေမယ့် မျက်နှာလွှဲကာ နှုတ်ခမ်းရွဲ့မိသည်။ နှာခေါင်းရှုံ့ကာ မျက်လုံးပြူးရသည်။ စိတ်ထဲက ရှုံ့ချပေမယ့် အပြင်ကို မဖွင့်ဟရဲပေ။





"မှန်တာပေ့ါ အာစိလို ဥစ္စာပေါရုပ်ချော တည်ကြည်ခန့်ညားသူ ကျက်သရေ၊ ကျွဲသားရေ၊ နွားသရေရှိသူနဲ့မှ သင့်တော်မှာပေ့ါ"

"တစ်ခုနဲ့တင် လုံလောက်ပါတယ် ငရာညွန့်ရယ်၊ သိပ်လဲ မွှမ်းမနေပါနဲ့ကွ၊ မှန်တာပြောပေမယ့် ငါအနေခက်တယ်ကွ. . . အဟီး၊ မင်း ငါ့တပည့် ပီသလာပြီ. . . ထပ်မှာကွာ"

ဒါမျိုးအသံပဲ ကြားချင်နေတာ။ ဒီလိုလေးပဲ ပုလဲနံပသင့် နေချင်မိတာ။ ဘုန်းကြီးရှူးနဲ့လှေလူးတော့ အတိုင်အဖောက်ကို ညီတော့တာပဲ။ ကိုမိုးပျံကလဲ ဝမ်းသာအားရ ပြုံးရယ်လို့ မှာသမျှ အကုန်ချပေးတာပေ့ါ။ မချစ်သော်လည်း အောင့်ကာနမ်းရသည့်အထဲမှာ အမြှောက်ကြိုက်တွေကို ပေါင်းရတာလောက် အကျိုးအမြတ်ပိုတာ ဘာရှိဦးမလဲ။ ထပ်မှာကြ ထပ်ပြီးသောက်ကြစားကြ၊ လေပေါ်ကြဆဲပဲ။

ခေါင်ရည်ကလဲ လွတ်ကောင်းသကိုး။ ကြွက်ကြော်နဲ့ သိပ်လိုက်သပေ့ါ။ ကြွက် ကလည်း လယ်ကွက်တောထဲမှာ လှည့်ထောင်ပြီးရထားတဲ့ လယ်ကြွက်စစ်စစ်။ အိမ်တကာ လျှောက်လည်သော မြို့ပြကလည်ကြွက် မဟုတ်ပေ။ စပါးစားထားသော အဆီဖြိုးဖြိုး ဝတစ် ဝင်းပြောင်နေသည့် လယ်ကြွက်ကြော်ပင်။


"တို့ဖေ ပြောဖူးတယ်၊ တို့ဘိုးက မယား(၆)ယောက်ဆိုပဲ၊ ဒါတောင်(၇)ယောက်မြှောက်ကို ထပ်ပြီးယူဦးမလို့တဲ့ကွ၊ စိတ်လျှော့ပြီးဘုန်းကြီးဝတ်လိုက်လို့သာရယ်"

"တယ်ဟုတ်ပါလား အာစိရဲ့၊ အာစိ အဘိုးက မင်းသားချောချောလို့ဖြစ်ရမယ်"

"ဩော်. . . မင်းကလည်း၊ ငါ့ရုပ်ရည်ကို ကြည့်ဦးလေ၊ ထွားထွားကြိုင်းကြိုင်း ယောကျာ်းကောင်း ဥပမိနဲ့၊ အမေကျင်နဲ့ မခွဲနိုင်လို့ ရွာဘုရားပွဲလာတဲ့ ဇာတ်အဖွဲ့ထဲကို ငါလိုက်မသွားတာ၊ နို့မဟုတ်ရင် ငါဖြင့် ရုပ်ရှင်မင်းသားဖြစ်နေလောက်ပြီ"

www.burmeseclassic.com






ကြွားလုံးမော်လုံးတွေကတော့ အပျံစားပင်။ လူနဲ့ လိုက်တာ မလိုက်တာ အသာထား၊ လူနေချိုကြား စိတ်နေဘုံဖျား မဟုတ်လား။ စိတ်ထားကို ဝတီ ကြားမှာ မြင့်မြင့်မားမား ထားရပေမပေါ့။ လူကတော့ အိမ်သာကြားပဲရောက်ရောက် တော်ရုံလူ ဖျားလောက်တဲ့စကားတွေနဲ့ ခေါင်းရည်စုပ်ရတာကိုက သူတို့ရဲ့နေ့စဉ်ပြုမူနေကျ အမူအကျင့်၊ အလေ့အထ တစ်ရပ်လို ဖြစ်နေပြီ။

"ဒါနဲ့ စကားမစပ်၊ အာစိနဲ့ အလဲအကွဲ အသည်းအသန်ဖြစ်ခဲ့တဲ့ ထော်လီမက ရွာမှာ မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲ နွှဲတော့မယ်ဆို"

"နွှဲဝလဲပေါ့ကွာ. . . ဘာဖြစ်သတုံး"

ထော်လီမဆိုတာက-မစားရတဲ့အမဲ သဲနဲ့ပက်ပြီး သူတို့ခေါ် ဝေါ် ခိုင်းနှိုင်းတဲ့ အသုံးအနှုန်း အမည်နာမပင်။ ကောင်မလေးနာမည်အမှန်က မဆစ်ယုံ ဖြစ်လေသည်။ ညိုပြာညက်ချော ရွာအလှ ကွမ်းတောင်ကိုင်ကလေးပင်။ မြို့သားတောင် ကြွေသွားလောက်သည့် ရွက်ကြမ်းရေကြို သဘာဝအလှရှင်လေး။ ဒါကိုပဲ ထိုကပွလီနဲ့ တပည့်ကျော်





ရာညွှန့်တို့က နှုတ်ခမ်းထော်တာကို ရမယ်ရှာပြီး အမည်သန္တာ ကင်ပွန်းတပ်ကြလေသည်။ "ထော်လီမ" တဲ့။

"သူတို့ မြို့မှာ မင်္ဂလာဆောင်ပြီးတော့ တစ်ခါ တောမှာ ထပ်လာဆောင်ဦးမှာဗျ အာစိရ"

"အဲတော့ ဘာဖြစ်လဲ မင်းက၊ ဒါ အားကျစရာလား ရာညွှန့်"

"အာစိကလည်း၊ အာစိလိုလူမျိုးကိုမှ အထင်မကြီးခဲ့မိတာ. . ဒင်း နောင်တကောင်းကောင်းရမှာကို မြင်ယောင်လို့ ဝမ်းသာအားရ ပြောမိတာပါ အာစိကလဲ"

"မပူမပင် မကြောင့်မကျ အခြေအနေကိုမှ ခြေစုံပစ်ချင်တာ၊ မတူမတန် ထင်ချင်တဲ့ဟာမ ဒုက္ခလှလှ တွေ့မဟေ့ ရာညွှန့်ရာ၊ အနည်းလေးတော့ ဒူးနဲ့မျက်ခွက်ပဲ"

"မှန်တာပေါ့ အာစိရယ်၊ ပစ္စည်းကောင်း ရှားတယ်ဆိုတာ ဒင်းတို့မှ မသိဘဲ၊ အာစိ တန်ဖိုးပိုတက်တာပဲ. . . ဟဲဟဲ"

"တစ်ကွေ့ကွေ့တော့ တွေ့ကြဦးမပေါ့ကွာ၊ ဒီတော့မှ ဈေးကောင်းရတဲ့ ကိုကြီးမောင်ကို မရွေးမိတာ မှားလေခြင်းရယ်လို့ နောင်တမရနဲ့"

"အာစိ. . . အဲ့လိုကျရင် အပြတ်အသတ်သာ လက်စားချေပစ်လိုက်ဗျာ"

"စိတ်ချ ရာညွှန့်၊ ကြီးမောင်ဆိုတဲ့ကောင်က ဟင်ဆိုရင် ပြန်လှည့်ကြည့်တာ မဟုတ်ဘူး၊ အခွင့်ကြုံလို့ကတော့ လက်စားတင် မကဘူး၊ ခြေစားပါ ချေပစ်လိုက်မယ်"





www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားပဟိုဠိ ခရီးပြင်းနှင့်

BURMESE CLASSIC .com

ဇော်ရှိန်းနဲ့မောင်ဖြိုး ညီအစ်ကိုနှစ်ယောက်သား လှည်းပေါ်မှ ကောက်လှိုင်းများကို ထိုးကော်သယ်မကာ တလင်းပြင်ထဲ ပုံချနေကြသည်။ ချွေးတလုံးလုံးဖြင့် ကျောတစ်ပြင်လုံး မဲနက်ပြောင်နေသည်။ လက်မောင်းအိုးကြွက်သား တုတ်တုတ်ခိုင်ခိုင်ဖြင့် ပေ့ါပါးသွက်လက် မြောက်ကြွစွာ အလုပ်ကို တစိုက်မက်မက် လုပ်နေကြသည်။ သူတို့က အမေကျင့် လယ်ကို ဝိုင်းကူလုပ်ပေးကြရတဲ့ ငရှိန်းနဲ့ငဖြိုး ညီနောင်ဖြစ်သည်။ သူတို့ရဲ့ဓာတ်စာက ထွေလီကာလီမဟုတ်ပါဘူး။ ကောက်ရိုးပုံဘေးမှာ ဘတ္တရီနဲ့ ဖွင့်ပေးထားတဲ့ ကက်ဆက်တစ်လုံး ရှိရင် အိုကေပြီ။ သီချင်းတအေးအေး နားရည်ဝအောင် နားဆင်ပြီး အလုပ်ကိုလည်း အာရုံစိုက် လုပ်ကိုင်ကြသည်။





"ယောက်ဖရေ× × ×နေတောင် အတော်စောင်းပြီ၊ ချောင်းထဲမှာ ရေချိုးပြီး တို့ပြန်မည်× × ×လား လာ လာ လာ့ လာ× ⁁ ×လား လာ့ လား လာ့ လာ"

အဆိုတော်ဒွန်းရဲ့ ယောက်ဖသီချင်းနဲ့ သူတို့လုပ်ငန်းသဘာဝကတော့ ဒက်ထိကွက်တိပဲ။ တိုက်ဆိုင်ရင်ခုန်မှုတွေနဲ့ အံကိုက်လို့နေသည်။ ဖောင်းကားကား ငရှိန်းနဲ့ငဖြိုး ညီအစ်ကိုနှစ်ယောက်ကတော့ တက်တက်ကြွကြွ အားကြိုးမာန်တက်ပင် ကောက်လှိုင်းများကို ဖြည်၍ ကောက်ပင်များကို တလင်းပြင်ထဲမှာ ဖြန့်ခင်းနေသည်။ သူတို့ ဘာပဲလုပ်လုပ် အမေကျင်က ဘာမှမပြော။ ဝင်မစွက်ဖက်ပေ။ လုပ်ငန်းတွင်ကျယ်ပြီးမြောက်ဖို့သာ လိုရင်းဖြစ်လေ၏။ အလုပ်တွင်ရင် ပြီးရောပဲ။ လုပ်ငန်းခွင်မှာ လိုက်လျောသင့်တာတွေ စိတ်ကြိုက် လိုက်လျောထားသည်။ ထို့ကြောင့် တလင်းမြေပေါ်ရှိ ကောက်ရိုးပုံဂူကလေးကပင် သူတို့ရဲ့ စားအိမ်သောက်အိမ် ဘုံဗိမာန်ကလေး ဖြစ်လို့နေပါသည်။

ပြည့်ကျပ်တစ်ဆို့နေသော ကောက်ရိုးပုံထဲရှိ လိုဏ်ဂူကလေးထဲမှာ ညီအစ်ကိုနှစ်ယောက် စံမြန်းကြသည်။

လူတွေကသာ ဖြစ်ဖြစ်မြောက်မြောက် အရာရောက်ပြီး ပေမီဒေါက်မီ လူရာမဝင်တာ လေတစ်လုံး မိုးတစ်လုံး အပြောမလျှော့တဲ့ နေရာမှာတော့ ပြိုင်ဘက်ကင်းပဲ။ ဒါကြောင့်လည်း အမေပေးတဲ့ နာမည်ကို ဖျက်လိုဖျက်ဆီး လုပ်ကြတာ။ ငဖြိုးနဲ့ငရှိန်းရယ်လို့ အမည်တွင်နေတာသာ ကြည့်တော့။

"ဒီနှစ် စပါးသိမ်းပြီးရင်တော့ ရွာပြဇာတ်မှာ မင်းသားတက်လုပ်ပစ်မယ်၊ ငါ့ရုပ်နဲ့ဆို မင်းသားဖြစ်သင့်တာ ကြာပြီကွ"

"ဘာမင်းသားလဲ. . . လူကြမ်းမင်းသားလား"

ဇော်ကြီးက ကြွားလုံးထုတ်ကာ ပိုပိုသာသာ ရှိန်းလိုက်တယ်ဆိုရင်ပဲ မော်ကြီး ကဖျက်ယဖျက် ဝင်ပြောပြီး စကားခလုတ်တိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်ထွီး. . . နင့်အမေဂလိန်း လူကြမ်းမင်းသားလား ဒီဥပမိ ရုပ်ကိုး ကတောင် ကျောက်ပန်းတောင်း ခင်ချိုဦးကိုငှားပြီး ဖမ်းတွဲပစ်ဦးမယ်"

မုန့်သီကြော်က ဘယ်ဆီ မသိရသေး၊ နှုတ်ခမ်းက ဆီဝေ့ချင်နေပြီ။ ခင်ချိုဦးပဲ ငှားနိုင်မလား၊ ခါဂျိုးဥပဲ နှိုက်ရမလား မသိပေ။

"ဝါးခယ်မက ဗျားဒရယ်မလေးနဲ့ တွဲမကချင်ဘူးလား၊ ကျုပ်ငှားပေးမယ် ကိုဇော်ဖြိုးရာ"

"တော်. . ."

"ဒီနှစ် ကျုပ်တို့ စမ်းသပ်စပါးက အောင်တယ်ဗျ၊ အိတ်စပို့တင်ရမှာ၊ စုထားတဲ့လစာနဲ့ အမေကျောင် ပေးမယ့်မုန့်ဖိုးနဲ့ ပေါင်းလိုက်ရင်တော့လား၊ အချိုကြီး ပွပြီ၊ ဗွီဒီယိုမင်းသမီးတစ်လက်လောက်ကို ကောင်းကောင်း တောင်းပစ်ဦးမယ်"

"မင်းသမီးကို တောင်းနဲ့ သွားပစ်ပေါက်မလို့လား မော်ဖြိုးရေ၊ မထိခလုတ်နဲ့ အလျော်စိုက်လိုက်ရလို့ ပါတာလေးလဲ ကုန်နေပ့ါမယ်ကွာ. . . ဟားဟား"

တစ်ယောက်ကိုတစ်ယောက်လဲ အတင်အစီးမခံပေ။ မထိခလုတ် နှိမ်ချကာ အသွားမလွတ် အနှောင့်မလွှတ် ဝင်ဟန့်ကြသည်။ တစ်ပြန်တလှည့် အကျောမခံ ဘာပဲဖြစ်ဖြစ် တူညီသော ရည်ရွယ်ချက်တစ်ခုကတော့ ရှိသည်။ ညနေစောင်းလျှင် ကိုမိုးပျံ ထန်းရည်တဲသို့ သွားကာ အရက်သောက်ကြခြင်းပင်ဖြစ်သည်။

ဌ ဌ ဌ ဌ





BURMESE CLASSIC .com

သူ့နာမည်က. . . 'လက်ဝါး'. . . တဲ့။

ဘာရယ်ညာရယ်တော့ မဟုတ်ဘူး။ အပျင်းပြေသဘောမျိုးနဲ့ လက်ဝါး ကားကို ဖမ်းတားလိုက်သည်။ ဟွန်းကလွဲပြီး အကုန်သံစုံမြည်တဲ့ ပေါင်မုန့်ကားစုတ်ကြီးပါ။ ပေါက်ပြားတစ်လက် ထမ်းထားပေမယ့် သူ့အသွင်အပြင်က မြေတိုင်းစာရေး သစ်တောဝန်ထောက်ဟန်ပန် ပေါက်နေပြီး. . . အရောင်မွဲနေသည့် စက်ရုံဝန်ထမ်းဝတ်စုံနှင့် လျှာထိုးဦးထုပ်ကလည်း ဘာလိုလိုကြီး ဖြစ်နေသည်။

ကားမှာ အမောတကော ကမန်းကတန်း ထိုးရပ်လေသည်။ အရှိန်သာသတ်ပြီး ရပ်လိုက်ရတာ။ ကိုယ့်ကားကိုယ် ယုံကြည်စိတ်ချစွာ စက်မသတ်ရဲသေးသော သဘောပင်။

လက်ဝါးက ဒီနယ်တစ်ဝိုက် ရောက်လာသော သူစိမ်းတွေကို ဒီလိုပဲ စပ်စုနေကျပင်။ ပြုံးဖြီဖြီဖြင့် ကားမောင်းလာသော ဒရိုင်ဘာကို မေးလိုက်သည်။

"ဘယ်ကိုကြွမြန်းကြမလို့လဲ"

"ခွေးလေးတောင်ကို သွားကြမလို့ပါ"

ဒရိုင်ဘာက အရိုအသေပေးကာ အသေအချာ ပြန်ဖြေလ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေက်ဝါးပင် ကိုယ့်ကိုယ်ကို အထင်တကြီး မြှောက်တက်သွားချင်စိတ်တွေ တဖွားဖွား ပေါ်လာတော့သည်။

"ကားပေါ်မှာ ဘာတွေပါသလဲ"

မျက်လုံးမှေးစင်းစင်းနဲ့ ပေကြောင်ကြောင် စုတ်ချွန်းချွန်းကောင်က ဒရိုင်ဘာဘေးမှာ ထိုင်နေရင်းနဲ့ ပြန်ဖြေလေတော့သည်။

"ဘာပါရမှာလဲ. . . ပါလို့ရတာ အကုန်ပါတာပဲ၊ လိုအပ်မယ်ထင်တာတွေ အကုန်ပါတာပေ့ါ"

"ဖျာတွေဘာတွေ ပါရဲ့လား၊ ဟိုရောက်ရင် ခင်းစရာ မရှိဘဲနေလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ. . . ပါတယ်လေ"

ဒရိုင်ဘာက ဝင်ဖြေလေသည်။

"အရက်တွေ လက်ဖက်ခြောက်တွေရော ပါရဲ့လား၊ ရေနွေးကျိုသောက်မှ ရမယ်၊ ငှက်ဖျားရောဂါ ကာကွယ်မှ ရမယ်"

"အားပါး. . . ကျွန်တော်တို့ ဘူမိကျောင်းသားတွေပါ၊ အကုန်ပါတယ်လို့ဆို"

"ပြီးတာပဲ. . . အကုန်ပါတယ်ဆိုရင်တော့ ပါလာတာ အကုန်ထုတ်ပေတော့၊ ငါက ခါးပြကွ. . ဟား. . ဟား"

ရုတ်တရက် လေက်ဝါးက ပေါက်ပြားဖြင့် ဒရိုင်ဘာကို ချိန်ရွယ်လိုက်လေသည်။ ခပ်တည်တည်ဖြင့်ပင် ခြောက်လှန့်စကားဖြင့် ကြုံးဝါးလိုက်သေးသည်။ ကားပေါ်မှာ ဇိမ်ကျနေသူတစ်စု အငိုက်မိကာ ပြူးပြူးပြာပြာ ဖြစ်သွားရလေသည်။

"မ. . မ. . မလုပ်ပါနဲ့ ဆာကြီးရယ်၊ ပါလာတာ အကုန်ချွတ်ပေးပါ့မယ်"

ကားခေါင်းခန်းမှ ပေကြောင်ကြောင်နဲ့ နှုတ်သီးစုတ်ချွန်းချွန်းနဲ့လူက ဘောင်းဘီခါးပတ်ကို ဆွဲဖြုတ်ကာ ချွတ်ဟန်ပြင်လေသည်။





"ဟော့ဟော့. . . မြင်မကောင်း ရှုမကောင်းနဲ့၊ ငါလိုချင်တာဘောင်းဘီ မဟုတ်ဘူး၊ ရွှေငွေရတနာနဲ့ ပိုက်ဆံကွ. . ဟားဟားဟား"

"ဟာဗျာ. . . ဆာကြီးပဲ ပါလာတာ အကုန်ထုတ်ဆို၊ အခု ကျွန်တော်ပါတာ ဒါအကုန်ပဲလေ"

"ဟုတ်ပါတယ် ဆာကြီးရယ်၊ လူကို ယူပါ၊ အသက်ကို ချမ်းသာပေးပါ"

နောက်မှီဆိုဖာပေါ် ဇိမ်ကျသော မိန်းကလေးများ၏အသံဆူညံသွားလေသည်။ အကြောက်ကြောက် အလန့်လန့်ဖြင့် ပြူးပြူးပြာပြာ ဖြစ်ကုန်ကြသည်။

"အစ်ကိုကြီးကလည်း. . . သမီးတို့က သုတေသီစာတမ်းတင်ဖို့ ခါးဝတ်ကလွဲပြီး ဘာပါမှာလဲလို့၊ ပါတာလေးတော့ ယူထားလိုက်ပါနော့"

"တော်ပြီ. . . ခါးပြနာမည်ပျက်တယ်၊ နင်တို့ ဝတ်ပြီးသားတွေဘာလုပ်ရမှာလဲ၊ တကယ်ဆို ဂျော်ဒန်းနိုးတို့ စတက်ပ်တို့ ဘူးလေးနဲ့ထုတ်ပေးပါလား"

"ဆာကြီးရဲ့ ပေါက်ပြားကြီးကိုဖယ်ဦး လည်ပင်းယားလာပြီ၊ ဟိုခွေးချေးကျုံး၊ ဒီနွားအပုံကော်တဲ့ ပေါက်ပြားအသွားကြီးနဲ့ လည်ပင်းပေတုန်ပါ့မယ်"

ကားမောင်းတဲ့ ဒရိုင်ဘာကလည်း ကြီးကြီးကျယ်ကျယ် မရွံမကြောက်ပြောကာ ပေါက်ပြားဖယ်ခိုင်းသဖြင့် ဖယ်ရပြန်ပြီး ချိန်ရွယ်ထားသမျှ ဟိတ်ဟန် ဘာမျှမရှိတော့မှ. . .

"ဟဲ. . ဟဲ. . အလကား နောက်တာပါဗျာ၊ ကျုပ်က ဒီရွာသားဗျ၊ ခင်ဗျားတို့ မူးနေလားလို့ သတိပေးမလို့ပါ၊ ရှေ့မှာ လမ်းနည်းနည်းဆိုးတယ်ဗျ"

"ဟယ်. . . ဟုတ်လား၊ ကျေးဇူးပဲ ဆာကြီးရယ်၊ အခုလို သတိပေးတာ၊ ကျွန်တော်တို့ကလည်း ဒါမျိုးမှ တွေ့ချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ဆိုတော့လည်း ပါးစပ်က စည်းကမ်းသိပ်မရှိချင်ဘူး။ ပျော်ပျော်ပါးပါး ရွှတ်ရွှတ်နောက်နောက် ပြောကြသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပါးစပ်ထဲတွေ့တာ လျှောက်ပြောပြီး သဘောတကျ လျှောင်ပြောင်ကာ ရယ်ကြသည်။

"ကဲ. . ကဲ. . သတိဝီရိယ ထားပြီး သွားကြတော့"

"အိုကေ ဆာကီး၊ ကျွန်တော်တို့ကတော့ ပျော်ပျော်ပဲ၊ ချုံး မလား နည်းနည်းလောက်"

နောက်မှီဆိုဖာပေါ်မှာ ထိုင်နေသော လူတစ်ယောက်က ပုပု ဝိုင်းဝိုင်း ပုလင်းတစ်လုံးကို ထောင်ပြလေသည်။ လေက်ဝါး သွားရည် တရွှမ်းရွှမ်း ယိုသွားတာကို မျိုသိပ်ပြီး တံတွေးဂလုံဆန်မြည်အောင် မျိုချမိတော့သည်။

"တော်ပါပြီဗျာ. . . လုပ်ကြပါ၊ သွားကြပါ၊ ကောင်းတယ်. . . ကောင်းတယ်၊ ပျော်ပျော်ပါးပါးနဲ့ အားကျစရာပဲ"

အားလုံး လက်ပြနှုတ်ဆက်ကြသည်။ အခုလိုကျတော့လည်း ကားပေါ်မှာ ပါလာတဲ့ မဒီလေးယောက်ကလည်း ဝမ်းသာအဲလဲ လက် တွေ ပြလို့ပါလား။

ယခုလို ကားစုတ်ကြီးနဲ့ ဟိုင်းဝေးခရီးကို မဖြစ်ညစ်ကျယ် ထွက် လာရဲတာကိုပင် အံ့ဩချီးကျူးစရာ ကောင်းနေသေးသည်။ ပီတိပြုံးဖြီ လေက်ဝါး ကျန်ရစ်သည်။ ဖုန်တထောင်းထောင်း လမ်းအတိုင်း ကားကြီး က တဖြူးဖြူး တဖြဲဖြဲ အော်ရင်း မောင်းသွားလေပြီ။ ခါးပြစိတ်ပျက် လောက်အောင် ပြန်လှောင်နိုင်သော လူတစ်စု ရယ်မောသံတွေ ပန့်ဆ လို့ ရှေ့သို့ ချီတက်နေလေရဲ့။





# အကြင်နာ မျက်တတ်ရပ်လို့ မေတ္တာလမ်းမှာင်

ကားပေါ်မှာပါလာသော အမောင် သကောင့်သားတို့မှာကား ဇီးဖြူသီး စကောထဲ ထည့်လှိမ့်ခံရသူပမာ ပါလာကြသည်။ ချိုင့်ခွက် မညီမညာဖြင့် တအိအိ ထွက်လာသောကားမှာ တိမ်းလိုက်စောင်းလိုက် အိပုံ့အိပုံ့နှင့် ခရီးနှင်လာသည်။ လယ်တလင်းမြေအစပ် တဲအိမ်ကြီး အနားဝယ် ရုတ်တရက် ကားကထိုးရပ်သွားလေသည်။

တဂီးဂီး တဂတ်ဂတ် သံစုံမြည်အောင် သော့တံဖြင့် မော်တာကို မွှေယမ်းသော်လည်း စက်က နိုးမလာပေ။ ဖွတ်ချပ်ဖွတ်ချပ် ဒိန်းဒုံးသံစုံ မြည်ကာ ကားစက်မှာ နှိုးမရဘဲ အသက်ငင် ရပ်တန့်နေသည်။

"သောက်ဂွပဲ. . . ကားဘာဖြစ်တာလဲ မသိဘူး"

ကားဒရိုင်ဘာက မသက်မသာ ညည်းတွားပြီး ကားပေါ်မှ ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဟိုလျှောက်ကြည့် ဒီလျှောက်ကလိဖြင့် ကားပတ်ဝန်းကျင်ကို လိုက်လံအကဲစမ်းတော့သည်။ ကားပေါ်မှ စုတ်ချွန်းချွန်းလူငယ်ကလဲ လိုက်လံဆင်းလာပြီး လက်ထဲမှာ ပါလာသော ပုလင်းကို ကောက်မော့သည်။ မိန်းကလေးတစ်စု ဆင်းလာပြီး သဘာဝလေကို ရှူသည်၊ ပတ်ဝန်းကျင်ကို အကဲခတ်ကာ တောင်မြောက် လျှောက်ကြည့်နေသည်။

မြင်တွေ့ရသမျှ လယ်ကွင်းပြင် ရှုခင်းစိမ်းစိုတွေက မြို့သူတွေအဖို့ရာတော့ အထူးအဆန်းချည်း ဖြစ်လို့နေသည်။

"ကားဆရာကြီး. . . ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲတော့ မသိဘူးဗျာ၊ မော်တာ ကပ်တာလား ပင်နယံ ကြွေသလား တစ်ခုခုပဲ၊ တဟွတ်ဟွတ် တဟပ်ဟပ်နဲ့"

"ရှင့်ကားက တီဘီဖြစ်နေလားမှ မသိတာ၊ လျက်ဆား ဘာလေး တိုက်ကြည့်ဦး"

ပြောင်ပြောင်နောက်နောက်ပြောကာ ခြေညောင်းလက်ဆ လျှောက်ကြည့်သည်။ ကားဒရိုင်ဘာကြီးကတော့ ချွေးဒီးဒီးကျ အပြစ်ရှာမရဘဲ အကျပ်ရိုက်နေလေသည်။ ပတ်ဝန်းကျင် ဒြ့္သူစိ မြေ လမ်းခုလတ်မှာမှ စက်က ချို့ယွင်းသွားသည်။ မြို့ပြနဲ့လည်း ဝေးသဖြင့် အရေးပေါ် ပြင်ဆင်ရန် အခက်ကြုံလေပြီ။

အလှသွေးကြွနေသော မိန်းမပျိုလေးနှစ်ဦးက ခြေညော လက်ဆန့် လုပ်ရင်း တောင်တောင်အီအီ တွေးတော ပြောဆိုမိသည်။

"ဘာပဲဖြစ်ဖြစ် ငါကတော့ ဒီခရီးကို လိုက်ဖို့ အိမ်ကို အတို အခံ ပြောလာခဲ့ရတာ. . . အပီကဲမှာပဲ၊ မီးကုန်ယမ်းကုန်ကို ပျော် လိုက်မယ်"

"ပျော်ပါ တော်ရယ်၊ ရှင့်ဟာရှင် ပျော်ရုံမကလို့ ပျော့ပဲပျော့





လွတ်လပ်စိမ်းလန်းတဲ့ တောသဘာဝ လယ်ကွင်းထဲမှာ စိတ်ကြိုက်ပျော်ရွှင်ခွင့် ရှိတယ်"

ဘလောက်(စ်)အကျီအပါးလေးနှင့် မိန်းမပျိုကလေးရဲ့ ပြောစကားမှာ သင့်တင့်မှန်ကန်လို့ နေပြန်သည်။ မြို့ပြဝန်းကျင်မှာက မွန်းကျပ်သည်။ စောင့်ကြည့်နေသော ရပ်ကွက်အိမ်နီးနားချင်းတွေ အားတုံ့အားနာနေရတာနဲ့ ဘာပဲလုပ်လုပ် မလွတ်မလပ် ဖြစ်တတ်သည်။

"သူတို့ပြောတဲ့. . ဘာရယ်. . ခွေးကလေးအထိကို သွားစရာမလိုပါဘူး၊ ငါ့ဘော်ဒီထိန်းရအောင် ယောဂကျင့်စဉ်က ဒီမှာကျင့်လို့လဲ ရတာပဲ"

"အေးဟယ်. . . လေကောင်းလေသန့်လဲ ရတယ်၊ စပါးပင် လယ်ကွက်တွေ စိမ်းစိမ်းစိုစိုနဲ့ စိတ်ကိုလဲ ကြည်နူးနေတာပဲ"

ခေတ်မီလှပသော အလှသွေးကြွယ်သည့် မိန်းမချောလေး နှစ်ယောက်မှာ အလှအပ ကြိုက်သူများပီပီ အတိုင်အဖောက်ညီနေကြလေတော့သည်။

"မေရီ. . . ခဏစောင့်ဦးဟာ၊ ငါ ကားပေါ်က ကက်ဆက်သွားယူလိုက်ဦးမယ်၊ ဒီနေရာမှာ ဂျိမ်းဖောင်ဒါနည်းကို သုံးရမယ်၊ အေရိုးဗစ်လေ့ကျင့်ခန်းလေး အစမ်းဆင်းကြည့်လိုက်ဦးမယ်"

"ကောင်းတယ် နွယ်နီ. . . မြန်မြန်ယူခဲ့၊ ခွေးပိန်တောင်အထိ သွားနေစရာ မလိုဘူး၊ ဒီမှာတင် အဆင်ပြေတယ်"

"ဟဲ့. . . ဘယ်က ခွေးပိန်တောင်လဲ၊ ခွေးလေးတောင်ပါဟဲ့ နင်ကလဲ"

"အေး. . . ဟုတ်သားပဲ. . . အဟီး၊ ပိန်တာတွေ ခေတ်စားနေတာနဲ့ စိတ်စွဲသွားလို့"

ဝဝဖြိုးဖြိုး နုတ်ခမ်းနီရဲရဲ မိန်းမလှလေး ရှက်သွေးသွမ်း ရယ်မိလေသည်။ ဖြူဖြူနုနု မိန်းမလှလေးက ကားဆီသို့ ကသုတ်ကရက် ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ ဝဝဖြိုးဖြိုး မေရီဆိုသူ မိန်းမလှလေးက ယောဂကျင့်ရန် ခန္ဓာကိုယ်ကို အသင့်အနေအထား ပြင်ဆင်ကာ ထိုင်လိုက်သည်။ နှာခေါင်းတရှုံ့ရှုံ့လုပ်ကာ လေကို တဝကြီး ရှူသွင်းလေသည်။ ဟုတ်တော့ ဟုတ်နေပြီ။ တစ်ယောက်က အေရိုးဗစ်ဆိုလား ဘီရိုးဗစ်ဆိုလား ရှူးနေသူ၊ တစ်ယောက်က ယောဂကျင့်စဉ်ကို အရှူးအမူး ခုံမင်သူ။ ဘယ်သူက အဆီချပြီး ပိုမိုလှပနိုင်မလဲ။ အပြိုင်အဆိုင်ပင်။

နွယ်နီက ခါတ်ခဲသုံး (Sony)ကက်ဆက်ကလေးကို ဆွဲ၍ ကြွကြွရွရွ ကားပေါ်မှ ကသုတ်ကရက် ဆင်းလာသည်။ မေရီ အနားရောက်တော့ ကက်ဆက်ကို ကသောကမျော ချ၍ ခလုတ်နှိပ် ဖွင့်လိုက်သည်။ လှချင်ပချင်စိတ် မကုန်သော မိန်းမသားပီပီ လှဖို့ပဖို့အရေးနေ့တ်နောက်ကျလို့ မဖြစ်ပေ။ ကက်ဆက်မှာ အသင့်ထည့်ထားသော တိတ်ခွေမှ သီချင်းတီးလုံးသံက ကသောကမျော ထွက်လာသည်။

"ဒါ ဒါ ဒီ ဒါ့ ဒါ ဒါ× × × ဒါ ဒါ ဒီ ဒါ့ ဒါး ဒါ ဒါ×××ဖိုး××× ဖိုက် ဆစ် ဆဲ ဗင်း အိတ်ရှ်"

နူတ်မှ ဖွဖွရေရွတ်တေးမှတ်ကာ နွယ်နီဆိုသော မိန်းမချောလေး ကလိုက်သည်။ သွေးပူလာတော့မှ ပတ်ဝန်းကျင်ကို သတိထားမိလေဟန်ဖြင့် ရေရွတ်ပြောတော့သည်။

"ဟိုဘက်မှာ အိမ်တစ်လုံး ရှိတယ်ဟ. . . ဟီဟိ၊ ငါတို့ကို ချောင်းကြည့်နေရင် ရှက်စရာကြီး"

သူမ လက်ညှိုးညွှန်ပြရာသို့ မေရီက ကော့ကလန်ကား ခြေဆန့်ထုတ်နေရင်းမှ အမူအရာ မပျက်မယွင်းဘဲ လှမ်းကြည့်လေ၏။

"ဘာဖြစ်လဲ. . . ကြည့်ကြည့်ပေါ့၊ ဒါ ကျန်းမာရေးပဲ၊ အဆန်းလုပ်တာ မှတ်လို့"

"တောမှာ ဒါမျိုးမရှိတော့ အဆန်းပေါ့ဟဲ့"

"အဆန်းတွေ အထူးတွေ လုပ်မနေနဲ့၊ လွန်ရောကျွံရော ခန္ဓာ





ဗေဒကို မြင်ရမှ နှစ်ယောက်သုံးယောက်ပဲ၊ ဂျာနယ်ထဲတော့ မပါနိုင်ပါဘူး"

မေရီက အသက်ကို မျှင်းရှူရင်းမှ နှာခေါင်းတရှုံ့ရှုံ့ဖြင့် မျက်နှာနုနုလှလှလေး မဲ့ရွဲ့လာသည်။

"ဟဲ့. . . ငါ့နှာခေါင်းထဲ အနံ့တစ်မျိုး ရသလိုပဲ"

"အေး. . . ငါလဲ ပဲပုပ်လိုလို ချောကလက်လိုလို အနံ့များ ရနေသလားလို့"

နွယ်နီကလဲ အကအခုန်မပျက် နှာခေါင်းလိုက်ရှုံ့နေရင်းမှ မသဲမကွဲအနံ့ကို ဝေခွဲရခက်ဟန်ဖြင့် ရေရွတ်လေသည်။ လယ်ကွင်းမြက်ခင်းတွေမှာ ဘယ်ကဘယ်လိုလုပ်ပြီး ချောကလက်မှုတက် ပဲပုပ်ချဉ်ဖတ်နံ့တွေ ရနေတာပါလိမ့်။ တစ်ယောက်ကိုတစ်ယောက် ဝေခွဲရခက်စွာ မယုံသင်္ကာ မျက်ဝန်းများဖြင့် အပြန်အလှန် ကြည့်မိကြသည်။

"မေရီ. . . နင် အိမ်က ထွက်လာတုန်းက ရေမချိုးခဲ့ဘူး မဟုတ်လား ညည်းချွေးနံ့ပဲ ဖြစ်မယ်"

"ဘယ်ကလာဟယ်. . . ငါ အသေအချာ ရေချိုးခဲ့ပါတယ်၊ အရေးထဲ နင့်ကက်ဆက်ကြီး ပိတ်ထားစမ်းပါဟာ၊ ငါတောင် ယောင်ပြီး ထရိုက်မိလိမ့်မယ်"

ကားပေါ်မှ ဆင်းလာသော စုံတွဲက လက်ချင်း တွဲယှက်လျက် ကြည်နူးသာမောစွာ။

"ကိုရဲ. . . ဟိုမှာကြည့်စမ်း နွားတင်းကုပ်"

"အင်း. . . ဘာလဲ နွားတင်းကုပ်၊ အတင်းအုပ်မလို့လား. . . ဝဲကုပ်မလို့လား"

"မဟုတ်ပါဘူး. . . သန်းသွားတုပ်ရင် ကောင်းမလားလို့"

ရွှတ်တီးရွှတ်နောက် တီတီတာတာ ပြော၍ မိန်းမချောလေးက လူငယ်လေးပခုံးမှာ မှီနွဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို အတူတူ ခရီးထွက်လာရတာ ပျော်ရဲ့လား အချစ်က
လေး လဲ့ရည်"

"အင်း. . . ပျော်တာပေါ့၊ ကိုရဲကရော မပျော်ဘူးလား"

"ကိုပျော်တာ လဲ့ရည်ပျော်တာထက် ပိုမယ်"

"အပိုတွေ. . . လဲ့ရည်ကမှ ကိုရဲထက် ပိုပြီးပျော်တာ"

ကားဆရာက သူတို့စုံတွဲကို မကြည်မရီမျက်နှာဖြင့် ပေကပ်
ကပ် ကြည့်သည်။ သူတို့ ပျော်ဖို့မော်ဖို့ ကြည်နူးဖို့ပဲ သူ့ခမျာ ကားမောင်း
ပေးရသလို ဖြစ်နေမှကိုး။ ချွေးဒီးဒီးကျကာ စိတ်အိုက်နေရသည့်အထဲ
သူတို့က တမျှောင့်။

"ကိုရဲ. . . အဲ့ဒီနွားတင်းကုပ်ထဲက နွားပေါက်လေးတွေလား
ဖြူဖွေးဖွေးလေးလေ"

"အင်း. . . ဟုတ်ပါရဲ့၊ နွားခေါင်းလေးက လဲ့ရည်ခေါင်းလေး
အတိုင်းပဲနော် မျက်ပြူးလေး"

မမြင်ဘူးလို့ပြောရင် မျက်ကန်းဖြစ်သွားမှာပေ့။ ဒီတော့ မြင်
မက ရုပ်ပိုင်းဆိုင်ရာပါ ခွဲခြမ်းစိတ်ဖြာပြလိုက်သေးသည်။ ဒီတော့
မိန်းမပျိုလေးက လက်သီးဆုပ်ဖွဖွဖြင့် နုတ်ခမ်းစူကာ သူ့ခေါင်းကို ထု
တော့သည်။

"အဲ့ဒီနှုတ်ခမ်းစူထော်ထော်လေးကို ချစ်တာ"

"သွားပါ. . . လူကို တစ်မျိုးပြီးတစ်မျိုး ရုပ်ဆိုးအောင် လျှော
ပြောနေ၊ ကိုရဲ. . . အဲ့ဒီနွားလေး လိုချင်တယ် ဖမ်းပေး"

"ဟိုက်. . . သောက်ဂွပဲ"

ထိုကိစ္စက အနည်းဆုံးတော့ နွားကန်ခံရကိန်းဆိုက်ကာ အများ
ဆုံးကတော့ နွားမကြီး ဝှေ့ခံရမယ့်နက္ခတ်ပင်။ ရွှေသမင် ပူဆာတဲ့
မယ်သီတာကို တံလျှပ်ကို ရေထင်လို့ ရာမမင်းသား ချောက်ကျရလေ
ပြီ။ ယခု သူအဖြစ်လဲ ဖြူဖွေးပေါက်စန နွားမလေးကို ပူဆာတဲ့ ချစ်သူ





မိန်းမချောလေးအတွက် စွန့်စားခန်း ဝင်ရမယ့်ကိန်းပင်။

ဉာဏ်ကူကာ ကလိမ်ကျဖို့အရေး အသင့်ပါလာသော ဘေ
လွယ်အိတ်ထဲမှ စာအုပ်ကို ထုတ်၍ ဘောလ်ပင်နဲ့ ကောက်ဆွဲလိုက်
သည်။ နွားကလေးရဲ့ တဘဲဘဲနဲ့ အော်နေသော ဝမ်းဘဲအော်သံနှင့်
အာပြဲပြဲပါးစပ်ကို အမိအရ လက်တန်း ဆွဲလိုက်သည်။ မဆွဲတတ်
ဆွဲတတ်ဖြင့် ခနော်ခနဲ့ ပုံတူပညာကို အစွမ်းကုန်သုံးကာ နွားပုံရေးဆွဲ
ချလိုက်ပါသည်။

မိန်းမလှလေးက အမှိုအနွံ့မပျက် သူလုပ်ကိုင်နေတာကို နှုတ်
ပိတ်၍ အသာငြိမ်ကုပ်ကာ ကြည့်နေလေသည်။ နွားပုံမှာ နွား မပီသ။
နွားလိုလို ခွေးလိုလို ကြောင်လိုလို ခနော်ခနဲ့ ခြေယိုင်ထိုး၍ မပီမသ
နွားပုံကလေး။

"လဲ့ရည် အစုတ်ပလုပ်မလေးရေ"

မိန်းမလှလေးက ပြန်မထူး။ မကျေမလည်ဟန်ဖြင့် နှုတ်ပိတ်၍
နှုတ်ခမ်းစူထားဆဲပင်။

"ကို. . ရဲ. . လင်း ချစ်တဲ့ လဲ့ရည် အစုပ်ပလုပ်မလေးရေ"

"ဘာတုံး. . ."

အသံအက်ပြာပြာ အဆိုတော် တစ်သောင်း သံပြိုင်ရွတ်သည့်
နှယ် မကျေမချမ်း တုံ့ပြန်၍ ထူးလိုက်သည်။

"နပိုလီယံကို တွေ့ဖူးလား"

"မတွေ့ဖူးဘူး၊ ဘာလုပ်မှာလဲ. . နေဝင်သွားတဲ့ ဘုရင်ကြီးများ
မတွေ့ချင်ပါဘူး"

ဘုဂလန့်တိုက်ကာ ညစ်ကျယ်ကျယ်ဖြင့် သူမက အငေါ်တူး
လေသည်။ လူငယ်က မချိသွားဖြဲ ရယ်လိုက်ပြီး ပြုံးတုံးတုံးဖြင့် မပီတပီ
နွားကလေးကို လက်ထောက်ပြကာ ဆက်ပြောသည်။

"လဲ့ရည် ဂုဏ်ယူမယ်ဆို ယူလို့ရပြီ၊ ဘဝမှာ နပိုလီယံလို သူရဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနဲ့ တွေ့ခွင့်မရပေမယ့် သူနဲ့တော့ တွေ့ခွင့်ရသွားပြီလေ”

“ဘယ်သူလဲ . . ဘာလုပ်ရမှာလဲ . . မတွေ့ချင်ဘူး”

“နပိုလီယံတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် သူက နွားပိုလီယံလေ”

“အခွီး . . .”

လူငယ်၏ရွှတ်နောက်နောက် စကားကြောင့် မိန်းမလှလေး မတည်နိုင်တော့ပေ။ ချုပ်တည်းမရနိုင်တော့ဘဲ ရယ်မောမိတော့သည်။

ကောင်းကင်ပြာပြာအစပ်မှာ ဖျိုင်းတွေ အုပ်စုဖွဲ့ ပျံလာတာ လှမ်းတွေ့ရသည်။ ချစ်သူနှစ်ဦးရဲ့ ခွန်းချိုဖွဲ့နွဲ့ ရယ်မောသံတွေကလဲ သိုင်းဝိုင်းဖွဲ့နွဲ့ စည်းလုံးစွာ ပျံ့လွင့်နေပါသည်။ အားလုံးရဲ့အပျော်ခရီးမှာ အပျော်တွေကသာ ထပ်ပြီး စီးပိုးပြည့်လျှမ်းလို့နေလေသည်။ ပျော်ဖွယ် အတိနဲ့ ကမ္ဘာကြီးမှာ နေတတ်ရင် ပျော်စရာ။





# ဒုက္ခနှံ့ ဓလုတ်တိုက်မိခြင်း

ဒယီးဒယိုင် တောင်မြောက်ယိမ်းထိုးကာ ကပွလီနဲ့ရာညွှန့် ဆရာတပည့်နှစ်ယောက်တို့ ပြန်လာကြသည်။ ခေါင်ရည်နှစ်လုံးဖြင့် ဝမ်းတွင်းအာဟာရ သွေးသားဆာလောင်မှုကို အသာဖြေခဲ့သည်။ အားမလိုအားမရ ဖြစ်လာတော့ ဂျန်းဂဲနှစ်လုံး မော့ပြီး နေ့ခင်းကြောင်တောင် ဒေါင်ချာဆိုင်းအောင် မူးလာခဲ့ကြသည်။ မူးမယ်ဆိုလဲ မူးချင်လောက် အောင် မိုးက အုံ့ဆိုင်းလို့နေမှကိုး။ မိုးရေစက်တို့ ဆွတ်ဖြန်းပြီးစ ဖုန်သိပ် နေသောလမ်းအတိုင်း သူတို့နှစ်ယောက် ကမူးရှူးထိုး လျှောက်လာကြ သည်။

“အာစိ . . . ဒါက ဘာကြီးလဲဗျ၊ မြွေနှစ်ကောင် အပြေးပြိုင် ထားသလား အတွန့်အတက်တွေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ခွီးမှပဲ. . . နင့်အမေလင် မြွေနှစ်ကောင်က ဒီလိုယှဉ်ပြီး အပြေးပြိုင်မှာလား၊ ဒါ ဗွီဒီယိုထဲက ဟယ်လီကော်ပတာကို ကြိုးနဲ့ ဆွဲသွားလို့ စွပ်ကြောင်းထင်နေခဲ့တာ ဖြစ်မှာပေါ့"

ဆရာတပည့်နှစ်ယောက် ရွှေညာဏ်တော် စူးရောက်ပြီး ခန့်မှန်း လိုက်ပုံက ဤသို့ တလွဲဆံပင်ကောင်းလှသည်။ နမော်နမဲ့ လျှောက်လာ ရင်းမှပင် ဘွားခနဲဆိုသလို ဖြူဖြူလုံးလုံး ကားကြီး ရပ်ထားတာကို တွေ့လိုက်ရမှ အံ့ဩဘနန်း ထခုန်ကာ ရေရွတ်တော့သည်။

"ဟဲ့. . . ပလုပ်တုတ်ဘိန်းမုန့်. . . မော်တော်ကားဟ"

"ဟုတ်ပါရဲ့. . . ဒါကို ဘာလို့ မတွေ့မိပါလိမ့်"

ရပ်နေသော ပေါင်မုန့်ကားကြီးအနား ရောက်သွားကာ အထူး အဆန်းဖြင့် တရိုတသေ ကြည့်ကြလေသည်။ ရွာမှာက ကားနဲ့ တူတာ ဆိုလို့ ထွေလာဂျီပဲ ရှိတာလေ။ ဘယ့်နှယ့်. . ကားကြီးက မျက်စေ့လည် ပြီး သူ့အိမ်အနား ရောက်နေတာဆိုတော့ ဝမ်းသာအယ်လဲ စပ်စုတာပဲ ပေါ့။ ရာညွန့်က မူးမူးနှင့်ကားနောက် ပိုင်းအောက်ခြေကို ငုံ့ကြည့်လေ သည်။

"ဟဲ့အကောင် ရာညွန့်၊ မင်း ဘာသိလို့များ ငုံ့ကြည့်ရတာလဲ၊ မတော် နောက်လိမ့်လာလို့ ခေါင်းပြားကိုယ်ကျေ ဖြစ်နေဦးမယ်"

"မဖြစ်ပါဘူး အာစိရဲ့၊ နဖားကြိုး ဆွဲထားတာနေမှာ၊ တုပ်တုပ်မျှ မလုပ်ဘဲ ငြိမ်နေတာရယ်၊ ဒီကောင်ကြီး အထီးလား အမလားဆိုတာ ကြည့်တာပါဗျ"

"အေး. . . ဘာကောင်လဲ၊ ကားထီးလား ကားမ,လား"

"ကားထီးဖြစ်ပုံရတယ် အာစိ၊ တော်တော်ရှည်တယ်ဗျ၊ ဒီမှာ တွေ့လား"

"ဟေ. . အေး. . ဟုတ်သားဟ၊ မင်းဘယ်ဆိုးလို့လဲ"

ရာညွန့် ညွှန်ပြရာ အိတ်ဇောပိုက်ကို လိုက်ငုံ့ကြည့်ပြီး ကပွလီ





ကလဲ အားတက်သရော ပြောလိုက်တော့သည်။ ဆူညံပူညံ ကွက်စိ ကွက်စိဖြင့် ဆရာတပည့်နှစ်ယောက် တသသ ကြည့်ရင်း ကားဘေးကို လက်ဖြင့် ထိကပ် ပွတ်သပ်ကာ ဆက်လျှောက်ကြသည်။ သူတို့နှစ် ယောက်ရဲ့ကွိစိကွစိ ထွေရာလေးပါး စကားသံကြောင့် ဟိုဒီ ကလိကာ နှိုက်ချွတ်နေသော ကားဒရိုင်ဘာ အသံလာရာသို့ စူးစမ်းငေးကြည့်ကာ လျှောက်လာသည်။ ပက်ပင်းတိုးတော့ ကြောင်အမ်းအမ်းဖြင့် အကြည့် ချင်း ဆုံလေသည်။ မမြင်ဖူး၍ အထူးအဆန်း အံ့ဩကြည့်သူနှစ်ယောက် နှင့် အားကိုးအားထား ရလိုရငြား မချင့်မရဲ ပြုံးသူတို့ အိုးတိုးအမ်းတမ်း ဖြစ်ကာ စကားအစရှာရ ခက်ဆဲ. . .

"နောင်ကြီးက ဒီကား မောင်းလာတဲ့လူလား"

"ဟုတ်တယ်ဗျာ. . . ကျွန်တော် ကားမောင်းလာတဲ့လူ"

"ဟာ. . ဟော့လူ. . ဇက်ကြိုးဆွဲထားလေဗျာ၊ ခင်ဗျားတို့ကား တွေ ဒုန်းစိုင်းပြေးတာဆိုဗျ"

ရာညွန့်အပြောကြောင့် ကားဆရာ ရယ်ကျဲကျဲ ဖြစ်သွားရ သည်။ သူ့အတွက်တော့ မျှော်လင့်ချက်မဲ့ပြီ။ ကားဆိုလို့ နကန်းတစ် လုံးမှ နားမလည်သူတွေနဲ့မှ လာတွေ့ရလေပြီ။

"ရပါတယ်ဗျ. . . ကျုပ်ကားက စိတ်ချရပါတယ်"

"အော်. . . မိုက်သယ်ဟေ့၊ အမေကျင့်ကို ပူဆာဦးမှ၊ လှည်း တွေကျွဲတွေ မစီးတော့ဘူး၊ မော်တော်ကားပဲ စီးရမယ်"

"ဟုတ်ကဲ့. . . စိတ်ချရလောက်အောင်ကို ကျုပ်ရဲ့ ကားက စက်ပျက်နေတာဗျ"

"ဗျာ. . . ဇက်ပျက်တယ် ဟုတ်လား၊ ဘယ်လိုဇက်ပျက်တာလဲ၊ သူ့ဇက်ကို ဘယ်သူက ခုတ်သွားလို့လဲ"

"ဩော်. . . မဟုတ်ဘူးလေ၊ စက်ပျက်တာဗျာ၊ ဟို. . ဘယ်လို ပြောမလဲ၊ ခင်ဗျားတို့ လှည်းဝန်ရိုး၊တံပိုး ကျိုး၊ ဘီးကျွတ်သလိုမျိုး ပျက်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"အော်. . . ဒီလိုလား၊ ခက်ပါ့ ငါ့လူရာ၊ ကျုပ်တို့ကလဲ ဘာမှ နားမလည်ဘူး၊ ဘယ်လိုကူညီရမလဲ"

တဖက်လူ ကားဆရာမှာလဲ မျက်နှာကလေး ဖီးရှက်လောက် ယ်ကာ အကျပ်ရိုက်နေပုံ ပေါက်နေလေပြီ။

"အခက်ပဲဗျ. . . ကျွန်တော်ကလဲ ဘယ်နေရာက ချို့ယွင်းမှန်း မသိဘူး၊ အင်ဂျင်အောက်မှာတော့ အင်ဂျင်ဝိုင်ယိုနေတာ တွေ့တာပဲ နားလည်တဲ့ ဝပ်ရှော့ဆရာ ခေါ်ပြမှ သိမှာ၊ ကျွန်တော်က အမောင်း ကျွမ်းကျင်ပေမယ့် အပြင်ကျတော့ အပေါ်ယံလောက်ပဲ နားလည်တာ"

"အော်. . . ဒီလိုလား၊ ကျုပ်တို့နွားနှစ်ကောင်နဲ့ ဒီကားကို ဆွဲပြီးပို့ရင် မကောင်းဘူးလား အာစိ"

"ဟယ်. . . ငရာညွန့်ရယ်၊ နင့်ဦးနှောက်က တယ်တော်ပါလား ထမီကွင်းလုံးနဲ့ခေါင်းနဲ့ ကွက်တိတော်လိုက်တာ၊ နွားတွေကို မညှာမတာ ဒီဟာကြီး ဆွဲခိုင်းရမှာလား၊ နင့်ကို တံပိုးတပ်ပြီးပဲ ဆွဲရမှာ နွဲ့သုတ်ထား မယ့်ခေါင်းရဲ့၊ ရွှေချရမှာ သနလို့"

"အဟီး. . . အာစိကလဲ၊ စေတနာနဲ့ အကြံပေးတာကို"

"ဒီလိုလုပ်ဗျာ. . . ကျုပ်အိမ်မှာ မောင်တိန်းစက်ဘီး ရှိတယ် ခင်ဗျားကို အဲ့သဟာ ငှားလိုက်မယ်၊ ခင်ဗျား မြိုင်သာလမ်းဆုံကို ပြန် လိုက်၊ အဲ့ဒီမှာတော့ ခင်ဗျားပြောတဲ့ ဝပ်ရှော့ဆိုလား ကြက်ရှော့ဆိုလား ကားကို ကုတဲ့ဆရာဝန်တွေ ရှိတယ်"

"ဟုတ်တယ်ဗျ. . . အဝေးပြေးဟီးနိုးတွေ အဲ့ဒီမှာ ရပ်ပြီး ပြင် နေတာ. . တွေ့ခဲ့တယ်"

ကားဆရာ အသက်ရှူချောင်သွားသလို မျက်နှာဝင်းလက်က စိတ်သက်သာရာ ရသွားသည်။

"ဟန်ကျသဗျာ. . . ဒီက အစ်ကိုကြီးကျေးဇူးကို မမေ့ပါဘူး





အခုတော့ ဒီလိုပဲ လုပ်ရမှာပေါ့၊ ဒီနည်းက အကောင်းဆုံးပဲဖြစ်နေမှာကို"

ဝမ်းသာအယ်လဲ မျက်နှာချိုသွေးကာ အစွမ်းကုန် ပြုံးရင်း ပြောလေသည်။ ဒီလယ်တဲ ဧရိယာတစ်ဝိုက်မှာ ဖြစ်တာပျက်တာ ဆို တော့လဲ ကပ္ပလီအဖို့ ကူညီရိုင်းပင်းဖို့ရာ အိမ်ရှင်တာဝန်ဝတ္တရား ရှိလေ သည် မဟုတ်လား။ မြို့ပြဧည့်သည်ကို တောသားတွေက ကျေလည် အောင် ဝတ်ကျေပြဖို့ ဆန္ဒအာသီသ အပြည့်ရှိကြပါသည်။

"ဒါနဲ့ ခင်ဗျားက မဆီမဆိုင် ဒီလမ်းကို ဘာစိတ်ကူးပေါက်ပြီး မောင်းလာတာလဲ၊ ဒါ လှည်းလမ်းဗျ"

"ဟောဗျာ. . . ကျွန်တော်တို့က ခွေးလေးတောင် သွားမလို့ မောင်းလာတာလေဗျာ"

"ဟွင်း. . . ဒါဆိုလဲ ခင်ဗျားလမ်းလွဲလာပြီ၊ ရွာထဲလမ်းက ဟိုဘက်မှာဗျ၊ ခင်ဗျားကို ဒီလမ်းက သွားရတယ်လို့ ဘယ်သူ လမ်းညွှန် လိုက်သလဲ"

"အဲ. . ဟို. . အစောက ပေါက်ပြားထမ်းလာတဲ့ လယ်သမား တစ်ယောက် ညွှန်ချက်ထုတ်လိုက်တာပဲ"

"ဟောဗျာ. . . ခင်ဗျားနှယ်၊ မြို့သားဖြစ်ပြီး အ,ရန်ကော"

ကားဆရာ ရှက်ဖြီးဖြီးဖြင့် ရယ်ကျဲကျဲ ပြုံးလိုက်သည်။ ကပ္ပလီ က သူ့နဖူးသူပင် ဟန်ပါပါ ပက်ခနဲ မြည်အောင် ပြန်ရိုက်မိသည်။ တောသားမြို့ရောက်မှ အ,တာ မဟုတ်ပါဘူး၊ မြို့သား တောရောက်ရင် လဲ လှောင်ချင်စရာ တလှေကြီး ကောင်းလောက်အောင် အ,တော့တာ ပါပဲ။

"ခွေးလေးတောင်လမ်းက ကျော်လာပြီ၊ ခင်ဗျားတို့ ရွာထိပ်မှာ တစ်မိုင်လောက်ကို လွန်လာခဲ့ပြီ၊ အဲ့ဒီက သွားရမှာ၊ ဒီဘက်က ဘာမှမရှိ ဘူး၊ ရှေ့မှာ တောင်ကျချောင်းနဲ့ ဟိုဘက်က အင်းတွေ လယ်တွေပဲ ရှိတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဟုတ်လား၊ မသိပါဘူးဗျာ"

"ကားစက်ပျက်တာ ကျေးဇူးတင် နောင်ကြီးရေ၊ အဲ့ဒီချောင်းက ထွေလာဂျီ ခဏခဏ ရေဆင်းသောက်တာရယ်၊ ခင်ဗျားကားကလဲ ရေဆာတယ် ထင်သပ"

"ကိုင်း. . . ကြာပါတယ်ဗျာ၊ ညနေစောင်းသွားရင် မကောင်း ဘူး၊ ရာညွှန့်. . . ငါ့ဘီးသွားထုတ်ပေးချေ၊ ခင်ဗျား လမ်းဆုံသာ သွား လိုက်ပါဗျာ၊ ကျုပ်တို့ ထွေလာတွေလည်း လမ်းဆုံက ကားဆရာဝန်နဲ့ သွားပြနေကျ"

ရာညွှန့် ခေါင်းညိတ်ပြီး သွက်လက်ချက်ချာစွာ ထွက်သွား၏

၅ ၅ ၅ ၅

မော်ဖြိုးတစ်ယောက် ပဲကြီးတွေ ဝါးကောင်းကောင်းနဲ့ လို ပိန့် ဝါးထားသမျှ တန်ခိုးပြလာသည်။ ဗိုက်ပြဿနာပေါ့။ စားတုန်း ချိုချိုဆိမ့်ဆိမ့် အဝင်ကောင်းတဲ့အထဲမှာ အနှိုပဲကြီးလဲ ပါလေ ဟော. . . ဗိုက်ထဲရောက်တော့ ကာလနာ ပဲကြီးက အငြိမ်မနေ။ ဗို ကိုရစ်၍ ထိုးကာ အောင့်နာလာစေသည်။ အဝမှာ ပြုတစ်ပြုတစ် ပြ သော ခံစားမှုအသိကို နှိုးဆော်သည်။ အလုပ်တစ်ဖက်နဲ့ မအားလ





သဖြင့် အတန်တန် ချုပ်တီးနေရသည့်ကြားကပဲ ရစ်၍နာကာ မလုံမလဲ ဖြစ်လာစေသည်။ ချွေးစို့ပြန်ကာ မအီမလည် ဖြစ်စေလောက်သော စွမ်းပကား ရှိလေသည်။

ဒါနဲ့ပဲ နီးရာ မြက်ကြမ်းတောထဲ ဝင်ရောက်ခိုလှုံပြီး လွယ်လွင့် တကူ တောထိုင်ကာ ရှင်းလင်းရသည်။ အိမ်သာထိ ပြေးလောက် အောင်ပင် အစာဟောင်းက အချိန်အလုံအလောက်မပေး။ အရစ်အ နာ သက်သာဖို့အရေး အဆင်တပြေ မြက်ခါးတောထဲဝင်ပြီး ကိစ္စ အပြတ်ရှင်းရမည်။ ကိုယ့်ဇောနဲ့ကိုယ် အပြေးနှင်ကာ တောထိုင်မိသော ဇော်ကြီး ပျိုပျိုမေ မိန်းမလှတွေရဲ့အသံလွင်လွင် ကြားလေမှ ဘေးဘီ သတိထားကြည့်မိသည်။ ခပ်လှမ်းလှမ်းမှာ ကားတစီး ရပ်နေပြီး လူနှစ် ယောက်သုံးယောက် ပြုံးစစ ပြီတီတီ စကားပြောရင်း ခြေညောင်းလက် ဆန့် ပြုနေကြသည်။

ဇက်ကို အသာပုပြီး အကြည့်တွေကို ရုပ်သိမ်းကာမှ သူ့မြက်ခါး ချုံပုတ်အနားမှာ မိန်းမချောလေးတစ်ယောက် ခြေထောက် ကွေးကလိန် ကောက် ကော့ကလန်ကား လုပ်နေတာကို တွေ့ရသည်။ အံ့ဩဘနန်း ဖြင့် ခေါင်းကြီးသွားရသည်။

"လား. . လား. . ဘောင်းဘီအရောင်မို့လို့ပဲ၊ အသားရောင်ဆို ဘာမှမပါတဲ့အတိုင်း ဖြစ်နေတော့မှာ" ဟု စိတ်ထဲမှ ရေရွတ်မိလေသည်။ ထိုမိန်းမလှအနားသို့ နောက်ထပ် မိန်းမချော ခပ်ငယ်ငယ် ပျံတံတံ ကလေးက ကက်ဆက်အမဲတစ်လုံး ဆွဲ၍ အပြေးတစ်ဝက်ဖြင့် လျှောက် လာသည်။ ကက်ဆက်ကို ဖွင့်သည်။ ဒိုးဒိုးဒန့်ဒန့်တွေ ရှိတ်လေသည်။ ကြည့်ကောင်းလိုက်ပါဘိ။ ဗွီဒီယိုရုံမှာ(၁၀၀)ပေးပြီး သွားကြည့်စရာ မလိုဘူး။ အရှင်လတ်လတ်ကို မြင်နေရတာ။ မြင်ရက်ကြုံတော့ မျက်စိ အားကောင်းပြီး ဇီးကွက်လိုပြူးကျယ်လာတော့တာပဲ။

မော်ဖြိုး သူ့ရဲ့လာရင်းကိစ္စ ပြီးနေပြီ။ အပြတ်ဖြတ်ပြီး နေပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဇက်ပုထားတာကို ဆန့်ပြီး ခေါင်းမဖော်ရဲ။ သူ တောထိုင်နေတာကို မြို့သူ မော်ဒယ်ဂဲလ်လေးတွေ မြင်သွားမှ အရှက်ကွဲပေမည်။ ထိုင်လက်စနဲ့ ခေါင်းမဖော်ဝံ့ဘဲ ဆောင့်ကြောင့် ကားယားခွထိုင်နေမိသည်။ တစ်နည်းအားဖြင့် တစ်ယောက်တစ်မျိုးစီ အလှပြိုင်နေကြသော မိန်းမလှလေးနှစ်ယောက်၏ အသွင်အပြင်ကို. . . ယထာဘူတကျကျ ကြည့်ကောင်းကောင်းနဲ့သာ ကြည့်နေမိလေတော့သည်။



ခိုးကြောင်ခိုးဝှက်ဖြင့် အတန်ကြာအောင် ကြည့်နေမိသည်မှာ ပိပိရိရိပင်။ မဖုံးနိုင်မဖိနိုင်ဖြစ်ရသော အညစ်အကြေးတို့၏ ရနံ့က





တလွင်လွင် ဝဲပျံ့၍ အနံ့ခံကောင်းသော မိန်းမလှလေးတွေကို ခြေရာခံမိစေလေသည်။ အမြီးမပါဘဲ အနံ့ခံကောင်းတာ အံ့ပါရဲ့။ နှာခေါင်းတရှုံ့ရှုံ့ ပွစိပွစိလုပ်ကာ ရေရွတ်ညည်းတွားရင်း သူ့ချုပုတ် သန့်စင်ခန်းဗိမာန်လေးအနား မရှိ့မရဲ ချဉ်းကပ်လာသည်။ တရွေ့ရွေ့နီးကပ်လာရင်း ရှုံ့တွကာရေရွတ်သံအား အတိုင်သားကြားရလေတော့၏။

"ဟဲ့ ငါ့နှာခေါင်းထဲ အနံ့ရနေတာသေချာတယ် ပဲပုပ်နံ့ကြီးဟဲ့ ဘယ်သူ မီးဖုတ်နေတာလဲ"

အခြေအနေက ဘယ်လိုမှ မလှုပ်သာမလူးသာတော့ပေ။ သူနဲ့လက်တစ်ကမ်း၊ ရှေ့ဆက်တိုးလာရင် ဆောင့်ကြောင့်ထိုင်နေတာပက်ပင်းတိုးရချေတော့မည်။ မလွှဲသာတော့သဖြင့် ရှေ့မျက်နှာ နောက်ထားကာ ထပြေးရတော့သည်။

"ဖရူး ဖတ် ဖတ် ဖတ် ဖတ်"

"ဟောတော်. . . လူ. . လူ. . လူ"

"ဟုတ်တယ် လူ. . လူ. . နှာဘူး၊ ချောင်းကြည့်နေတယ်"

ဖနောင့်နဲ့တင်ပါး တသားတည်း ကျအောင် ပြေးသူနောက် ဒေါသတကြီး ရေရွတ်ကာ အမောတကော လိုက်ကာမှပင် ဖိနပ်ကပျော့စိစိအရာကို နင်းမိ၏။

"ဗြို. . ."

"ဟွင်း. . . ဝေါ့. . . ထွီး. . ."

"အယုတ်တမာကြီး. . . ပေကုန်ပြီ"

ကိုယ့်ဒေါသနဲ့ မချိတင်ကဲ ပစ်တင်ရေရွတ်ကာ မိန်းမလှလေးဆွေ့ဆွေ့ခုန် ကျန်ရစ်သည်။ နှစ်ယောက်သား ချုပုတ်နှင့် ဝေးရာသို့ရှုံ့ရှာစွာ ဆုတ်ခွာသွားကြသည်။ တစ်ယောက်သော မိန်းမလှလေးဖိနပ်နဲ့မိတ်ဆက်နင်းမိသူကတော့ မြေဇာမြက်တွေပေါ် လမ်းတစ်လျှောက်လုံးခြေတရွတ်ဆွဲသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖြစ်ကို အဝေးမှ လည်ပြန်ငေးကြည့်ကာ မော်ဖြိုး ရယ်ချင်မိသွားသည်။

ဒါက တောသဘာဝလေ။

အားတုံ့အားနာဖြင့် ခေါင်းကုတ်ကာ ပြန်လာခဲ့တော့ အလုပ်ထဲပင် စိတ်မရောက်တော့။







# အဆောက်အအုံကစားသန်သော လေပြည်နှင့်အတွေ့

အဝေးကို ဆွေးဆွေးလေးငေးကာ အတွေးများနှင့် လွင့်မျောနေသော ခင်လတ်အနားသို့ သုတ်သီးသုတ်ပျာ မအီမသာ မျက်နှာရှုံ့တွတွများဖြင့် စပ်စလူး မျှော့မလေးတွေလို သူမတို့ ရောက်လာကြသည်။ စကတည်းက ခင်လတ်ပဲ အေးပါတယ်။

"ကျွန်မတို့ ဟိုဘက်နား သွားမိတာ သူများဖင်စကို ရှုပြီး ပြန်လာခဲ့ရတယ်"

"ဟုတ်ပ့ါ မလတ်ရယ်၊ ကျွန်မဆို အဟီး. . နင်းတောင် နင်းနီးကီးမိသေးတယ်"

ပြောင်စပ်စပ် ရှက်ရဲရဲ နီးမြန်းသော မျက်နှာလေးများဖြင့် တွန့်လိမ်ကွေးကောက်နေသော သူတို့ပုံစံကို ကြည့်ကာ ခင်လတ်က မဲ့ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်စွန်းတစ်စဖြင့် မထိတရိ ပြုံးလေသည်။

"ရှင်တို့က ဘာတွေသွားပြီး စပ်စုမိကြလို့လဲ၊ ဒါမှမဟုတ် စပ်ဆော့ခဲ့ကြတာလဲ သူများ နယ်ကိုအော"

"ကျွန်မတို့က လွတ်လပ်စွာ ကျန်းမာရေး လိုက်စားတာပါ၊ ဒါကိုပဲ ချုံကွယ်က အခွင့်ကောင်းယူပြီး ဟိုဒင်း နောက်ဖေးထိုင်တဲ့လူနဲ့မှ ပက်ပင်းတိုးခဲ့တာ"

"ဖြစ်ရလေ မေရီနဲ့ နွယ်နီရယ် ညည်းတို့ကလဲ သူ့ခမျာလဲ ချုပ်တီးမရတဲ့ ကျန်းမာရေးကို လိုက်စားတာနေမှာပေါ့၊ အန္တရာယ်ကို လွယ်မထားနဲ့ ဆိုတာမျိုးလေ"

ဒီကို သူမက စိတ်ပြေလက်ပျောက် အပန်းဖြေရန် လိုက်လာခဲ့ခြင်း ဖြစ်သည်။ အလွဲအချော်တွေများခဲ့ပေါင်း မနည်းသော သူမအတွက် စိတ်ဒဏ်ရာတွေ ကုသဖို့ရာ ဒီလိုခရီးလေး ထွက်လာခြင်းကသာ ဖြေဆေးတစ်မျိုး ဖြစ်ပေလိမ့်မည်။ ဒါကြောင့်လည်း မဆီမဆိုင်မောင်ဖြစ်သူ၏သူငယ်ချင်း ကျောင်းသားတစ်စုနဲ့ အုတ်ရောရောကျောက်ရောရော လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

"ရှင်တို့က ခြေရှည်တာကိုး၊ ဒီနားမှာတင် အပန်းဖြေလဲ ရတာပဲဟာကိုး"

"အောင်မယ်. . . မခင်လတ်ကြီးကလည်း ရှင့်လိုတော့ တိမ်တွေ၊ ကောင်းကင်ကြီးတွေ၊ တောတန်းတွေကို ငေးပြီးဆွေးမနေနိုင်ပါဘူး။ ပိုပြီး လွတ်လပ်စိမ်းလန်းမယ် ထင်တဲ့နေရာကို ကျွန်မတို့က ခြေရှည်မိတာပေါ့"

မေရီက ဆင်ခြေဆင်လက် ထူပြောစွာ ငြင်းဆိုရှင်းချက်ထုတ်သေး၏။ ကိုယ့်တွက်ကိန်းနဲ့ ကိုယ်ကတော့ ဟုတ်ပေမပေါ့။ ခင်လတ်ရဲ့မောင် ငရဲလင်းကတော့ ချစ်သူကြင်သူ လက်တစ်ဖက်ကို အညောင်းအညာ အကိုက်အခဲခံပြီး မလွှတ်တမ်း ဆုပ်ကိုင်ရင်း ကျေနပ်ငေးမော





လို့။

သူတို့ချစ်သူ စုံတွဲကို မြင်ရတာ စိတ်ချမ်းသာအားကျစေသည်။ ကြည်နူးပီတိလည်းပွားမိသေး၏။ ခင်လတ်အဖို့တော့ ကိုယ့်လို သင်းကွဲအဖော်မဲ့ဖြစ်မနေသူများကို ကိုယ်ချင်းစာ နားလည်ပြီး မုဒိတာပွားမိသည်။ ငှက်ကျေးမောင်နှံတူယှဉ်ပျံနေတာကိုပဲ မြင်ရရင်လဲ စိတ်ချမ်းသာသည်။ သူမက အဆွေးခါတ်ခံအပြည့်နဲ့ ခရီးသွားတစ်ယောက်ဖြစ်လို့ နေမိသည်။ ကိုယ့် အဖြစ်ကိုယ် တွေးမိရင်း မလုံမလဲဖြစ်ကာ သက်ပြင်းမော ချမိလေသည်။

"ကဲ မလတ် စိတ်ရှုပ်စရာတွေခေါင်းထဲက ထုတ်ပစ်လိုက် ကျွန်မတို့နဲ့အတူ ရှင်လဲ တစ်ပွဲတစ်လမ်းလောက် လိုက်ကပါလား"

"အို. . သူကတည်တည်ငြိမ်ငြိမ်သမား ယောဂပဲကျင့်မှာပေါ့ အေးဆေးသက်သာတယ် ဟုတ်တယ်မို့လား"

အရေးထဲ ယောဂသမားနဲ့ အေရိုးဗစ်ကြား ဆားညှပ်နေရပြန်သေးသည်။ ကျွဲနှစ်ကောင်ကြားက မြေဇာပင်ဖြစ်လို့နေလေတော့ မခိုသွားဖြုရယ်ကာ အားပေးစကားဖြင့် ရှောင်လွှဲရသည်။

"ရှင်တို့ပဲ ကကြ၊ ကျင့်ကြပါအော့၊ ကျွန်မအားပေးမယ်၊ အဲ ကျွန်မ ရင်ဖွင့်စရာရှိလာမှ နားဒုက္ခခံပေးကြ မျှဝေခံစားပေးကြပေါ့နော်"

ဤသို့ဖြင့် ချိုးညီအောင် အညီအမျှအချိုးချရပါသည်။ တစ်ဖက်ဖက်ကို အလေးသားသွားတာနှင့် ပွဲစဉ်က ကြည့်လို့မကောင်းတဲ့ပွဲ ဖြစ်သွားနိုင်သည်။

သူမအသက်အရွယ် အတွေ့အကြုံအရလဲ အလှအပ အဆောင်အယောင်ဆိုတာတွေက အရေးတကြီးသိပ်မလိုအပ်တော့ပေ။ အဓိကကျသော စိတ်အလှကို ဆင်မြန်းနိုင်ဖို့သာ ရှေ့ရှုမိနေပြီ။ လှပသပ်ရပ်သော ဘဝအဖြစ် နေသွားတကျ ရှင်သန်သွားဖို့ကိုသာ ဆန္ဒပြင်းပြမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကိုယ့်အရှိန်နဲ့ကိုယ် အတော်ကြီးခရီးရောက်လို့ ဟုတ်နေကာမှ ရုတ်တရက် အရှိန်တန့်မည့် အကြောင်းခြင်းရာက ပေါ်လာလေသည်။

"ဟာ. . . ကော်တာပဲ၊ ဒီကနေ့ အိမ်နားမှာ ကားတစ်စီး ရောက်နေရုံ မကဘူး၊ ကိုရီးယားမင်းသမီးတွေပါ ရောက်လာကြတယ်၊ ကံထူးပြီးရင်း ထူးရောပဲ ဟာရို့"

မဲမဲပြာပြာ ဝဝဖိုင့်ဖိုင့် ကပ္ပလီ၏ ဘွင်းဘွင်းရှင်းရှင်း ကြုံးဝါးသံကြောင့် အရှိန်သေကာ ရပ်တန့် လည်ပြန်ကြည့်ကြသည်။ မျက်နှာလေးတွေက ဂျစ်တီးဂျစ်ကပ် စူပုပ်ပုပ်ကလေးတွေနှင့် အသည်းယားစဖွယ်ကောင်းလေစွ။

"လုပ်ပါ. . . ကကြပါ မင်းသမီးတို့ရယ်၊ ကျုပ်ကို အားမနာနဲ့ ကိုယ့်အလုပ်ကိုယ်လုပ်. . . ဆက်ကကြပါ၊ အဲ. . . ကျုပ်က ကိုရီးယား စကားတော့ မပြောတတ်ဘူး"

ပြုံးဖြီးဖြီး အူလည်လည်နဲ့ မရှင်းမလင်း ပြောနေပုံကိုက မချို မချဉ်ရုပ် ပေါက်လေသည်။ တောသားရိုးရှင်းတာနဲ့ သူတို့ ပွင့်လင်းမှုကတော့ အဆီအငေါ်မတည့် ထော်လော်ကန့်လန့် ဖြစ်ရချေပြီ။

"ကျုပ်က ခင်ဗျားတို့ကို ရွာဦးကျောင်းမှာပြတဲ့ တီဗွီထဲကပဲ မြင်ဖူးတာဗျ၊ အခုလိုအပြင်မှာတွေ့ရဖို့ဆိုတာ အိပ်မက်တောင် မမက်ဖူးဘူး"

ဝမ်းသာအယ်လဲ ဝက်မဲကြီး သွားဖြဲသလို တလုံးတဝ ပျော်ရွှင်စွာ ပြောနေတော့လေသည်။

"ဒီမှာ. . . ရှင်ကြည့်နေရင် သူတို့ ဘယ်လိုလုပ်ပြီး ဆက်ကရဲတော့မလဲ၊ သူတို့ ရှက်တာပေါ့"

"အာ. . . ဟုတ်သားပဲ တောင်းပန်ပါတယ်ဗျာ၊ ကျုပ်သတိလွတ်သွားတယ်. . . ကန်တော့ဗျာ၊ မမြင်ဖူးတော့ ထူးဆန်းလို့ အံ့သြပြီး ကြည့်မိတာ"

အားတုံ့အားနာ လက်အုပ်ချီ တောင်းပန်လို့ မိန်းမလှလေးတွေ တောင်ပြေးရမလို မြောက်ပြေးရမလို ဖြစ်ကြရပြန်သည်။ လှည့်ထွက်ရန် ရှောင်ဟန်ပြုပြီးကာမှ နားဝေတိမ်တောင် မျက်နှာပေးဖြင့် မဲမဲသဲသဲ ဝတုတ့်မဲကြီးက ပြန်လှည့်ကာ ကြည့်သေးသည်။

"နို့ ခင်ဗျားက ကျုပ်တို့စကားကိုတတ်တယ်ဟုတ်စ အံ့ပါရဲ့ဗျာ၊ ကျုပ်တောင် ခင်ဗျားတို့စကားကို မပြောတတ်ဘူးရယ်"

"ကျွန်မက ထမင်းစားရေသောက်လောက်ပါ၊ ရှင်ပြောတာ နားလည်ရုံလောက်ပဲ ဒီလိုလျှောက်လည်တော့ လိုအပ်မယ်ထင်လို့ နည်းနည်းသင်ထားတာ"

"ဟောဗျာ ခင်ဗျား သိပ်တော်တာပဲ အံ့တယ်"

မှင်မောင်းကောင်းကောင်းနဲ့ ခပ်တည်တည် ဖြီးဖြန်းလိုက်သည်။ ကပ္ပလီက အဟုတ်တကယ် ထင်မှတ်ကာ အယုံအကြည်လွန်ကဲသွားသည်။ အလိုက်တသိဖြင့် ရှောင်ဖယ်ထွက်သွားပေးသည်။

"ဒီမယ် ခင်ဗျားတို့ လိုအပ်တာရှိရင် အော်ဗျာ၊ စိတ်ချကျုပ် မကြည့်ဘူး၊ နှမသားချင်းစာနာပြီး ကိုယ်ကျင့်တရားစောင့်ပါတယ်။ ဟိုအိမ်က ကျုပ်အိမ်ပဲ အကူအညီလိုတာ အားမနာနဲ့ ပြောဗျာ"

ခင်လတ်က မေရီတို့နှစ်ယောက်ကို ပြုံးစစကြည့်ကာ မျက်စေ့တစ်ဖက်မှိတ်ပြသည်။ သူမတို့နှစ်ယောက်ကလဲ မချိုမချဉ်ပြုံးကာ တခွိခွိနဲ့ ကျိတ်ရယ်လေသည်။ ကိုရီးယားမင်းသမီးနဲ့ မှားလောက်အောင် လှသွေး ကြွနေပြီဆိုတဲ့အထင်က သူတို့ကို ကျေနပ်သွားစေလေတော့သည်။

"အဲဒါ ကျွန်တော့်ကားနဲ့ ပါလာတဲ့ ကျောင်းသူတွေဗျ လိုအပ်တာ ရှိရင် ကူညီပါဦး၊ လွန်တာရှိရင်လဲ ဝန္ဒာမိပေါ့အစ်ကိုကြီးရာ"

"ဗျာ. . သူ. . သူ. . သူတို့က ကိုရီးယားမင်းသမီးတွေ မဟုတ်







www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလားဗျ"

"ဘယ်ကလာ ခွေးလေးတောင်တက်မဲ့သူတွေ"

"ဟောဗျာ အတော်နောက်တဲ့မမတွေပဲ ကျုပ်ကို ခပ်တည်တည်နဲ့ လိမ်တယ်ဗျာ"

ကပ္ပလီရှက်ဖြီးဖြီး ပြုံးကာ ခေါင်းကုပ်လေသည်။ စက်ဘီးနင်းကာ ထွက်ဟန်ပြင်တော့မည် ကားဆရာက တန်းတန်းမတ်မတ်မသွား။ သဝေထိုးကာ သူမတို့ကို ခလုတ်တိုက်ပြီး မေးငေါ့အပ်နှံလိုက်သေးသည်။ အခုတော့ အမှန်တရားကို ပန်းကန်းပြားနဲ့ ကွယ်မရတော့ပေ။ ကပ္ပလီက ခေါင်းတဆတ်ဆတ်ညိတ်ကာ ခါးထောက်၍ ရှုတင်းတင်း သူမတို့ကို ကြည့်လေသည်။

"ခင်ဗျားတို့ဗျာ. . . ကံကြီးထိုက်လိမ့်မယ်၊ မုသာဝါဒကိုများ ကျူးလွန်ရဲပါဘိသနဲ့"

သုရာမေရိယကံ ကျူးလွန်ထားသူက လှမ်းဟန့်လိုက်လေ၏။

သူမတို့တစ်သိုက် ခေါင်းမဖော်ဝံ့ဘဲ မျက်နှာလွှဲထားမိကြသည်။ လွှဲမိသော မျက်နှာတွေမှာကား ရဲတွတ်နီမြန်းလို့နေလေ၏။

ကိုရီးယားမင်းသမီးရာထူးမှ တမဟုတ်ချင်း လျှောကျကာ အင်ဒီးယား ပန်ချာပီ ခဝါသည်အဆင့်သို့ ဆိုက်ရောက်သွားသည်။ ဘာပဲဖြစ်ဖြစ် သဘောရိုးနဲ့ စိတ်ရင်းထဲမှာ ထင်မှတ်ထားတဲ့ မူလပထမ အထင်အမြင်တွေကိုတော့ တစ်ပြားသားမှ မလျှော့နိုင်ပေ။ လုံးဝဥဿုံ မိန်းမလှလေးတွေဆိုတာကိုတော့ လက်ခံနေဖို့ အရေးကြီးသည်။







# ဥယျာဉ်တော်အဝ ခြေတစ်လှမ်းအစ

ကမူးရှူးထိုးဖြင့် တရေးနိုးလာသော မြင့်မောင်ကျော်က အာပုပ်ရည် တွဲလောင်းဖြင့် ကားပေါ်မှ ဆင်းလာသည်။ လက်ထဲမှာလဲ နီးဗက်စ် ပုလင်းဝိုင်းကို လက်နဲ့ အိုးမကွာအိမ်မကွာ ပိုက်လျက်သားပင်။ တလောကလုံး ရေးကြီးသုတ်ပြာဖြင့် တမေ့တမော အိပ်ပျော်နေသည်။ အမူးအမော့က် သောက်ပြီး ငုတ်တုတ်ထိုင်လျက်ကယ် ဇတ်ကျိုးကာ အိပ်စက်ခြင်း ကမ္ဘာမှာမွေ့လျော်သွားသည်။ မချေမငံဖြင့် ပေစောင်း မေးကြောင်ရင်း အားလုံးကို ခြေဆုံးခေါင်းဆုံး လိုက်ကြည့်သည်။ အရှိန်မပြေသေးသော သူ့ပုံစံက သူရှူးပမာ တုတ်ချာလည်နေသည်။ အူကြောင်ကြောင် လည်တည်တည် ဖြစ်နေသော သူ့ကို အားလုံးက ကြေးစည်တစ်ခုအလား ဝိုင်းဝန်းဘေးတီး ထုထောင်းဖို့ ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ငါ ဘယ်ကိုရောက်နေတာလဲဟေ၊ ဒါက ဘာကြီးတုန်း၊ ဒီမှာ ဘာလို့ ကားကို ရပ်ထားတာလဲ"

မေးခွန်းတွေ တရစပ် အမောတကော တစ်ကိုယ်ရည် ရေရွတ်ကာ လျှောက်မေးလေသည်။ တစ်ယောက်တည်း ဒိုင်ခံဖြေရမည်ဆိုလျှင် ဘာကစပြီး ပြောရလျှင် သင့်တော်မည်လဲ တွေးရင်း အဖြေရကျပ်သွားနိုင်သည်။ ရဲလင်းက သူမှတ်မိတဲ့ မေးခွန်းကို စပြီးဖြေသည်။ သူလက်ညှိုးညွှန်ရာ ထရံကာ ခနိုမိုး အိမ်ကြီးကိုပင် ရွဲ့စောင်းစောင်း လက်ညှိုးထိုးရင်း. . . .

"ဒါလား အရက်ဖြတ်တဲ့ ဆေးရုံပဲလေ"

မြင့်မောင်ကျော် ဇက်ပုကာ ပေမွေးမွေးမျက်လုံး အနည်းငယ် ပြူးဝိုင်းသွားရသည်။ ဆံပင်တွေ လက်သည်းခြေသည်း ဟိုဒင်းတွေသာ အဖြတ်ခံနိုင်မည် အရက်ကတော့ လုံးဝအဖြတ်မခံနိုင်။ ပုလင်းဝိုင်းကို ပိုမိုတင်းကြပ်စွာ ဖက်တွယ်ပွေ့ပိုက်ထားလေ၏။

"နင့်ကို ပို့မလို့ ကားကိုရပ်ထားတာပေ့ါ ဆရာဝန်တွေ လာခေါ်လိမ့်မယ်"

"ကြံကြီးစည်ရာဗျာ၊ မလတ်ကလဲ ကျွန်တော်မှ အရက်အဖြတ်ချင်ဘဲဟာကိုး"

အရေးထဲ အရက်သမားများ ကလေးဆိုးလို ချွဲနွဲ့ကာ ရုပ်ကြမ်းကြီးနဲ့ နွဲ့နေပြန်သေးသည်။

"ဘယ်ရမလဲ အရက်ဖြတ်တဲ့ ဆေးရုံကို ရောက်နေပြီလေ"

"ဟာ ဘာလို့ရောက်နေတာလဲ ဘယ်သူပြောလဲ အရက် ဖြတ်မယ်လို့ သားသားမှ မပြောဘဲဟာကိုး၊ ကားပေါ်ပြန်တက် ပြန်မယ် ခွေးလေးတောင် သွားမယ်ဆို"

"မသွားတော့ဘူး နင့်ကို ညာခေါ်လာတာ"





"ဟာ ဒီလိုညစ်လို့တော့ ဘယ်ရမလဲ သွားမယ် မဖြတ်နိုင်ဘူး ဘယ်သူပြောလဲ ဖြတ်မယ်လို့. ."

"ပြောပြောမပြောပြော ဖြတ်ရမှာပဲ ဒီမှာ အားလုံး ပြောထားဆိုထားပြီးသား နင်ကားပေါ်ပြန်တက်လဲ လွတ်မယ်မထင်နဲ့၊ ဒီဆေးရုံဝင်းထဲက ပြေးမလွတ်တော့ဘူးမှတ်"

"အမေရေ. . . အဘားဘား ကယ်ပါ"

မြင့်မောင်ကျော် အိပ်ချင်မူးတူး နားမလည်ပါးမလည်ဖြင့် ချွေးပြန်သွားရသည်။ လဲ့ရည်ရဲ့ တစ်ခွန်းမကျန် ပိတ်ဆို့ကာ နာနာဖိတွယ်သမျှ အောင့်သီးအောင့်သက် ရှုံ့မဲ့ကာ ခံရသည်။ ကြောက်အားတကြီးဖြင့် ထွက်ပြေးရန် ကားပေါ်သို့ ပြန်တက်သည်။ အားလုံးရဲ့မျက်နှာကို ကြည့်လိုက်တော့ ပြုံးတီတီ ပြုံးစစ၊ ပတ်ဝန်းကျင်ကလည်း စိမ်းလန်းသော စပါးခင်းတွေ လယ်ကွက်တွေနဲ့ တလင်းမြေ၊ နွားတင်းကုပ်၊ ထရံကာအိမ်ကြီးသာ ရှိလေ၏။ ရေတေးရိတ်တိတ် သဘောပေါက်သွားဟန်ဖြင့် မြင့်မောင်ကျော် မခံချိမခံသာ ဖြစ်ကာ ပြန်ပြီးလှောင်ပြောင်သည်။

"ဟား. . . ဟား. . . အရူးတွေ၊ ငါ့ကိုများ ပတ်လို့ရမယ် ထင်နေလား. . ဟူး. . ဟူး၊ ဒါ ဆေးရုံမှ မဟုတ်ဘဲ"

နှစ်ပင်လိမ်နေသောအရှိန်က မသေသေးဘဲ အရက်တစ်ငုံ ကောက်မော့ပြန်သည်။ စေ့စေ့တွေးမှ ရေးရေးပေါ်လေသည်။ ဒီလောက် အရက်ကြောင်,ကြောင်သူတွေရှေ့မှာ ဆေးရုံလာပြီး ဘယ်နည်းနဲ့မှ နွယ်နီနဲ့မေရီက ကျန်းမာရေး လိုက်စားမည်မဟုတ်။ အလှပြဝင့်ကြွားရဲမည် မဟုတ်ပေ။ ရဲလင်းနဲ့ လဲ့ရည်တို့စုံတွဲကလည်း ဒီလိုဆေးရုံနားမှာ လာပြီး ကြည်နူးမည် မထင်ပါပေ။ လူစုံလူစေ့ ကြည့်ပြီးမှ လူတစ်ယောက် လိုနေမှန်း သတိထားမိတော့သည်။

"ကကျိုးကကြောင် ကိုဖိုးမောင် ဘယ်သွားလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို မည်သူမှ အဖက်မလုပ်တော့သဖြင့် အားနာပါးနာဖြင့် မေရီက ကောက်ဖြေရလေသည်။

"ကားပျက်တယ်၊ ကိုဖိုးမောင် နောက်ကြောင်း ပြန်လှည့်တယ်၊ စက်ဘီးနဲ့ စက်ပြင်ဆရာ သွားခေါ်မယ်ထင်တယ်၊ နင်းသွားတာပဲ"

"ဟင်. . . ဟုတ်လား၊ ကားက ပျက်ပြန်သတဲ့လား"

မြင့်မောင်ကျော် စိတ်ပျက်လက်ပျက် ရေရွတ်ကာ ခေါင်းကုတ်လေတော့သည်။ ကားပေါ်မှ ယိမ်းထိုးကာ လက်တန်းများကို ဆုပ်ခဲရင်းဆင်းလာသည်။ မြေကြီးနဲ့ ကပ်နေသော ခြေနင်းပေါ်မှ အားရပါးရခုန်ဆင်းသည်။ ခြေစုံပစ်ဆင်းလိုက်ပုံက မာန်ပါနေသေး၏။ တစ်ယောက်ယောက်က နောက်ကျွမ်း၊ ရှေ့ကျွမ်းဟု ဒိုင်ခံအော်ပေးလျှင်ပင် တကယ်ပစ်လောက်သည်။ အရက်မူးနေတော့ ဘာမှန်းမသိတော့ လယ်ကန်သင်းပေါ် ပြုတ်ချော်ကျမှာ စိုးရိမ်သည့်အလား မဝံ့မရဲဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းနေသည်။ နွယ်နီပင် လှောခနဲ တစ်ချက်ခုံကျော်လိုက်ရုံနဲ့ တံတားအသုံးအပြုဘဲ ကူးနိုင်သည်။ ငမူးငရူး မြင့်မောင်ကျော်ကတော့ ဒါလေးကူးတာကိုပဲ မပြီးနိုင် မစီးနိုင် ဖြစ်နေလေတော့သည်။

နွားတင်းကုပ်ထဲမှ နွားကို ကြည့်ရင်း. . .

"ဟော့. . ညီလေး. . နေကောင်းလား"

လျှာရှည်ကာ နှုတ်ဆက်နေသေးသော သူ့ကိုကြည့်ပြီး ရယ်မိကြသည်။ ပြောင်သလိုနောက်သလိုနှင့် မျက်လုံးဂနာမငြိမ်ဘဲ စကားတွေလဲ တရစပ် ပြောသည်။ အိမ်ထဲမှ ကပ္ပလီကိုမြင်တော့ တလွဲကြီးမြင်ကာ ပြောသည်။

"ဟော. . . အားပါး ဝက်မဲကြီး ထွားလိုက်တာ၊ ပျူစောထီးခေတ်က ဝက်မျိုးလားဟ"

ကပ္ပလီရဲ့ မဖြူသော မျက်နှာကြီး မဲသဲညိုပုပ်သွားသည်။ ပြုံးပြီးလိုက်မှ ဖြူသောသွားတွေပေါ်လွင်တတ်တာ ဆိုသော်လည်း ရှုံ့မဲ့အိ





လည်နေသော မျက်ခွက်ကြီးမှာ အဖြူတစ်စက်မှ မပေါ်လွင်ပေ။ ပေါက်တတ်ကရ ဟာသတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလို လျှောက်ပြီးလုပ်နေသဖြင့် ခင်လတ်တို့အဖို့ ယခုမှ ပါးစပ်မစေ့ရအောင် ရယ်ရလေသည်။ ကပ္ပလီကြီးကတော့ မျက်နှာပင်မပြုံရဲဘဲ အရှက်သည်းကာ အိမ်ထဲက အိမ်ပြင်သို့ပင် မထွက်ဝံ့တော့ပေ။

သူတို့ရယ်တာကြည့်ပြီး ဘုမသိ ဘမသိဖြင့် မြင့်မောင်ကျော်လိုက်ရယ်လေသည်။ သံယောင်ထပ်ကာ ရယ်နေသည်မှာ အရယ်မရပ်တော့ပေ။ မဆုံးအောင်ကို ရယ်ကြောရှည်လေသည်။ မြင့်မောင်ကြောင်တောင် ဖြစ်နေပြီ။

ရုတ်တရက် မငြိမ်းသောမိုးက တဖွဲဖွဲရွာကျလေသည်။ ပြုံးတုံးပြုံတဲဖြင့် ကားပေါ်အမြန်တက်ကြသည်။ ကပ္ပလီက တပည့်ကျော်ရာညွှန့်ဆောင်းပေးသော ထီးရိပ်ကိုခိုရင်း သူတို့ဆီထွက်လာသည်။ ဟိုနားဒီနား အိမ်နေရင်းကို အဝတ်အစားအသစ်တစ်စုံ လဲလှယ်ကာ အပီအပြင် ခြယ်သထားသေးသည်။ လူထူးဆန်း တောသားနှင့် ဗရုတ်ဗရက်လူငယ် တစ်စုကတော့ ဤသို့ဤနှယ် ထိပ်တိုက်တွေ့ကြလေပြီ။ ကားအနားရောက်တော့ ချိုသာသောစကားကို ရုပ်ရည်နဲ့ မလိုက်ဖက်လှစွာ ကပ္ပလီကဆိုသည်။

"ခင်ဗျားတို့ ကြုံတုန်း အိမ်ထဲဝင်ပြီး မိုးခိုကြပါလား၊ ကျုပ်အိမ်က ရွာတစ်ရွာ ဆန့်လောက်အောင် ကျယ်ပါတယ်ဗျ၊ အမျိုးတွေ တည်းလို့ရအောင်ဆောက်ထားတာ"

"အို. . . နေပါစေ. . ရပါတယ်ရှင်၊ ဒီမှာ အဆင်ပြေပါတယ်"

မေရီနဲ့နွယ်နီက သံပြိုင် လက်ကာပြီး ငြင်းဆိုလေသည်။

"အစ်မလေးတို့ရာ. . . ရေစက်ရှိလို့ ဆုံရတာပဲ၊ ရောက်တုန်းရောက်ခိုက် နားပါဦးလား၊ ဟောဒီမော်တော်ကားက ဘာမှန်းညာမှန်းမသိ"



www.burmeseclassic.com

www.burmeseclassic.com



ရာညွှန့်ကလဲ ဒီလိုတော့ သဘောရိုးရှင်းစွာ စိတ်ကောင်းနှလုံးကောင်းရှိစွာ ညှော့ဝတ်ကျေလေ၏။ ခင်လတ်က ရဲလင်းကို တစ်ချက်ကြည့်ကာ မေးဆတ်ပြီး သဘောထား စူးစမ်းသည်။ မြင့်မောင်ကျော်က မယုံမရဲကြည့်ကာ ဇဝေဇဝါဖြစ်နေလသည်။ ဖြစ်မယ်ဆို ဖြစ်လောက်အောင်လဲ ကပ္ပလီတို့ဆရာတပည့်က ဂိုက်ဆိုက်အပြည့် တကယ့်အားကောင်းမောင်းသန် အရက်ဖြတ်ပေးမယ့် ဆရာဝန်ကြီးအတိုင်းပဲလေ။

ရဲလင်းက နေကို တစ်ချက်မော့ကြည့်ပြီး ကပ္ပလီနဲ့ ကမ်းလှမ်းမှုကို ပျူငှာယဉ်ကျေးစွာ လက်ခံလိုက်ပါသည်။

"တွေ့တုန်း ဆုံခိုက်ဗျာ၊ နေလဲစောင်းနေပြီ၊ ညအိပ်ရဖို့ လမ်းမြင်တယ်၊ ဒီက အစ်ကိုကြီးပြောသလိုပဲ တအောင့်တနား ဝင်နားကြစို့"

မိုးက ဖွဲဖွဲရွာနေပြီမို့ အပြင်မှာ လမ်းသလားလို့လဲ မရတော့၊ အာရုံဝင်စားပြီး ရှုခင်းပတ်ဝန်းကျင်တွေ ငေးမောခံစားဖို့လဲ မဖြစ်နိုင်တော့။ အားလုံး သဘောတူ ခေါင်းညိတ်မိကြသည်။ အထုပ်အပိုးတွေယူကာ ကိုကြီးမောင် ဦးဆောင်ရာနောက် လိုက်ကြရပြန်သည်။ ကားစုတ်ကြီးကိုတော့ဖြင့် ခွေးစားစား၊ ကျီးထိုးထိုး၊ မိုးစိုစို ရေပဲမျောမျော ဒီအတိုင်း ပစ်ထားခဲ့ကြသည်။

"ကျွန်မကတို့က အားနာလို့ အစ်ကိုကြီးရဲ့၊ ကားဆရာကိုလဲ ကူညီပြီးသွားပြီ၊ ကျွန်မတို့အတွက်နဲ့ အလုပ်ပိုမှာစိုးလို့ပါ"

ခင်လတ်က အားတုံ့အားနာစကားကို မရဲတရဲဆိုလေသည်၊

"ကျုပ် အိမ်ရောက်လာမှတော့ ကျုပ်တာဝန်ပေါ့ဗျာ"

ဟု ပြုံးပျော်ကြည်နူးစွာ ဆိုလေသည်။

ရာညွှန့်စီစဉ်ပေးသော နေရာထိုင်ခင်းမှာ နားကြရသည်၊ ခြံဝင်းထဲက ရေတွင်းမှာပဲ ရေချိုးကြသည်။ အဝတ်အစားလဲလှယ်ပြီး အသင့်ပါလာသော အိုးခွက်ပလုံးများဖြင့် ဟင်းချက်ရန် မီးဖိုကို မေးမြန်းလေသည်။





"လုပ်မနေနဲ့ ခင်ဗျားတို့လူကလေးနှစ်ယောက်တစ်ပိုင်းနဲ့ ဝန်မကြီးပါဘူးဗျာ၊ ကျုပ်ညီတွေကို ချက်ပြုတ်ပြင်ဆင်ခိုင်းထားတယ် အေးအေးသာသာ နေကြ"

သွေးမတော်သားမစပ်၊ လမ်းပေါ်မှာ စကားစပ်မိ၊ ကြုံကြိုက်မိရာက ညှော့ဝတ်ပျူငှာ ကျွေးမွေးကြလေသည်။ မြင်မြင်ချင်း ဆိုသလိုအပြန်အလှန်လေးတော့ စိတ်ပွားကာ ခင်မင်သွားတော့သည်။ တကယ်လှသောစိတ်ကို လူတိုင်းငြင်းဆန်ရ ခက်ခဲစွာ မက်မောကြလေ၏။ ထိုစိတ်အလှသည်ကား အလှတကာတို့တွင် အယဉ်ဆင့်သော အလှသရဖူပင် ဖြစ်လေသည်။

"ပျော်ပျော်ပါးပါးပေါ့ဗျာ၊ လွတ်လွတ်လပ်လပ်သာနေကြ ဒီမှာက လူကြီးဆိုလို့ ကျုပ်အမေတစ်ယောက်ပဲရှိတာရယ် အမေကျင်က ကျုပ်ပြီးရင် အားလုံးငြိမ်းပဲ"

အမေကျင်ဟူသော အဘွားအိုနှင့် သူတို့အားလုံးကို ပေးတွေ့ကာ မိတ်ဆက်လေသည်။ အဘွားအိုက ပီတိတွေဝေကာ ကြည်နူးချမ်းမြေ့လေသည်။ သဘောကောင်း မနောကောင်း မိသားစုနှင့် သူတို့ကြုံရခြင်း ဖြစ်ပါလေသည်။

"အမေ့ကို အားမနာပဲ လွတ်လွတ်လပ်လပ်နေ၊ အမေ့မှာ ဒီသားပဲရှိတော့ အလိုလိုက်ထားတာ သူဆိုးရင်လည်း ခံကြပါကွယ်၊ ခရီးသွားတွေဆိုတော့ ကုသိုလ်ရဖို့အခွင့်ကြုံတာပဲ၊ ပျော်သလောက်သာ နေကြ"

အတိုင်းမသိ ကြည်နူးချမ်းမြေ့သွားကြလေသည်။ လျှာရှည်တတ်သော နွယ်နီက စကားမစပ် ချက်ကောင်းထိအောင် ဝင်မေးလိုက်သေးသည်။

"အစ်ကိုကြီးရဲ့ဇနီးကို မတွေ့ပါလား. . . အဟီး"

"ဟောဗျာ. . . ခင်ဗျားတို့ကလဲ ကျုပ်ရုပ်က လူအိုပုံ ပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုလားဗျာ၊ ကျုပ်က ရေမရော စစ်စစ် လူပျိုအမဲစားပါဗျ"

ရှက်ကိုးရှက်ကန်းဖြင့် ပြုံးဖြီးကာ ကိုယ်ရည်သွေး ပြောသဖြင့် သဘောတကျ ရယ်မိသေးသည်။ လှောင်သလို ဖြစ်မှာစိုး၍လည်း အကျယ်တဝင့် မရယ်ရဲကြပေ။ မေရီက ပြောဖြစ်အောင် ထပ်မေးသေးသည်။

"မသိပါဘူး အစ်ကိုကြီး သားသမီးတွေ အရွယ်ရောက်နေလောက်ပြီမှတ်လို့ အထင်ကြီးပြီးမေးမိတာ တောင်းပန်ပါတယ်နော် မသိလို့ . . . အဟီး"

ကပ္ပလီက ခွင့်လွှတ်သည်းခံစိတ်ကြီးစွာ ရှက်စိတ်ကို မျိုသိပ်၍ ပြုံးဖြီးဖြီးနှင့် ခေါင်းကုတ်နေလေတော့သည်။







# နှလုံးသား ကျွမ်းပြန်ခွက်ထိုးလန်

မြို့သူ ဆတ်ဆတ်ကဲ့ ပွက်လောည် ကောင်မလေးများနှင့် တွေ့လေမှ ကပ္ပလီကြီးမောင် အပုပ်ချခံရတော့သည်။ သူ့ပုံစံက လူအို ရုပ်ပေါက်နေတာကို ရှင်းရှင်းဘွင်းဘွင်းကြီး သိရတော့ အားငယ်စိတ်ဖြင့် မှန်တင်ခုံရှေ့မှာ ထိုင်ကာ ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်ပြီး အားမလိုအားမရ ဒေါပွမိသည်။ သူစိတ်ပျက်လက်ပျက်ဖြင့် သီချင်းတီးတိုးဆိုကာ အာသာဖြေ ညည်းတွားမိသည်။

"အဖေရယ် အမေရယ်×××ဘယ်လိုများ မွေးထားပါသလဲ ကွယ်×××"

ဒါကလည်း ရှေးကုသိုလ်ကံ နည်းခဲ့လေတော့ ပုံဆိုးပန်းဆိုး ဝက်နလန်ထရုပ် ပေါက်နေခြင်း ဖြစ်ပါလိမ့်မည်။ ဒါကိုပဲ ရိုးမယ်ဖွဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ အမေကို အပြစ်တင်နေမိသေး၏။

ကိုမိုးပျံ ချက်တဲ့မှာ တစ်နေ့တာ အပန်းဖြေ အာပူလျှာပူ အရည်လေးတွေ မော့ပြီး ပြန်လာသော ဇော်ရှိန်နဲ့မော်ဖြိုးတို့ကို မယောင်မလည်နှင့် တွေ့ရသည်။ မော်ဖြိုး မျက်နှာကိုမြင်တော့ မေရီက ကျိတ်မနိုင်ခဲမရ ဒေါသူပုန်ထ နှာပွလေတော့သည်။

"ဟွင်း. . . ရှင်တို့"

"အလိုလေးဗျာ ခင်ဗျားကိုး"

အထိတ်တလန့် တစ်ပြိုင်နက် ဆိုသလို အပြန်အလှန် ရေရွတ် လက်ညှိုးထိုးကြသည်။ နွယ်နီပါးစပ်အဟောင်းသားဖြင့် အံ့သြငေးမော နေသလို ဇော်ရှိန်က မျက်လုံးအပြူးသားဖြစ်ရလေသည်။

"ခင်ဗျားတို့က သိပြီးကြပြီထင်ရဲ့ တွေ့ပြီးကြပုံပဲ ဒါက ကျုပ်ညီ တစ်ဝမ်းကွဲတွေလေ ဇော်ကြီးနဲ့ မော်ကြီးလို့ခေါ်တယ်"

ငရှိန်နဲ့ ငဖြိုးနှစ်ယောက် ပြီတီတိ မျက်နှာများဖြင့် အပြုံးကို ဝေငှလေ၏။ နွယ်နီနဲ့ မေရီကတော့ မျက်မှန်းကျိုးလေဟန်ဖြင့် မော်ဖြိုးကို မျက်စောင်းထိုးကာ မကျေမချမ်းဟိတ်ဟန်ပြသည်။

"ကျုပ်တို့ချင်းတော့ နောက်ပြောင်ပြီး ဇော်ရှိန်နဲ့ မော်ဖြိုးရယ်လို့ပဲ ခေါ်ကြတယ်ဗျ"

"အဲဒီက ညီမတွေကတော့ နွယ်နီမွေးနဲ့ မေရီအေးတဲ့ကွဲ"

အပြုံးဖြင့် ပျူငှာဖော်ရွေမှု မပြသော်လည်း နှာခေါင်းတရှုံ့ရှုံ့ လုပ်ကာ အဝမှာလက်ဖွေ့ယမ်းခါပြပါသည်။ မော်ဖြိုးက မချိသွားဖြဲပြုံးကာ တောင်းပန်ရှာသည်။

"ကန်တော့ပါရဲ့ဗျာ. . . အစ်မလေးတို့ကို တောင်းပန်ပါတယ်၊ ကျုပ်က လူမရှိဘူးမှတ်လို့ ဗိုက်ထဲကလဲ ရစ်နေလို့ သွားလိုက်မိတာ. . . အဟီး"

"လူမရှိတိုင်း လစ်ရင်လစ်သလို သွားရမှာလား၊ ကျွန်မမှာ





တက်ပြီးတောင် နင်းမိသေးတယ်၊ ရှင့်ကို သွေးစုနာ ပေါက်အောင် ကျိန်ထားတယ်"

စကားရန်ထောင် ခွန်းတုံ့ပြန်ပြောသူပြောကာ၊ တောင်းပန်သူကလဲ အလျှော့ပေး တောင်းပန်လေသည်။ ကပ္ပလီနှင့် အခြားဘေးမှ လူများက နားမလည် ပါးမလည် အူလည်လည် ဖြစ်လို့နေသေးသည်။

"နေပါဦး ငါ့အစ်မရဲ ခင်ဗျားတို့က ဘာတွေဘယ်လိုများ ဖြစ်ခဲ့ကြလို့လဲ"

နားဝေတိမ်တောင်ဖြင့် ရာညွှန့်က ဝင်မေးကာ ဖြန်ဖြေသည့် သဘောဖြင့် စပ်စုလိုက်သည်။ မေရီက မနက်က သူတို့ ကြုံဆုံခဲ့ရပုံ ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။ ရင်တုန်ပန်းတုန်ဖြင့် နားထောင်ပြီးလေမှ အားလုံးသဘောပေါက်ကာ တခွီးခွီးဖြင့် သဘောတကျ ရယ်မောကြလေတော့သည်။ ကံဇာတာက အသွားမတော်တစ်လှမ်း ဂြိုလ်ခွင်ထဲ ရောက်လို့နေလေသည်။

"အနင်းခံ ကိုယ့်အတုံးလေးကို×××တွေးကြည့်ပါဦး လှတဲ့ မြို့ကြီးသူ××××"

ဇော်ရှိန်က လက်တန်းသီချင်းတစ်ပုဒ်ကို ကောက်ဖျက် ရွတ်ဆိုသည်။ တင်းမာမှုများ ပြေလျှော့အောင် အပြောင်အနောက်ဖြင့် လှည့်ပတ်ချော့မော့ခြင်းသာဖြစ်၏။ နွယ်နီနဲ့မေရီ ဟန်ဆောင်ကျွေပင် ဆည်နိုင်ဘဲ ရှုံ့မဲ့မဲ့ ရယ်မိတော့လေသည်။

"ကဲဗျာ. . . ကျုပ်ညီရဲ့ကိုယ်စား ကျုပ်က တောင်းပန်ပါတယ်၊ အတော်တဆ ဖြစ်သွားတာပါ၊ ရည်ရွယ်ပြီး အကောက်ကြံတာမှ မဟုတ်ဘဲ"

"အော်. . . ရပါတယ် ကိုကြီးမောင်ရယ်၊ ကျွန်မတို့ကလဲ စိတ်ဆိုးတော့ပါဘူး၊ ရုတ်တရက် ထူပူသွားလို့ပါ၊ ရှင်တောင်းပန်စရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကြုံတောင့်ကြုံခဲ ပျော်စရာလေးကိုမှ နဖူးတွေ့ဒူးတွေ့ ဆုံရ
ခြင်းဖြစ်သည်။ အီလည်လည် ပတ်သက်မှုဆိုတာ ကြုံရတိုင်း ဒီလိုပါပဲ
စိတ်ဆိုးရခက်၍ ခွင့်လွှတ်နိုင်ဖို့ ခဲယဉ်းတတ်လေသည်။

"ဟုတ်ပါတယ် ကိုကြီးမောင်ရယ်၊ ဒီမိန်းမတွေကိုက အ
အထိုင် မတတ်ဘဲ ဟိုဟိုဒီဒီ ခြေရှည်ကြတာပါ။ ရှင့်ညီအပြစ် မဟုတ်
ဘူး"

ခင်လတ်က ကြားဝင်ကာ ပြေလည်ကျေအေးစကား ဆို
အသာတကြည် ကျေနပ်သွားကြသည်။ ကျေနပ်အောင် ဆန်ကွဲ
ထမင်းချက်ကာ စိတ်ရှည်လက်ရှည် နှပ်လိုက်သည့်နှယ် လိုက်လေ
ညီထွေ ဖြစ်သွားသည်။ ခင်လတ်ရဲ့ပြောစကားကို အားလုံးက လက်
သာယာကြသဖြင့် အောင်မြင် အထူးမြောက်လေသည်။ ကျေနပ်
ပဲ။ မကျေနပ်ရင်လဲ ချက်ချင်းလေဖြတ်လို့ အသေသတ်ကုန်မှ ရော
ရောက်ချင်း ဆောက်နဲ့ထွင်းကုန်ရင် ပွဲကြီးပွဲကောင်းဖြစ်ကုန်ပေမ

"ဗျို့ ကိုကြေးမောင်း ကျုပ်တို့ ဆုံတွေ့ခြင်း အထိမ်းအမှတ်
မစားခင် သောက်ကြမယ် မကောင်းလား"

မြင့်မောင်ကျော်က အသောက်မပျက် အသက်မပျောက်ဖို့
ရေး ပုလင်းထောင်ပြကာ အစဖော်လေသည်။ မျက်ဖြူဆိုက်လေ ဆ
ကြိုက်လေပဲ။ ကပ္ပလီတို့ကတော့ ပုလင်းဖြူဆိုက်လေ အာခံတွင်းလို
လေ မဟုတ်ပါလား သင့်တင့်လျောက်ပတ်တာပဲပေါ့။

"ဘယ့်နဲ့လဲ ကိုကြေးမောင်း"

ကပ္ပလီထံမှ ခွန်းတုံ့ပြန်သံမရသေးသဖြင့် မြင့်မောင်ကျော်
အားမလိုအားမရ ထပ်အော်ခေါ်ကာ သဘောထားတောင်းခံပြန်သ
ကပ္ပလီကတော့ တုန်လှုပ်တွန့်တက်သွားရသည်။ သူ့နာမည် အခေါ်
ပုံကိုက လန့်ဖြန့်ထိတ်လန့်စရာ။ သူကပဲ ဆိုင်းဝိုင်းမှာ မပါ
တနောင်နောင် မှောင်မှောင်မြည်ရတဲ့ ကြေးမောင်းကြီးလို ဘာလို





ဖြစ်နေတာကိုး။

"အင်း. . အဲ. . သင့်တော်ပါ့ဗျာ၊ ကောင်းပါတယ် ဘယ်လို
ပြောမလဲ ပျော်ပျော်ပါးပါးပေါ့ဗျ"

အားလုံးသော မျက်နှာများမှာ အပြုံးတွေပြည့်လျှမ်းသွားသည်။
ဂလုဂလက် အသံမြည်အောင်ပင် ဇော်ရှိန်းနဲ့မော်ဖြိုးတို့ မျိုချကာ ကြိတ်
မှိတ် ကွန္နြေဆည်ကြသည်။

"ကဲ ဒီလိုလုပ်ဗျာ၊ ဒီမှာတော့ အိမ်နဲ့လဲနီးလို့ သိပ်မကောင်း
ဘူး၊ ဟိုဘက် တင်းကုပ်ဘေးက တလင်းမြေကို သွားကြစို့၊ အဲ့ဒီမှာ
မီးဖိုပြီး သောက်တော်ဘူးနဲ့ ဂုဏ်ပြုပျော်ပါးကြတာပေါ့"

ကပ္ပလီက သင့်နိုးရာရာကို ကြေညာက စီမံပေးလေသည်။
အားတက်သရော ထောက်ခံသံများ ညံစည်သွားတော့၏။

"ဟေး. . . ဝါး. . . ကောင်းတယ်ဟေ့"

"ဂွတ် ဂွတ်. . . မိုက်တယ်ဟေ့"

အားလုံးတက်ကြွစွာ ဇော်ရှိန်းတို့ ညီအစ်ကိုစံမြန်းရာ ဘူမိနက်
သန် တလင်းမြေသို့ ချီတက်ကြလေ၏။ ဝန်စည်စလယ် ပုလင်း၊ ဘူးခွက်
များ၊ အမြည်းများကိုလည်း ကိုယ်ထူကိုယ်ထ တစ်ပိုင်တနိုင် သယ်ယူကာ
သွားကြလေသည်။ မထင်မှတ်ဘဲ အမှတ်တမဲ့ ကြုံဆုံမှုမှ အမှတ်တရကြီး
တစ်ခု အထင်ကရ ဖြစ်လာလေပြီ။ ပျော်စရာမီးပုံပွဲကြီး ဖြစ်လာဖို့
ဆန္ဒစိတ်တွေ စောမိကြသည်။ သောက်သောက်လဲ မူးဖို့ အာသီသ
မြင်းပြကြသည်။

ကောက်ရိုးအချို့နှင့် ထင်းချောင်းတွေ ဝိုင်းအုံစုကာ ထောင်
လိုက်ကြသည်။ နေလုံးက အနောက်တွင် ကွယ်လုကွယ်ခင် အခြေ
အနေသို့ ရောက်နေလေပြီ။ ကားကျွန်းမာရေး ကုသရန် ကားဆရာဝန်
သွားရောက် အခေါ်တော် ကြွသွားသော ဒရိုင်ဘာ ကိုဖိုးမောင်မှာတော့
ယခုထိ ပြန်ရောက်မလာသေးပေ။ သူကိုယ်တိုင် ကျန်းမာရေး ဖလက်



www.burmeseclassic.com

www.burmeseclassic.com



ပြလို့ ကုနေရပြီလား မဆိုတတ်ပေ။ တဖြေးဖြေး မှောင်စပျိုးလာတော့ ဇော်ရှိုးက မီးဖိုကို မီးရှို့ရန် ပြင်တော့သည်။

"ကျုပ်တို့ မီးခြစ်ကျောက် ကုန်နေလို့ဗျ၊ ခင်ဗျားတို့ထဲက ဘယ်သူ့မှာ အခြစ်ရှိကြလဲ"

တစ်ဦးတစ်ယောက်မှ တုတ်တုတ်မလှုပ်ကြပေ။ ငြိမ်ကုပ်နေကြလေသည်မှာ ခြေဖဝါးတွေတင်မက နားရွက်တွေပါ ကုပ်ကပ်နေလေ၏။ အခုမှ အချစ်မရှိသော ဖျူစင်သူများအဖြစ် အားလုံးက ကိုယ်ရည်သွေးကြလေ၏။ အားလုံးကို ဝေ့ကြည့်ပြီး လဲ့ရည်က မီးခြစ်တစ်လုံးထုတ်ပေးသည်။ ရဲလင်းက ကိုယ်တိုင်ကိုယ်ကျ မီးထွက်ညှိကာ ရှို့ပြီး မီးပုံကို အစပြု ဖိုပေးလေတော့သည်။

မီးဖို မီးတောက်လေမှ ဇော်ကြီး၊ မြင့်မောင်ကျော်၊ ကပ္ပလီနဲ့ ရာညွန့်တို့ မီးခြစ်ကိုယ်စီဖြင့် ဆေးလိပ်မီးညှိသောက်ကြပြန်လေသည်။ မိန်းမလှလေးများက နှစ်ခြိုက်စွာ ပြုံးမိကြတော့သည်။

မီးဖိုမှ မီးညွန့်က တလူလူတလွန့်လွန့် တောက်လောင်၍ တက်လာသည်။ မီးညွန့်အမောက်ထောင်လွန့်လူးနေတာကိုကြည့်ပြီး ကိုယ်စီကိုယ်ငှ ခွက်ချင်း ထိခတ်တိုက်လိုက်ကြလေတော့သည်။

"ခွပ်. . ."

"ဂုတ်. . ."

ဝါးပိုးဝါးဖြင့် ပုံသွင်းပြုလုပ်ထားသော ဝါးဆစ်ဘူးအံခွက်များ ဖြစ်သောကြောင့် တဂုတ်ဂုတ် တဂွက်ဂွက် မြည်လေသည်။

"ပျော်ရွှင်ချစ်ခင် ဒေါ်လာဝင်ပါစေ"

"ငြိမ်းချမ်းစိမ်းလန်းလို့ ငါးစိမ်းတန်းမှာ ဂျိန်းဂွမ်းနိုင်ပါစေ"

ပေါက်တက်ကရ ဆုတောင်းသံများဖြင့် ဂုဏ်ပြုရေရွတ် ဆုတောင်းလိုက်ကြသည်။ အဓိက,က သောက်ရဖို့ပဲ မဟုတ်လား၊ ဘာပဲ ဆုမွန်ကောင်းတောင်းပါစေ၊ သောက်ရဖို့သာ လိုရင်းဖြစ်လေတော့





သည်။ သောက်ကြ မြည်းကြစကားစမြည်ရောက်တက်ရာရာ ပြောကြဖြင့် ပျော်ရွှင်ကြည်နူးလို့ နေလေတော့သည်။ မြင့်မောင်ကျော်နှင့် ရာညွန့်က အပြိုင်အဆိုင်မော့ကာ အမူးဒီဂရီ ပါဝါမြှင့်တင်နေသည်။

တစ်နေ့လုံးသောက်ထားသော အရှိန်ကြောင့် မြင့်မောင်ကျော် ကောက်ရိုးပုံဝမှာ ဟပ်ထိုးလဲကာ အရင်မှောက်လေသည်။ မြင့်မောင်ကျော်ပုံကို လက်ညှိုးထိုးလှောင်ရယ်ရင်း ရာညွန့်လဲ ခေါင်းစိုက်ဟပ်ထိုးလဲ မှောက်ပြန်သည်။ အကောင်းစား နိုင်ငံခြားအရက်ကို မသောက်ဖူးဘဲ နင်းကန်တင်းကြမ်းသောက်တော့ ဒဏ်ဘယ်ခံနိုင်ပါ့မလဲ။ အားပါးတရ လှောင်ရယ်ချိန်ပင်မရလိုက်။ မြင့်မောင်ကျော်နောက် ကပ်ရပ်ထပ်ကြပ်မကွာ ရာညွန့်လိုက်သွားတော့၏။

သူတို့ဖြစ်ပျက်ပုံကို ကြည့်ပြီး မိန်းကလေးတစ်သိုက် ရယ်လေတော့သည်။ သဘောတကျဖြစ်လိုက်ပုံများ ပါးစပ်ပင်မစေ့ဘဲ ကြည်နူးချမ်းမြေ့နေလေသည်။ ဇော်ရှိုးနဲ့မော်ဖြိုးလဲ အခြေအနေ ဖလက်ပြချင်နေပြီ၊ ဇက်ကျိုးခွေးအိုနှင့် မေးမှိန်နွားပြာ ပုံပေါက်နေလေပြီ။ ခွက်မှောက်ကာ နှုတ်ထွက်သွားကြလေသည်။ ကပ္ပလီနဲ့ ရဲလင်းနှစ်ယောက်သာ လေတရရဖြင့် စကားအမျှင် တမျှားမျှားဖြစ်နေသည်။

ကြံကြီးစည်ရာ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေကြသည်မှာ အတောမသတ်နိုင်တော့. . . ခင်လတ် သမ်းဝေတာမြင်မှ ကပ္ပလီ အားတုံ့အားနာ ဟျာယီးဟျာယာဖြင့် ဝိုင်းသိမ်း မီးသတ်လေ၏။ သောက်စားမြူးတူးခြင်းကို ရပ်ဆိုင်းကာ နားလိုက်ရသည်။ အချိန်ကပင် ကိုးနာရီထိုးလုထိုးခင် ရောက်နေလေပြီ။





www.burmeseclassic.com

www.burmeseclassic.com



# နေပူဆာလှုံသော ကစဉ်ကများ အသက်ရှည်

ရေတွင်းမှာ မျက်နှာသစ်ရန် ရောက်လာသော ခင်လတ်ကို ကပ္ပလီက ဧည့်ဝတ်ပျူငှာ ကျေပွန်စွာ မေးစမ်းလေသည်။

"အဆင်ပြေရဲ့လား မသိဘူးဗျာ. . . ညက အိပ်ရတာ"

"အို. . ပြေပါတယ်၊ ကောင်းပါတယ်၊ ကိုကြီးမောင်နဲ့ အခုလို မိတ်ဆွေဖြစ်ခွင့်ရတာကိုပဲ ကုသိုလ်ကံထူးတာ၊ ပျော်စရာကောင်းပါတယ်ရှင့်"

"မသိပါဘူးဗျာ. . . မပြည့်မစုံနဲ့ ချို့ယွင်းနေမလားလို့၊ လိုတာရှိရင် အားမနာနဲ့နော်၊ တွေ့တဲ့လူကို အကူအညီတောင်းလို့ရတာပဲ"

"ရပါတယ်. . . ပိုတောင်ပိုနေလို့ မနေတတ်မထိုင်တတ် ဖြစ်ရသေးတယ်၊ ကျွန်မတို့က အားနာရမှာပါ"





"အားလည်း မနာနဲ့. . . မနေတတ် မထိုင်တတ်လည်း မဖြစ်နဲ့ဗျာ၊ ကျုပ်တို့က ဒီလို ဧည့်ဝတ်ကျေလိုက် ရင်းနှီးလိုက်ရမှ ကျေနပ်တာ၊ အကူအညီတောင်းတာကို ကူညီလိုက်ချင်တာပါ"

ရွှန်းရွှန်းဝေအောင် စေတနာစကားတွေ ကြွယ်ပိုးစွာ ဒရောသောပါး ပြောမိသည်။ မြို့မှာလို ခမ်းနားသပ်ရပ်မှု မရှိတော့ ခေတ်မမီတော့လဲ စိုးရိမ်မိတာပဲပေါ့။ မိန်းမတစ်ယောက်ရဲ့အလှစစ်ကို တစ်သက်နဲ့တစ်ကိုယ် အခုမှ မြင်ခွင့်ရသွားတော့၏။ ခင်လတ်ရဲ့ မျက်နှာမသစ်ရသေးသော်လည်း အိပ်မှုန်စုံမွှားနဲ့ ထလာပုံကိုက လှပသစ်လွင်သပ်ရပ်နေမှုကိုး၊ ကပ္ပလီလို ချာတူးလံ ရောင်းမစွံ လူပျိုသိုးကြီးအဖို့တော့လည်း မြင်သမျှတွေ့သမျှ အချောအလှချည်းပဲပေါ့။ သူ့အဖို့ရာ ချေး(ကြီး)ကျောင် သိပ်ထူနေလို့မှ မရဘဲ။ မမြင်ဘူး မူးမြစ်ထင်။ ချဉ်ချဉ်တူးတူး မူးရင်ပြီးရောပဲ မဟုတ်လား။ အကုန်လှ အကုန်ကြိုက် အကုန်ချောကြီးပင်။ သဘောခွေ့ မနောတွေ့လေပြီ။

သီဝိမင်းကြီးတောင် ဥမ္မာဒန္တီကို မြင်မြင်ချင်း ဣန္ဒြေပျက်ယွင်းခဲ့ရသေးတာပဲ။ ပြေလျော့တွန့်ကြေနေသော အဝတ်အစား ကပိုကရိုနဲ့ကို တစ်မျိုးတမည် လှနေသည်ဟု ထင်မြင်မိသည်။ နဂိုရှိတော့ နဂိုင်းထွက် ဆိုသလိုပင် မူရင်းရုပ်ခံအလှ ရှိပြီးသူအဖို့ အပြင်အဆင် အခြယ်အသ အဆောင်အယောင်တွေ အားကိုးနေဖို့မှ မလိုဘဲကိုး။ အသဲထဲထိစွဲငြိစေအောင် လှပသူကလေးအဖြစ် မြင်မိသည်။ တကယ်လှပြီဆိုလျှင် ဘယ်လိုပဲကြည့်ကြည့် ရေစိမ်ခံအောင်ပင် အကြည့်ခံသည်။

"ကိုကြီးမောင် လုပ်စရာရှိတာ လုပ်ပါ. . . ရပါတယ်၊ ကျွန်မအတွက် ပြည့်စုံနေပါပြီ"

ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ဝေ့သီရင်း သူမက ပြောလေသည်။ ဟုတ်လေသားပဲ။ သူကလဲ မျက်လုံးကျွတ်ကျမတတ် သတိလက်လွတ် ငေးမိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ကိစ္စမရှိပါဘူး၊ အသင့်ကူညီလို့ ရအောင်ပါ၊ မပြည့်မစုံ ဖြစ်မှာစိုးလို့"

မဆီမဆိုင် စကားလိုးလွှဲပြောကာ အရှက်ပြေလျော့အောင် သိက္ခာဆည်ရသေး၏။ ရင်ခုန်သံတွေ ကမောက်ကမနဲ့ ဒိန်းဒိန်းသံ ညံနေချေပြီ။ မရိုးမရွစိတ်ဖြင့် ကတုန်ကယင် နေမထိ ထိုင်မရ ဖြစ်လေပြီ။ အလှသခင် ဘုရင်မရှေ့မှာ နဖူးတွေ့ဒူးတွေ့ ကြုံရလေတော့ တုန်လှုပ်ရသည်။

"ဟိုဒင်း. . . ကျွန်မ ရေချိုးမလို့ရှင့်၊ အဲ့ဒါ ရှင် တစ်နေရာက ထိုင်စောင့်နေလဲ ရပါတယ်၊ ဘာမှတော့ လိုမယ်မထင်ပါဘူး၊ ဒီမှာ အားလုံး အဆင်သင့်တာပဲ"

"အော်. . အင်း. . ကန်တော့ဗျာ၊ တောင်းပန်ပါတယ်. . . ကျုပ် လောကွတ်ချော်သွားတယ်"

ကပ္ပလိ ကိုယ့်ချိုစောင်းထိပ် ကိုယ်ပြန်ခေါက်ပြီး အပြစ်ပေးလိုက်ရသည်။ လက်ဆစ်တွေ မနာဘဲ နှလုံးသားက နာနေသည်။ သူ့နားနဲ့ နှလုံးသားက အကင်းမှ မပါးခဲ့ဘဲကိုး။ မိန်းကလေးတစ်ယောက်ကို အနေအထိုင်မတတ်အောင် မျက်လုံးကျွတ်ကျမတတ် ငေးမိငမ်းမိလေမှကိုး၊ အရှုးအမဲသားမြင်တော့ မျက်ဝန်းအရောင်တောက်သလိုပင် ဣန္ဒြေပျက်ယွင်းလိုက်ပုံက တစ်မျိုးတစ်မည် ထင်လောက်စရာပင်။

ကပ္ပလိ ရှက်အမ်းထူပူပြီး မျက်နှာနီရဲပလောင်းခတ်သွားသည်။ ယောင်ယမ်းပြီး အိမ်သာဘက် လျှောက်လာမိတော့ အထဲမှ မြင့်မောင်ကျော်၏လှမ်းအော်သံ ကြားရပြန်သည်။

"လူရှိလယ်ဟေ့. . လူရှိလယ်. . ထွီ"

"မသိပါဘူး. . . ငါက သရဲများ ရှိနေသလားလို့၊ လက်စသတ်တော့ အမြီးနဲ့ တက်နေတာကိုး"

မကြားတကြား ရေရွတ်ကာ နောက်ပြန်လှည့်မိ၏။ ကယောင်





ကတမ်းဖြင့် ဘာတွေလုပ်ပြီး ဘာတွေပြောနေမိမှန်းကို မသိတော့ပေ။ အိမ်သာမတက်ချင်ဘဲနဲ့ကို အိမ်သာဘက် ထွက်လာမိသည်။ ခေါင်းတဖြင်းဖြင်းကုပ်ကာ အိပ္ပဲအိပ္ပဲ ထုံ့ပိုင်းထုံ့ပိုင်းဖြင့် မလှမ်းချင်လှမ်းချင် လျှောက်ကာ အိမ်ဝိုင်း အပြင်ဘက် ထွက်လာမိတော့သည်။ ခင်လတ်ကို ဒီမျက်နှာကြီး ဘယ်လိုပြရမှန်း ပင်မသိတော့ပေ။ မျက်နှာမထားတတ်အောင် ဖြစ်ရလေပြီ။ အရှက်သည်းစွာ ထူထူပူပူ ခံစားရလေ၏။

နေအတော်လေးမြင့်မှ နံနက်စာ အဆာပြေ စားဖြစ်ကြသည်။ ဇော်ရှိန်းနဲ့မောင်ဖိုးတောင် ခွေးတလုံးလုံးဖြင့် အလုပ်များနေလေပြီ။ ညက မူးကြပျော်ကြပုံတွေကို စားမြုံ့ပြန် အရသာခံပြောကာ ရယ်ရင်းမောရင်း အလုပ်ခွင် ဝင်နေကြသည်။ စိတ်နဲ့ကိုယ် မကပ်ဘဲ အလုပ်က တခြား၊ စိတ်က နတ်မိမယ်လေးများထံ ရောက်နေကြသည်။

ရာဇွန့်က လေတဂေ့ဂေ့ တအေ့အေ့ဖြင့် လေပျို့နေပြီး မိုးပျံချက်တဲကို ကြွမြန်းဖို့ စကားလမ်းကြောင်း ခင်းနေသည်။ တည့်တည့်တစ်မျိုး သွယ်ဝိုက်၍တစ်မျိုး အစဖော် ဆွဲထုတ်နေလေ၏။

"ဂေ့. . . အေ့. . . ရာသီဥတုကတော့ အုံ့ပျံ့ပျံ့လေးဗျ"

ကပ္ပလိက ညှို့သည်တွေမျက်နှာကြောင့် ထမင်းမေ့ ဟင်းမေ့ အရက်မေ့ ဖြစ်နေပြီ။ တပည့်ကျော် ရာဇွန့်ကို မျက်စချီကာ ပေမှေးမှေး ကြည့်လေသည်။ ရာဇွန့် မချိမချဉ် လျှာတစ်လစ်ထုတ်ကာ ဇက်ပုသွားရသည်။

"ရေဆာလိုက်တာဗျာ. . . ရေခဲစိမ်အေးအေးလေး သောက်လိုက်ရရင် အမောပြေမယ်၊ ရင်ထဲက အမောလုံးတွေ ကျမှာပဲ"

အသေအချာ တွက်ကိန်းနဲ့ကို စကားခေါ်နေတော့တာပဲ။ အရင်ဆို ရာဇွန့်က ကပ္ပလိကို နှစ်ခါမပြောက်ရဘူး။ ပင့်စရာကို မလိုဘဲ ကြွမြန်းတာ။ မျက်နှာမြင်ရုံနဲ့ မိုးပျံဆိုင် သွားရမယ်ဆိုတာ ပုံသေကားချ ထွက်နည်းဖြစ်နေတာ။ အရှေ့အရပ်မှာ နေဝင်ပြီး အနောက်မှာ နေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်တာသာ ဖြစ်ချင်ဖြစ်လိမ့်မည်။ ကပ္ပလီနဲ့ရာညွန့် မြင်ပြီ ဆုံပြီ ဆိုလျှင် မိုးပျံချက်တဲကတော့ သေချာပေါက် ရောက်ပြီ။ ယောင်ယမ်းပြီး လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်ကို လုံးဝရောက်မသွားပေ။ ဤမျှ သေချာကျနသော ပုံသေနည်းပင်။ သူတို့မှာ အခြားကောင်းရာကောင်းကြောင်းနဲ့ ဆုံတွေ့ဖို့ရန် အကြောင်းမရှိပေ။

စက်ဘီးတစ်စီးနဲ့ ဒရိုင်ဘာတစ်ယောက်ဖြစ်သော ကိုဖိုးမောင်ကတော့ လုံးဝဉသုံ ပေါ်မလာပေ။ ကားစက်ပြင်တဲ့ဆရာများ ခေါ်ရင်း ကိုယ်တိုင် ဆရာဖြစ်နေပြီလားမသိ။ ကိုယ်တိုင်ကိုယ်ကျ ဆရာဖြစ်သင်တန်းတက်ကာ သင်တန်းဆင်းမှ ပြန်လာမည်လား မပြောတတ်ပေ။ သူတို့ကလဲ ကကျိုးကကြောင် ကိုဖိုးမောင်နဲ့မှ ခရီးအတူထွက်လာမိခဲ့ကြခြင်းပင်။

သူ့ကို အားကိုးပြီး လိုက်လာခဲ့ကြပါသည်ဆိုမှပဲ သူ့ကို စိတ်ပြန်ပူနေရသည့်အဖြစ်ပင်။ စိုးထိတ်ပူပန်ကာ လာလမ်းအတိုင်း လှမ်းမျှော်မိကြသေးသည်။

ကပ္ပလီက စိတ်မပူကြဖို့ အားပေးစကား ဆိုလေသည်။ ညနေစောင်းလို့မှ မရောက်ရင် ဇော်၊ မော် ညီနောင်အား လှည်းကောက်စေပြီး နောက်မှလိုက်လံစုံစမ်းပေးမည်ဟု ဆိုလိုက်ရသည်။ ခဏတာ စိတ်သက်သာရာရသွားကြသည်။ ခင်လတ်က ရင်တမမ ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေသည်။ ဒီခရီးကို အစဖော်ပြီး တာဝန်ယူ ခေါင်းခံကာ ခေါ်လာမိသော မြင့်မောင်ကျော်ကလဲ အခုမှ ပူရကောင်းမှန်း သိနေတော့သည်။ ရဲလင်းနဲ့ လဲ့ရည်တို့နှစ်ယောက်ကတော့ လယ်ကန်သင်းဘောင်တစ်လျှောက် မိုးမမြင် လေမမြင် ပြေးလွှားပျော်မြူးလို့ အကြိုက်တွေ့နေပြီ။ မောလာရင် ကိုင်းမြက်တွေရဲ့အကွယ်မှာ ခိုနားကာ ချစ်သူနဲ့ ချွေးသိပ် အမောဖြေလို့။ သူတို့အတွဲကို ကြည့်ပြီး ကပ္ပလီက အသဲတယားယား ရင်တမမ ကလိကလိဖြစ်နေမိသည်။





မေရီနှင့် နွယ်နီတို့နှစ်ယောက်ကတော့ အပူအပင်မရှိ။ တစ်ကိုယ်ရည်တစ်ကာယလှပဖို့အတွက် ရှေ့တန်းတင်ကာ စိတ်ညစ်စရာတွေ အားလုံးကို ပစ်ပယ်ထားသည်။ စိတ်အရှုပ်မခံဘဲ ပျော်ပျော်နေကြသည်။ အလှပျက်မှာကို ဘဝပျက်မှာထက် ပိုကြောက်မိမှန်းမသိကြောက်နေကြလေ၏။

ဘာတွေ ဘယ်လိုဖြစ်ဖြစ် ဂရုမထားပေ။ သူတို့ဘော်ဒီလှပဖို့အတွက်သာ အရေးတကြီး ဦးစားပေးနေကြ၏။ နွယ်နီက ကက်ဆက်တစ်လုံးနဲ့ လေ့ကျင့်ခန်း ဆင်းကာ ကကွက်နင်းနေသည်။ မေရီက ဂျုံဖျာပေါ်မှာ ငြိမ့်ညောင်းညင်ညာစွာ လေ့ကျင့်နေ၏။ သူတို့ ဘဝကလေးတွေပဲ အေးမြသာယာလှသည်။ ကပ္ပလီ အတွက်တော့ ဗျာများရပါသည်။ ပူပန်ကြောင့်ကြရသည်။ စိတ်ဓါတ်ကို တင်းမာပြီး ဦးဆောင်ပြရသည်။ ရင်ဗလောင်ဆူနေတာကို မျိုသိပ်ပြီး သတိပြုဆင်ခြင်နေရသည်။ လျှင်မြန်ဖြတ်လက်စွာ တွေးဆကြံစည် နေရခြင်းဖြင့် စိတ်အိုက်နေလေတော့သည်။ နာမည်ဂုဏ်သိက္ခာကသာ သူ့ရဲ့အဆင်းတန်ဆာဖြစ်လေတော့ ပိုမိုစောင့်စည်းထိန်းသိမ်းနေရသည်။

ရာညွန့်က မြင့်မောင်ကျော်ကို စည်းရုံးရေးဆင်းကာ မိုးပျံသို့ ခြေလှမ်းဟန်ပြင်သည်။ ကြောင်လဲကြောင်တဲ့ မကျော်တော့သော မြင့်မောင်ကြောင်က နှစ်ခါမခေါ်ရပေ။ အားတက်သရော လမ်းမသိဘဲ ရှေ့က ခြေလှမ်းစိတ်စောကာ ဟန်တပြင်ပြင် ဖြစ်လို့နေ၏။

ခင်လတ်က စာအုပ်တစ်အုပ်ဖြင့် ပက်လက်ကုလားထိုင်မှာ မှိုရင်း ဇိမ်ကျနေလေသည်။





www.burmeseclassic.com

www.burmeseclassic.com



# အချစ်မှူးသော် ဒဲပြူးသနော်

စာဖတ်နေရင်းနဲ့ မျက်လုံးက မှေးစင်းလာသည်။ အိပ်ယာထဲ ဝင်ခွေကြည့်တော့လဲ မျက်လုံးကကြောင်ကာ အိပ်မရပြန်။ စာဆက်ဖတ်ကြည့်တော့လဲ အဆင်မပြေလှ။ လက်ညောင်းလာသည်။

ပြီးမှ စိတ်ကူးအကြံတစ်ခုပေါ်လာသဖြင့် ကားရှိရာ ပြန်ထွက်လာခဲ့သည်။ ကားပေါ်မှ အသင့်ဖျော်သောက်လို့ရနိုင်သော ကော်ဖီမစ်အထုပ်တွေပါလာတာပဲ။ တစ်ခွက်တစ်ဖလား ဖျော်ပြီးသောက်လို့ရတာပဲ။ ယောင်ဝါးဝါးဖြစ်နေမှာထက်စာရင် တစ်ခွက်သော ကော်ဖီသောက်နေရတာ အရ သာစည်းစိမ်ရှိပေလိမ့်မည်။ ကော်ဖီတစ်တွဲ ထုတ်ယူပြီး ကားပေါ်မှ ပြန်ဆင်းလာခဲ့ပါသည်။

"ဝုတ် ဝုတ်. . . . ဝူး ဂရား"





"အမလေး"

ရုတ်တရက် ထိုးဟောင် မာန်ဖီရင်း ခွေးတစ်ကောင်က ပြေးဆွဲသည်။ ကြောက်အားတကြီး လန့်ဖျပ်ပြီး ပြေးမိပြေးရာ ပြေးထွက်မိသည်။ ကားကို တစ်ပတ်,ပတ်ပြေးမိလေတော့ လူတစ်ယောက်ကို ဘွားကနဲ တွေ့လိုက်ရသည်။ အစွယ်ဖွေးဖွေး ခွေးမဲကြီးကလည်း ပြေးလေ လိုက်ဆွဲလေပင်။ ဘာမှ စဉ်းစားနေချိန်မရပေ။ ထိုအားကိုးစရာကြီးပင် ပြေးကပ် တွယ်ဖက်လိုက်မိသည်။

"ဟဲ့ခွေး. . . ရမ်ဘို. . . ဟေ့ကောင်"

ထိုလူက ခွေးကို မာန်မဲလိုက်ဟောက်လေသည်။ ခွေးတစ်ကောင်နဲ့ လူနှစ်ယောက် ကိုးရိုးကားရား ဖြစ်သွားရသည်။ ခွေးက ဟိန်းဟောက်သံကြောင့် ခြေလှမ်းတုံ့ရပ်ကာ အစွယ်သွားဖြီးပြီး အမြီးကုပ် စောင့်ကြည့်သည်။

ခင်လတ်က ခွေးကို လူနှင့် ကွယ်ကာ ရပ်ပြီးဒူးတုန်ထိတ်လန့်ကြောက်ရွံ့နေမိသည်။ အသေအချာကြည့်မိတော့မှ လမ်းမှာ တွေ့ခဲ့ဘူးသည့် ခါးပြအယောင်ဆောင် လူနောက်ဖြစ်လို့နေသည်။ ထိုသူက ဖေးမကူညီ စာနာစိတ်ဖြင့်ပင် သူမရဲ့ ပခုံးကို ပြန်ကိုင်ပေးထားသည်။ ခွေးက သိပ်မကျေမချမ်းလေဟန်ဖြင့် မျက်လုံးစွေစောင်းကြည့်သည်။ အားကိုးရာပြီး ခါးကို သိုင်းဖက်ကာ မလွှတ်ရဲ့ဘဲ ခွေးဆီသာ အာရုံရောက် နေမိလေ၏။

"အဲ့ဒါ ရှင့်ခွေးလား"

"ဟုတ်တယ်ဗျ. . . ဒီကောင်ကြီး သိပ်လိမ္မာတာ"

"ဘာလိမ္မာတာလဲ. . . လူကို လိုက်ကိုက်တာ လိမ္မာတာလား"

ဘုတောပြီး ညစ်ကျယ်ကျယ် ဟောက်ပစ်လိုက်မိတော့သည်။ လူပြောင်လူနောက် ငလက်ဝါးက မချိုမချဉ် ပြုံးကာ သူမ စိတ်တို ကြောက်လန့်နေပုံလေးကို သဘောကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရယ်မနေနဲ့. . . ရှင့်ခွေးကြီး မောင်းလိုက်ဦး"

"ရပါတယ်. . . မကိုက်ပါဘူး၊ မကြောက်ပါနဲ့၊ ကျုပ်စကားကို နားထောင်ပါတယ် အမိရဲ့. . . ဟဲဟဲ"

"ထောင်ထောင် မထောင်ထောင်. . . ရှင်မရှိရင် ကျွန်မ ဆွဲခံ နေရလောက်ပြီ. . . သောက်ခွေး"

"ဟဲ့. . . ရမ်ဘို သွားစမ်း၊ ဒါလေးက မကိုက်ကောင်းဘူးကွ မစားကောင်းတဲ့အသီး"

"ဘာရှင့်"

ခင်လတ် စိတ်ပိုမိုတိုလာကာ ဒေါ်ခီးလေ၏။ မျက်စောင်းထိုး ကာ နှုတ်ခမ်းလှုလှု ဆူပစ်လေသည်။

"ကျုပ်ခွေးက ဒီလိုပြောမှ နားလည်တာ"

လက်ဝါးက အသားယူပြီး. . . နောက်တီးနောက်တောက် လျှောက်ပြောလေသည်။ ခွေးကောင် ရမ်ဘိုက မတတ်သာလေဟန်ဖြင့် သွားရည်တမြားမြားကျကာ လှည့်ထွက်သွားသည်။ မသွားချင်သွားချင် ဖြင့် သခင်က လူလည်ကျတာ ခံရပြီး မောင်းထုတ်၍ ထွက်သွားရသည်။ လက်ဝါးအတွက် မသဒ္ဒါရေစာကို ချန်ထားရလေဟန် ပေါ်နေလေ သည်။

"ဟင်. . မင်း. . မင်း လေက်ဝါး"

"ဟော. . ကပ္ပလီ. . အဲ. . ကြီးမောင်"

နောက်ကျောဘက်မှ ရေရွှတ်သံနှင့်အတူ ကြီးမောင် ရောက်ချလာသည်။ မျက်ကလူးဆန်ပြာဖြင့် လက်ညှိုးထိုးကာ အေ ပစ်လေသည်။

"လွှတ်လိုက်စမ်း. . . မင်းဘာလုပ်တာလဲ"

"အဲ "

အခုမှ သတိလက်လွှတ် ဆုပ်ကိုင်ထားမိသော ပခုံးသားပေါ်





လက်ကို ပြန်ရုတ်သည်။ ရှက်ရဲရဲဖြစ်သွားသော ခင်လတ်ကလဲ ကြောက် အားတကြီး သိုင်းဖက်ကိုင်ထားမိသော လက်ကို ပြန်လွှတ်ရသည်။

"မင်း ညော့်လူစိမ်း မိန်းကလေးကို မတော်မသင့် ဆင်ကြံကြံတာ လား လေက်ဝါး"

"ငါ့ဖာသာငါ ဆင်ကြံမကလို့ ဆိတ်ကြံပဲ ကြံကြံ မင်းအပူ ပါလား ကြီးမောင်"

"ဟင် ခွေးကောင် မိုက်ရိုင်းလိုက်တဲ့ အကောင်"

စိတ်ဆိုးမာန်ဆိုး ဒေါသတကြီးဖြင့်လည်း အားကုန်စိုက်၍ လှမ်း ထိုးလေသည်။ လေက်ဝါးကလဲ လျှင်သည်။ အလျှင်အမြန် တိမ်းရှောင် လိုက်ပါသည်။ ကပ္ပလီရဲ့ လက်သီးက လေဟာနယ် ဗလာထဲမှာ အရှိန် ကုန် ရပ်တန့်သွားရသည်။ လက်သီးတစ်ချက် အလွတ်ရှောင်ကာ အီး ပေါက်နိုင်သေး၏။ သို့သော် မြင့်မောင်ကျော်နှင့် ရောညွန့်တို့ပါ ရောက် လာပြီး ကမူးရှူးထိုး မူးပြီးရမ်းသမျှ လေက်ဝါး အီစလံဝေအောင် ခံရ လေတော့သည်။

"ဖုန်း"

"ခွပ်"

"အောင့်မင်း"

"ဂုတ်ဂွက်"

"ဟော့. . . ဆော်သဟ၊ တကယ်ဆော်တာဗျ"

ဒူး၊ တံတောင်၊ ခြေဖျား၊ လက်သီး လက်ဝါးများ တရစပ် မရပ်မနား ဆက်တိုက်ဆိုသလို ဝင်လာသည်။ အားသာနေချိန်ဆိုတော့ ကပ္ပလီ အတင့်ရဲစွာ ရှေ့တိုးကပ်ပြီး ထိုးရန်ချိန်ရွယ်လေသည်။ ပြူးပြာ ထိတ်လန့်စွာ ခုန်ဆွခုန်ဆွ ပြောမထွက်ဖြစ်နေသော ခင်လတ်ထံမှ တား မြစ်သံ ထွက်လာလေသည်။

"အို. . . တော်ကြပါတော့ စိတ်ရှုပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်လတ် ခေါင်းတဖြင်းဖြင်း ကုပ်ကာ မျက်နှာရှုံ့မဲ့၍ စိတ်မကောင်းဖြစ်သွားသည်။ မြင့်မောင်ကျော်နှင့် ရာညွန့်တို့ ကိုယ်ရှိန်သက်ကာ ရပ်တန့်ကြ၏။ လက်ဝါးရဲ့ သာယာနေတဲ့ ဘဝလေး ပျက်စီးလေပြီ။ မျက်နှာမှာ ညှိုမဲစွဲ၊ ထိပ်မှာ အာလူးဘုသီးတွေ ဖုထသွားသည်။ ကျောပြင်နဲ့ရင်ဘတ် အောင့်သက် အီစလံဝေကာ ခင်လတ်ရဲ့ သနားကရုဏာကို ခံယူလေတော့သည်။

လက်သီးဖြင့် ချိန်ရွယ်ထားတာကို ဖြေလျှော့ကာ အရှိန်မသေသေးသော စိတ်ကြောင့် လက်ဝါးရဲ့ နဖူးကို တစ်ချက်တုံ့ပြန်လိုက်ပါသည်။ ကြီးမောင်က လက်ညှိုးဖြင့် တစ်ချက် လှမ်းတောက်ခြင်းပင်။ လက်ဝါးမျက်လုံး ဂျင်ချာလည် စွေစောင်းပြီး နောက်သို့ ပတ်လက်လန် လဲကျသွားတော့သည်။

“ရှင်တို့ကလဲ မပြောမဆိုနဲ့ မမေးစမ်းဘဲ ဇွတ်လုပ်ကြတာပဲ၊ သူက ကျွန်မကို ကယ်လိုက်တာ”

“အလိုလေး. . . လူကို ဖက်ပြီးကယ်ရသလား”

ရာညွန့် ရှုံ့မဲ့ညည်းတွားကာ မကျေမချမ်း ရေရွတ်သည်။ မူးမူးရူးရူးနဲ့ ထင်ချင်ရာထင် မြင်ချင်ရာမြင်ပြီး စိတ်မိုက်စိတ်ရိုင်းတွေ ဝင်မိကြသည်။

“သူ့ခွေးက ကျွန်မကို ကိုက်မလို့ လုပ်တုန်း သူက ဖမ်းကွယ်ပြီး ကာပေးတာ မောင်းထုတ်ပေးတာရှင့်”

“အော်. . . ဒီလိုလား”

ခင်လတ်က ကြီးမောင်ရဲ့ အမေးကို ခေါင်းညိတ်ပြီး မဝံ့မရဲ ဖြေလေ၏။

“ဒီကောင် ခွေးတစ်ကောင်လုံး အသုံးချနည်းနဲ့ ဆင်ကြံ့ကြံတာနေမှာပါဗျ၊ လမ်းမှာကတည်းက ရီးတီးယားတားနဲ့ ကျုပ်တို့ကားကိုတားပြီး တောင်ပြောမြောက်ပြော ပြောလိုက်သေးတယ်”





“ဟင်. . . ဟုတ်လား၊ ဘယ်လိုပြောသတုန်းဗျ”

တအံ့တသြ ဖြစ်သွားကာ ရာညွန့်က မေးလေသည်။ မြင့်မောင်ကျော်က သူတို့လမ်းမှာ ဆုံခဲ့ရပုံကို ပြန်ပြီး ဇာတ်ကြောင်းခင်းပြလေသည်။ ကြီးမောင်က မှတ်ချက်စကားဆိုပြီး လက်ဝါးကို ဆွဲထူသည်။

“ဒီကောင်က အစအနောက်တော့ အလွန်သန်တယ်ဗျ၊ ကိုယ့်ကိုယ်ကို အနာခံပြီးတော့ လွှတ်နောက်တဲ့ကောင်”

လက်ဝါးက ငုတ်တုတ်ဆောင့်ကြောင့် ထိုင်ကာ အသနားခံမျက်ရည်ကျပြလေသည်။

“ငိုမနေနဲ့ ချီးပေ၊ လာ. . . ငါကြက်ထုပ်ထိုးပေးမယ်”

ကြီးမောင်က လက်မောင်းမှ ဆွဲကိုင်ကာ စွေ့ကနဲ မ,၍ ဒရွတ်တိုက်ခေါ်သွားသည်။

“အဲ့ဒီမြို့သူမမကို မေးကြည့်ပါ ယောက်ဖ၊ ငါက မေတ္တာ စေတနာနဲ့ ကူညီတာပါကွာ”

“ဘီလူးရုပ်နဲ့ သီတာလွမ်းချင်းဆိုမနေနဲ့ကွာ ကြည့်ရဆိုးတယ် ခွီးမှုပဲ. . . ယောကျ်ားမဟုတ်ဘူးလား၊ ငါလဲ ရုတ်တရက်ဆိုတော့ ဒေါပွတာပေါ့”

“ယောကျ်ားတော့ ယောကျ်ားပါဆို. . . အခွီး”

“တယ်လေ. . . ငါ ဖင်ပိတ်ကန်မိတော့မှာပဲ. . . မငိုနဲ့”

“အေးပါ ယောက်ဖရယ်၊ ငိုတော့ဘူး အရှူး. . . .”

နှပ်တရှုံ့ရှုံ့ ငိုမဲ့မဲ့ဖြင့် ကြီးမောင်ဆွဲခေါ်ရာ လက်ဝါး သကောင့်သား ကန့်လန့်ကန့်လန့်ဖြင့် ပါသွားလေတော့သည်။ လုပ်လိုက်ကြမှဖြင့် တလွဲတရမ်းကြီးပင်။ ပြဿနာအစရှာသော ခွေးမဲရမ်ဘိုက ဘယ်ဆီရောက်သွားမှန်း မသိချေ။

“အမလေး မြို့သူမမရဲ့. . . နာလှသဗျ၊ ဝိုင်းပြီး ဆွမ်းကြီး



www.burmeseclassic.com

www.burmeseclassic.com



လောင်းလိုက်ကြတာ. . . အဟီး"

ကြီးမောင်က မဆုံးနိုင်သော ညည်းချင်းရှည်ကို နားကြားပြင်းကပ်လာသည်။ မျက်လုံးပြူးပြီး အံကြိတ်ပြလိုက်လေမှ လက်ဝါး သူ့ပါးစပ်သူ လက်နဲ့ ပိတ်ထားတော့သည်။ ပြောမရ ဆိုမရတော့ရင် အပိုကြေး ဘောက်ဆူးတွေ ထပ်လာနိုင်သောကြောင့်ပင်။ အထင်မှားအမြင်မှားပြီး လုပ်လိုက်မိတာ ရက်စက်ရာကျသွားသမို့ ကြီးမောင်က အခုမှ ပြန်အဖတ်ဆယ်ပြနေသည်။ ကြီးမောင်က ဒေါသလဲ တကယ်ကြီးသလောက် သနားကြင်နာ ညှာတာစိတ်လဲ ရှိ၏။

၄ ၄ ၄ ၄

ဒူးကလေး တန့်နှံ့ဖြင့် ဇိမ်ကျနေသော သူ့အနားသို့ ခင်လတ်က လာရပ်သည်။ နှံ့နေသောဒူးကို ရပ်လိုက်ပြီး ကိုယ်ကို ဆန့်မတ်လိုက်မိသည်။

"မခင်လတ်ပါလား၊ ထိုင်လေဗျာ မတ်တတ်ကြီးနဲ့"

ခင်လတ်က ကွပ်ပျစ်ပေါ်မှာ အသာအယာ ဝင်ထိုင်လေ၏။ မျက်နှာတည်ကလေးနဲ့ လှပအေးမြနေသော သူမကို ပြုံးယောင် သန်းပြကာ မျက်နှာချိုသွေးလိုက်မိသည်။





"နေရထိုင်ရကာ အဆင်ပြေရဲ့လားဗျ၊ ပျင်းနေရင်လဲ ရွာထဲလျှောက်လည်ပါလား ကျုပ်လိုက်ပို့ပါ့မယ်"

"ဟုတ်. . အဆင်ပြေပါတယ်၊ ဒီပုံအတိုင်းဆို ဒီမှာ သောင်တင်နေပြီနော်၊ ကျွန်မတော့ ပြန်တောင်ပြန်ချင်လာပြီ"

"ဘာလဲဗျ. . . မြို့မှာ လွမ်းရမဲ့သူ ရှိနေလို့လား"

"မရှိတော့ပါဘူးလေ၊ ကျွန်မအတွက် လွမ်းနေခွင့်လေးတောင် မရတော့ပါဘူး"

ခင်လတ်ရဲ့စကားကို တိုင်းဆကြည့်ကာ ကြီးမောင် ကိုယ်ချင်းစာနာမိသွားလေသည်။ လူဆိုတာ လိုအင်တွေ ပြည့်နှက်နေတဲ့ ကမ္ဘာထဲမှာ မပြည့်စုံမဖူလုံဘဲ ရှင်သန်ကြရသူတွေချည်းပင်။ မရှိတော့ဘူးဆိုသူ တစ်ယောက်အတွက် လွမ်းစရာဟာ ရှိခဲ့ဖူးမှာ အမှန်ပဲ။ လွမ်းနေခွင့်လေးတောင် မရအောင် သူကိုယ်တိုင်လဲ နှံချာခဲ့ဖူးတာဆိုတော့ ခံစားချက် တူညီနေတာပဲပေါ့။ အတွေးကိုယ်စီဖြင့် ဆိတ်သုဉ်းငေးမောကာ စကားအမျှင် ပြတ်တောင်းသွားကြသည်။ အတွေးတွေက ကိုယ်စီကိုယ်ငှ ဝေဆာပူလောင်လို့။

"ကိုကြီးမောင်ကို ကျေးဇူးတင်ပါတယ်"

"ဗျာ "

ရုတ်တရက် ချိုသာသောစကားက နှုတ်ဖျားမှ ထွက်လာ၍ တအံ့တသြ ရေရွတ်တုံ့ပြန်မိသည်။

"ဘာဖြစ်လို့လဲဗျ. . . ကျုပ်နားမလည်ဘူး၊ ခင်ဗျားရဲ့ဒဏ်ရာ ဟောင်းကို ဆွပေးလို့ ကျေးဇူးတင်တာလား"

"မဟုတ်ပါဘူးလေ. . . မနက်က ဖြစ်တဲ့ကိစ္စအတွက်ပါ၊ ကိုလက်ဝါးနဲ့ ဖြစ်ကြတာလေ၊ ကျွန်မအတွက် စိုးရိမ်ပူပန်ပေးတာ၊ စောင့်ရှောက်ကူညီရိုင်းပင်းတဲ့ စိတ်ဓါတ်ကို အထင်းသား မြင်လိုက်ရတဲ့ အတွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. . . ရပါတယ် မလိုပါဘူး"

"ဘယ်နှယ့် မလိုရမှာလဲ၊ ရှင်က အလေးထားသလောက် ကျွန်မကလဲ ပြန်ပြီး အသိအမှတ်ပြု ဂုဏ်ပြုရမှာပေါ့"

ကြည်နူးချိုအီသော အပြုံးချင်း ဖလှယ်မိလိုက်ကြပါသည်။ ကြီးမောင် ပြုံးအလှပိုင်ရှင်ကို မြင်ရတော့ စိတ်ထင့်လေးမောစွာ ပင့်သက်ချမိသည်။ သူတို့ဆုံတွေ့ခြင်း ခါးသက်လွန်းပါသည်။ အဘယ်ကြောင့်ဆိုသော် မုသားမပါသောကြောင့် ချိုသာစွာ တန်ဆာဆင်မထားနိုင်မို့ပင်။ လှယဉ်ကျေးမယ်မှာ ဝရင် ဘေးဖယ်တာ ရှိကောင်းရှိပေလိမ့်မည်။ စိတ်ယဉ်ကျေးမယ် လိပ်ဆင်နွေးတယ်ဆိုတာ ရှိမှမရှိခဲ့ပဲကိုး။ စိတ်အလှမှာ ယစ်မူးပျော်ရွှင် ခိုတွယ်မိသည်။







# ကမူးရှူးထိုး သောက်ဘူးအိုး

**တစ်**ရွာတည်းသားချင်း ပြောမနာ ဆိုမနာ အပေါင်းအသင်းဟောင်းတွေ ဖြစ်နေလေတော့ လက်ဝါးနဲ့ ကပ္ပလီတို့မှာ အပြစ်မဆိုသာ။ ဆူလွယ်နပ်လွယ် ကျေနပ်လွယ်စွာ နားလည်ကျေနပ်လိုက်ကြပါသည်။ နောင်လည်း ဒီအခွက်တွေက တွေ့နေကြရမှာပဲ မဟုတ်လား။ လိုအပ်တာထက်ပိုပြီး မောက်မာမာန်တက်ချင်နေတဲ့ မြင့်မောင်ကျော်ကိုတော့ လက်ဝါးက အခဲမကြေချင်ပေ။ အချောင်ဝင်အုပ်သွားတာ ဗလိုင်းကြီးကျန်စားလုပ်ကာ ရိတ်သွားတာ ခံလိုက်ရသည်။ ကပ္ပလီနဲ့ ခင်လတ်မျက်နှာကြောင့်သာ သဘောထားကြီးပြနေရတာ။ လုံးဝနဲ့ ဥဿုံကို ကျေနပ်လှတာ မဟုတ်ပေ။ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြန်လို့သာ လာခဲ့ရသည်။ စိတ်တွေက ကရုဏာမျက်ဝန်းရှင်မလေး ခင်လတ်ထံမှာ ခစား



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်တော့၏။

မွန်းတိမ်းချိန်မှာ ကားဆရာကိုဖိုးမောင် ပြန်ရောက်လာသည်။ ဖွတ်ချုပ်ဆိုင်ကယ်စုတ်ကလေးနှင့် ကားဆရာဝန်ကိုလဲ တစ်ပါတည်း ခေါ်လာသည်။

“တော်သေးတယ်နော် ပြန်လာဖော်ရသေးလို့”

“ဟုတ်ပ. . . ပေါ်မလာဇာတ်ကား ရိုက်သွားပြီ မှတ်နေတာ၊ ပြန်တော့ လာရှာသား”

တစ်ယောက်တစ်ယောက် အော်ဟစ်ဆူညံသံများဖြင့် ဝိုင်းဝန်းထောပနာပြုကြလေသည်။

“ကိုဖိုးမောင်. . တော့်ကို ကျွန်မတို့က ဝပ်ရှော့သင်တန်းဆင်း လက်မှတ် တစ်ခါတည်း စောင့်ယူနေပြီမှတ်တာ”

“အဟီး. . . ဆရာ မအားလို့ပါဟ၊ ဝပ်ရှော့ဆရာရဲ့မိန်းမက မီးဖွားခါနီး ဗိုက်နာနေလို့ စောင့်နေရတာ”

“ဖြစ်မှဖြစ်ရလေတော်. . .”

ကွင်းခေါင်ခေါင် အင်းအိုင်များပေါသော ဒီလိုဒေသမှာ ကားပြင်ဆရာက ရှားပါးပစ္စည်းဖြစ်လို့နေသည်။ လက်မှုမှသည် စက်မှုကို ကူးပြောင်းကာစဆိုတော့လဲ ရေစုပ်စက် မော်တာလောက်သာ သိကျွမ်းကြတဲ့အရပ်။ ကားဆို မတို့ရဲ မထိရဲ ဗဟုသုတ နည်းပါးသည်။ ဒီလိုနေရာမှာမှ ကားဆရာဝန်က စီးပွားဖြစ် လာအခြေချကာ သွက်လက်ပြနေခြင်းပင်။ ရွှေနဲ့ရေကို မလို။ ရွှေထက်ရေထက် ရှားသော ဝပ်ရှော့ကိုသာ လိုသည်။ ဝပ်ရှော့ဆရာက ဒီတာဆုံမှာ သူတစ်ယောက်ပဲ ရှိသကိုး။

ဒီလိုရှားပါးရတနာ ဖြစ်တာကြောင့်လဲ ကိုဖိုးမောင်က ကုပ်ကပ်ပေကပ်ပြီး စိတ်ရှည်စွာ စောင့်ခေါ်နေခြင်းပင်ဖြစ်ပေလိမ့်မည်။ မော်တော်ဆိုင်ကယ်ပေါ်မှာ အသင့်ပါလာသော တူးဘောက်စ်ကို ဟန်ပါပါ ဆွဲမလိုက်သည်။ ကလစ်ကချော်ပြီး တူးဘောက်စ် သေတ္တာအဖုံး ပွင့်





သွားသည်။

“ကလုံ၊ ကလျှင်၊ ကလမ်”

ဂွ၊ ဝက်အူလှည့်များ အပြုံလိုက် ထွက်ကျကုန်လေသည်။ ထွက်ကျရုံတင်မက ပလာယာတစ်ချောင်းက သူ့ခြေမပေါ် တည့်တည့် ကျလေသေး၏။

“အူး. . .”

ခင်လတ်နဲ့လှဲ့ရည် တစ်ယောက်မျက်နှာတစ်ယောက်. . . အဓိပ္ပါယ်ပါပါ ငဲ့ကြည့်မိကြသည်။ တော်တော်အားကိုးလို့ရမဲ့ ဖြုတ်စဖျင်းတောင်း ဝပ်ရှော့ဆရာကိုတော့ ရှာဖွေတွေ့ရှိထားပေသည်။ ကြေးကြီးပေးပြီး တစ်နှစ်စာချုပ်နဲ့ ငှားရမ်းထားချင်စိတ်ပင် ကုန်လေသည်။ မရှိသုံးအဖြစ် တစ်ရက်နှစ်ရက် အငှားသုံးကာ မဖြစ်ညစ်ကျယ် ဖြည့်ဆည်းရတော့မည်ဆိုတာ ကောင်းကောင်းသဘောပေါက်သွားကြလေပြီ။

“လာဗျာ ဆရာပွ၊ ကားကတော့ ကိုယ့်ဆရာခေါင်းစားပြီး အလုပ်ရှုပ်အောင် ဆီးကြိုနေပါတယ်ဗျာ”

“တွေ့ကြတာပဗျာ. . ကားနဲ့ပွ ပင်လယ်ပြင်မှာ မွကြတာပေါ့”

နာမည်နဲ့ လိုက်အောင် ပွသော နှာကို တရှုံ့ရှုံ့လုပ်ရင်း ရောသမမွှေရန် အားခဲ ခတ်ကွင်းပြင်လေသည်။ ဟိတ်ကြီးဟန်ကြီး တစ်ခွဲသားတင်းပြည့်ကျပ်ပြည့် ဘာတွေပွသလဲတော့မသိ၊ လက်တွေကတော့ ဖွင့်ထားသော တူးဘောက်စ်ထဲမှ ဂွကွင်းများပေါ် ရွရွပြေးလွှားနေတော့သည်။ ကားသော့ကို မွှေကြည့်သည်။ ဆီဝိုင်ရေလေ စစ်သည်။ မီးပျောက် ဆီပျောက်သလား အကဲခတ်သည်။ လက်ဖျောက်တစ်ချက်တီးသည်။

“ဆရာပွ ဘယ်လိုလဲ. . . အပြစ်ရှာတွေ့ပြီလား”

“ဘာမှန်းကို မသိရသေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



မြင်ရကြားရသမျှ နားမျက်စိတွေ မသက်သာစရာပင်။ ဖျာကြမ်းတစ်ချပ် တောင်းသည်။ ကားအောက်ပိုင်းသို့ ဝင်၍ ဟိုဒီလျှောက်ကလိသည်။ ဖိုးမောင်က အားတက်ဖွယ် ညွှန်းဆိုသည်။

“ဒီနယ်တစ်ဝိုက်မှာတော့ ဆရာပွဲကြီးက ပြိုင်စံရှားပဲဗျ၊ လူမစွမ်းလို့ နတ်မဖို့ ကြွလာတာ”

ကြွတာတွေ ပွတာတွေနဲ့ မီးကုန်ယမ်းကုန် နှိုက်ချွတ်ကာ တစ်စစီ မွှနေတော့သည်။ လူပိန်သလောက် နှာပွသော ပွဲကြီးကို လိုက်ကြည့်ရတာ စိတ်ရှုပ်လာသည်။ ဘာပဲဖြစ်ဖြစ် မရှိသုံး ကားစုတ်ကြီးကိုတော့ သူ့ကိုယ်ုကာ ပုံအပ်ရတော့သည်။

မိုးဖွဲဖွဲရွာလာသဖြင့် သူတို့ အိမ်ထဲပြန်ပြေးဝင်လာကြရသည်။ အချိန်တန်ရင်တော့ နွားပိန်ကန်လိမ့်မပေါ့။ လူတစ်စု ပူမှုရယ်တဲ့ ဆယ်ကုဋေ ရှိနေမှာပဲ။ ဒီလောက်ကတော့ ဘာမှပြောပလောက်စရာ မဟုတ်သေး။ ကူစရာတစ်ခု ရှာတွေ့ရတာမို့ စိတ်အနည်းငယ် အေးကြရသည်။

“မခင်လတ်တို့ ကားပြင်ပြီးသွားရင် ခရီးဆက်ကြတော့မှာပေါ့”

“ဆက်ရမှာပေါ့. . . သူတို့ သွားချင်တဲ့ အဓိက ရည်မှန်းချက်နေရာမှ မရောက်သေးဘဲ”

ကပ္ပလီ ရင်လေးစွာ စိတ်ထဲမှ အသံမထွက်ဘဲ ညည်းညူမိတော့သည်။

(လွမ်းပြီးကျန်ရစ်နေတော့မှာပါလားကွယ်)

“ဘာလဲ ကိုကြီးမောင် အားရင် ကျွန်မတို့နဲ့ လိုက်ခဲ့ပါလား၊ နယ်မြေကျွမ်းတဲ့လူခံပါတော့ ကျွန်မတို့ အားတက်တာပေါ့”

“အော်. . . လိုက်ချင်ပါတယ်ဗျာ၊ အနှောင့်အယှက်ဖြစ်မှာကိုလဲ စိုးတာမို့ မလိုက်တော့ပါဘူး”

“ဘယ်နဲ့ အနှောင့်အယှက်ဖြစ်မှာလဲ၊ ကိုကြီးမောင်အတွက် ပြောတာလား၊ ဟုတ်ပါတယ်လေ. . . ကျွန်မတို့ ဒုက္ခပေးတာတွေ များ





နေပြီ”

“ဒုက္ခ. . ဟုတ်စ၊ ကျုပ်အတွက် ပြဿနာမရှိပါဘူး၊ ခင်ဗျားတို့အတွက်ပြောတာပါ”

အပြန်အလှန်အားနာစရာ ပြောမိပြီးကာမှ မလိုလားအပ်သော စိုးရိမ်ပူပန်မှု ကိုယ်စီရှိနေတာသတိထားမိသည်။ ခင်လတ်အနေနဲ့က သိပ်ပြီးတော့လဲ လိုလားစွာ အတင့်ရဲတောင်းဆိုဖို့မသင့်ပေ။ မိန်းကလေး တစ်ယောက်အနေနဲ့ အစစအရာရာ ထိန်းသိမ်းသတိထား နေရသည်။ ကပ္ပလီကလဲ လူပိုသက်သက် မဖြစ်လိုလှပါ။

“အဆင်ပြေရင် လိုက်ခဲ့ပါ့မယ်ဗျာ၊ ကျုပ်က အိမ်မှာတောင် လူပို ဖြစ်နေတာ”

“ကျွန်မတို့အတွက်တော့ မပိုတဲ့ လိုအပ်ချက် ဖြစ်မှာပါ. . . သေချာတယ်”

ခွန်အားဖြစ်စေသော စကားချိုသာတွေကြောင့် ကျေနပ် ဝမ်းမြောက်ရလေသည်။ သူက ပွဲပြီးရင်သေရမဲ့ မီးသာဖြစ်လေ၏။ ဒါကြောင့် ကိုယ့်ရိုကားရား ဝင်မရှုပ်မိအောင် ဆင်ခြင်နေမိသည်။ အသေခံမီးအဖြစ် ပွဲမပြီးခင် အစွမ်းကုန် ကူညီချင်သေးသည်။

“ကျွန်မ တွေ့ဖူးတဲ့ လူတွေထဲမှာ ရှင်ကတော်တော်လေး ထူးဆန်းတယ်”

“ပုံဆိုးပန်းဆိုးနဲ့ ရှုံ့နှမ်းနေတော့ အဆန်းတကျယ်ဖြစ်နေမှာပေါ့”

“မဆိုင်ပါဘူး လူတစ်ယောက်ရဲ့ အရည်အချင်းဟာ ရုပ်ရည်ရူပကာနဲ့ မဆိုင်ပါဘူးရှင်”

ရှမ်းကြိုက်ရင် နွားချောသေးတာပဲ။ ခင်လတ်သာ ကြိုက်မယ်ဆို ကပ္ပလီဟာ လူချောဖြစ်သင့်တာပေါ့။

“လိုက်ဖြစ်မယ်မထင်ပါဘူးဗျာ၊ အပြန်ကျရင်သာ အချိန်လုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆီဝင်ခဲ့ပါဦး၊ ခင်ဗျားတို့ကို ဒီထက်ပိုပြီး ညော့ဝတ်ကျေချင်သေး တာ"

"ဟုတ်ကဲ့ ကျွန်မတို့ဝင်လာခဲ့ပါဦးမယ်၊ ကွယ်ရာကျမှ ဆန်ကုန် မြေလေး အားမနာလျှာမကျိုးလို့တော့ ကဲ့ရဲ့နိုင်ပါတယ်ရှင်"

"ဘယ့်နဲ့ဗျာ မကဲ့ရဲ့ပါဘူး၊ ကျုပ်တို့ရဲ့ ကုသိုလ်ရေးနဲ့ စိတ်ရင်း စိတ်ဓါတ်ကို ခင်ဗျားသိမှာပါ"

မိုးမှုန်တွေကို ငေးရင်း အပြုံးပန်းပွင့်သွားသည်။

တကယ်တမ်း ကားစုတ်ကြီးကို အချိန်ယူ ပြင်ဆင်လိုက်တော့ နှစ်ရက်လောက် ကြာသွားသည်။ လိုအပ်နေသောပစ္စည်းတွေကို တာဆီ သို့ သွား၍ ခေါက်တုံ့ခေါက်ပြန် ဝယ်ရသည်။ တပ်ဆင်စမ်းသပ်ပြုပြင် တိုက်ချွတ်လိုက်ဖြင့် လုံးချာလည်လိုက်နေသည်။

ထိုအတောအတွင်း စားသောက်မှု ကိစ္စအဝဝအတွက် အချက် အပြုတ် ဝါသနာထုံသော မေရီက အမေကျောင်နှင့်အတူ ဝိုင်းကူပြင်ဆင် ပေးသည်။ နွယ်နီကတော့ အားအားရှိ ကက်ဆက်တစ်လုံးနှင့် လေ့ကျင့် ခန်းယူကာ အကမပျက်ပေ။ မြင့်မောင်ကျော်နှင့် ရဲလင်းတို့မှာ ကပွဲလီ တို့ ဆရာတပည့်နှင့် အတွဲမိကာ မိုးပျံချက်တဲမှာ တစ်နေကုန်လေသည်။ ခင်လတ်နဲ့ လဲ့ရည်တို့နှစ်ယောက်က အပြင်းပြေ အိပ်လိုက်၊ စားလိုက် စာဖတ်လိုက်၊ ခြေညောင်းလက်ဆန့်လိုက်ဖြင့် အချိန်ကို ကုစားရသည်။ ဇော်ရှိန်းနဲ့မော်ဖြိုးတို့မှာ အလုပ်သိပ်မတွင်တော့ပေ။ တလှည့်စီ နွယ် အေရိုးဗစ် ကနေတာကို သွားချောင်းပြီး ငမ်းကြသည်။ အလုပ်ကို စိတ် ဖြောင့်ဖြောင့် မလုပ်ချင်တော့ပေ။ အချောင်းကိုသာ စိတ်ဖြောင့်နေကြ သည်။ ဟိုကလဲ ဖြောင့်ချင်စရာကောင်းလောက်အောင် အသွားမလွတ် အနှောင့်မလွတ် လယ်ကွယ်ကြားမှာ လေ့ကျင့်ခန်း ဆင်းနေမှုကို လဲ့ရည်က သူမကိုပင် ထမင်းမေ့ ဟင်းမေ့ ရည်းစားမေ့ ပစ်ထားသော ရဲလင်းကို ဒေါသူပုန်ထပြန်သည်။





လေက်ဝါးကလဲ လစ်ရင်လစ်သလို ခွေးအလိမ္မာတုံးကြီး ဆွဲပြီး အခွင့်ကောင်း ချောင်းကာ ရစ်သီရစ်ဝဲ လုပ်သည်။ ဒဏ်ရာ အကင်းသေ သက်သာစပြုပြီမို့ ထပ်မံပြီး မှတ်ပုံတင် ဒဏ်ရာဗီဇာတိုးလိုနေသေးပုံ ရလေ၏။

ကားပြန်ကောင်းသွားတော့ ဆရာပွကို မချီးကျူးဘဲ မနေနိုင် အောင် ဝိုင်းဝန်းပြီး အားပါးတရ ချီးကျူးကြသည်။ ကျေနပ်စွာ ကျေးဇူး အထူးတင်ရသည်။ သူ့ခမျာ မီးမထွက်သေးသော ဇနီးမယားနဲ့ ကားစုတ် ကြီးကြား ဗျာများခဲ့ရလေသည်။ လက်ခ ပြင်ဆင်စရိတ်ကို သူတောင်း တာထက် ပိုမိုစွာ သဒ္ဓါတတ်အားသရွေ့ ပေးလိုက်ပါသည်။ ကားဆရာပွ ပြန်သွားတော့မှ ပြဿနာက ပေါ်လာပြန်သည်။ အခြားတော့ မဟုတ် ပေ။ မြင့်မောင်ကျော်တစ်ယောက် ပျောက်ချင်းမလှ ပျောက်နေခြင်း ဖြစ်သည်။

"နေပါဦး. . . ရှင်တို့နဲ့ ညက အတူသောက်ပြီး ဖက်အိပ်နေကြ တာ မဟုတ်ဘူးလား"

"ဟုတ်ပါရဲ့ဗျာ. . . မနက်မိုးလင်းလို့ ကြည့်လိုက်မှ ကျုပ် တစ် ညလုံး မလွှတ်တမ်း ဖက်ထားတာက လှည်းဝန်ရိုး အဟောင်းကြီး ဖြစ် နေတယ်ဗျ"

"ရှင်တို့ ညက တူတူပုန်းတမ်း ကစားသလား"

နွယ်နီက ထင်ရာမြင်ရာ တွေးတောပြီး မေးစမ်းသဖြင့် ကပွဲလီ မျက်မှောင်ကျုံ့ကာ ပြာပြာသလဲ ငြင်းဆိုရပြန်သေး၏။

"ကြံကြီးစီရာဗျာ၊ ကလေးကလား ဘာဆိုင်လို့လဲ"

"မသိဘူးလေ ငယ်ငယ်က လူကြီးတွေပြောတာပဲ ညဘက် တူတူ ပုန်းတမ်းကစားရင် နက်ဖွက်တယ်ဆိုလားပဲ"

ခက်တော့နေတာပဲ။ ကြီးကောင်ကြီးမားနဲ့ အရက်နံ့ထောင်း ထောင်းထနေတဲ့ လူကောင်ကြီးကို နတ်က ဘယ်လိုချစ်ပြီး ဖွက်(ဝှက်)



www.burmeseclassic.com

www.burmeseclassic.com



မှာတဲ့လဲ။ ကပေါက်တိကပေါက်ချာ ရွှေဉာဏ်တော် စူးရောက်ပြီး တွေးတတ်ပလေတယ်။



"စိတ်နဲ့ကျုပ်နဲ့ ညစ်တယ်ဗျို့၊ ဒီလူ အိမ်ပြန်ရောက်ရင် သူ့အဖေက ရှင်ပြုပေးဖို့ အစီအစဉ်များ ရှိနေသလား မသိပေါင်ဗျာ"

"ဟောတော် ဒီရွယ်ကြီးကျမှ ကိုရာညွန့်ကြီးကလဲ၊ ရှင်လော





မဖွက်(ဝှက်)ပါဘူး၊ ဖြစ်နိုင်ချေရှိတာက ညက ရှင်တို့ ဆောင်းတီးပြီး မဲလိပ် နှိုက်ကြလားမှမသိတာ"

"အိုဗျာတော်ကြပါတော့ ညက ရှိနေပြီးမှ အခုမနက် အိပ်ရာအထမှာ ပျောက်နေတာဗျ၊ ဒီလူ တစ်ရေးနိုးထပြီး ထွက်သွားတာ ဖြစ်မှာ"

"ဟုတ်တယ် အာစိ ကျုပ်တို့ လူဖြန့်ပြီး လယ်ကွက်ထဲ လိုက်ရှာကြရအောင် မူးမူးနဲ့ ရေမြောင်းထဲ မှောက်နေမှ အမှုပတ်နေဦးမယ်"

ထင်ကြေးပေးသမျှ တစ်ခုမှ သက်သာဖွယ်ရာမရှိပေ။ လူမသိသူမသိ ပျောက်ချင်းမလှ ပျောက်သွားမှကိုး။



www.burmeseclassic.com

www.burmeseclassic.com



# ဃဒအူနို ချက်ကာရနံ့တွေ သင်းလို့

**မြင့်**မောင်ကျော် ရှာပုံတော် ခရီးထွက်ကြရပါသည်။ "စုံနံ့သာမြိုင် ရှာပုံဖွင့်ပါလို့ရယ်၊ ရေနစ်အောင်မူး ရှာလွန်းသူ အပူတပြင်း ရှာဖွေတယ်" ဟု ညည်းတွားရကိန်း ဆိုက်နေပြီ။ ဘယ်ပဝေသဏီ ခြေများနေပြီ မသိ။

"မြင်းမောင်ရေ. . . . . . မြင်းမောင်"

"မောင်ကြောင်ရေ မောင်ကြောင်. . ဝေ. . . မောင်ကြောင်"

မည်သို့ပင် အော်ဟစ်ရှာဖွေကာ ခေါ်ဝေါ်စေကာမူ မြင့်မောင်ကျော်တစ်ယောက်ကတော့ ပေါ်မလာပေ။ သူ့ကို မတွေ့လေ စိတ်ပူစိုးထိတ်ပြီး ဘဝင်မကျနိုင်လေပင်။ ရဲလင်းက သူ့သူငယ်ချင်းအတွက် ရတက်မအေးနိုင်တော့ပါ။ ကပ္ပလီ ကိုကြီးမောင် ပြာပြာသလဲ ဗျာများ





ကာ ဟိုဒီပြေးရပါသည်။ မိုးပျံဆိုင်မှာ ပတ်ရှာတော့လဲ မတွေ့ပေ။ မိုးပျံက တာဆုံသွားပြီး ဈေးဝယ်နေသဖြင့် အသေအချာ မေးမြန်းမရ ဖြစ်နေပြန်သည်။ မိုးပျံနဲ့ အဖော်ရပြီး တာဆုံလိုက်သွားပြီလား ထင်ယောင်ထင်မှားဖြစ်ရပြန်သည်။

လယ်ကန်သင်းရိုး၊ မြောင်းငယ်ချောင်းငယ်အနှံ့အပြား လှည့်ပတ်ရှာသော်လည်း အရိပ်အယောင်မျှပင် မတွေ့ချေ။ လယ်စောင့်တဲတစ်လုံးအနားမှာ ရဲလင်းနဲ့ လက်ဝဲပက်ပင်းတိုးဆုံကြပါသည်။ ရဲလင်းကို မြင်မြင်ချင်း လက်ဝဲက မျက်ကလူးဆန်ပြာဖြင့် နှုတ်ဆက်သည်။

"ဟော. . . ဟော့လူ ဘယ်ဘက်လဲဗျ၊ လမ်းလျှောက်ထွက်လာတာလား"

အင်္ကျီလည်ကုပ်သား ပြဲဟနေပြီး ချိုင်း၊ လက်ပြင်နဲ့အိပ်ကပ်မှာ တစ်ခြမ်းစောင်းပြုတ်နေသည်။ ချေးလုံးများက ဇီးသီးကင်းတမျှ နဖူးမှာ သီးပွက်နေသည်။ လက်ဝဲရဲ့ လက်ကိုကြည့်လိုက်တော့ သွေးစေးတွေ စွန်းပေနေတာကို မြင်ရသည်။

"ဆာကီးလက်က သွေးတွေပါလား. . . ဘာဖြစ်တာလဲ"

"ဟိုဒင်းပါကွာ. . ငါ ဝက်ပေါ်လာလို့ပါကွာ. . အဟီး၊ ငါ့ဝက်သေသွားတာနဲ့ အသေသားကြီးကို အပေါ်သားဆိုပြီး ပေါ်ရောင်းတာ၊ ုး. . . ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့နော်"

"ဟင်"

ရဲလင်း အံ့သြတုန်လှုပ်ရပါသည်။ ပြူးကြောင်ကလယ် မျက်လုံးားဖြင့် လက်ညှိုး နှုတ်ခမ်းဝမှာ တော့ထောင်ပြသည်။ ကြက်သီးထစရာကောင်းလောက်အောင် သွေးအေးအေးဖြင့် ရက်စက်မည့် ပုံသဏ္ဍာန်ပ်ရည်ပင်။ စိတ္တဇဝေဒနာသည်ပမာ သူ့မျက်လုံးသူငယ်အိမ်တွေကကျာမငြိမ်။ ပြောပုံကလည်း အသဲယားစဖွယ်။ ဝက်သတ်လာသတဲ့။ မြင့်မောင်ကျော်တော့ အသေသတ်ခံရပြီလားဟု တွေးထင်စိုးထိတ်မိ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ဝက်ကို ပေါ်လာသည်ဆိုပေမယ့် ဝက်နဲ့တူတာဆိုလို့ အမြီး တစ်ချောင်း၊ နားရွက်တစ်ဖက်မှပင် မမြင်ရပေ။ ဝက်သွေးလား လူသွေး လား တိတိပပ ခွဲခြားပြောမရနိုင်ပေ။

"အဲ့. . အဲ့ဒါဆိုလဲ ဝက်သားလေးနဲ့နဲ မျှပါဦးဗျ ကျွန်တော် ဝက်ချဉ်ချင်းတပ်နေတာနဲ့ အတော်ပဲ"

"မရှိတော့ဘူး ငါ့ကောင်၊ ပိဿာချိန်လိုက် အလှူက ကန်ထ ရိုက် ဆွဲပြီး လာမ,သွားပြီ"

ဒါသိပ်တော့ ယုတ္တိမဆန်လှပေ။ အကောင်လိုက် မမှာဘ ပေါ်ပြီးသားကိုမှ လာယူသွားတယ်ဆိုတော့ မဖြစ်နိုင်။ ရိုးသားမှု အလျှ မရှိပေ။ လေက်ဝါး ပြောစကားတွေက ရှေ့ကဖုံး နောက်ကပေါ်နေ ချေပြီ။ သူ့ နောက်ကျော လယ်စောင့်တဲ အနီးတစ်ဝိုက် မျက်လုံးေ ကစားကြည့်မိသည်။ မသင်္ကာဖွယ်ရာ မရှိလှပေမယ့်လည်း သင်္ကာစ ကို ကောင်းမနေပေ။ တစ်ခုခုတော့ တစ်ခုခုပဲ။ အကြံအစည် တစ်ခု တော့ရှိရမည် ချောင်ပိတ်မေးလိုက်ရင် တစ်ခုခုထွက်လာလောက်သည်

"ဟော့လူ ကျွန်တော်ဒ့ပဲ မေးမယ်ဗျာ၊ ဆာကီး ကျွန်တေ ကောင် မြင့်မောင်ကျော်ကို ဘာလုပ်ပစ်လိုက်လဲ"

"ဘယ်သူ့ရယ် မြင်းမောင်ကြောင် ဟုတ်လား"

"ဟောဗျာ ဝှေ့လည်ကြောင်ပတ်လုပ်မနေနဲ့ မြင့်မောင်ကျေ ဗျ ကျွန်တော့်ဘော်ဒါ ခင်ဗျားဆီလာတုန်းကို သတ်ပစ်. . အဲ. . တ ခုခု. ."

"အို ကြံကြီးစီရာ ငါ့လူရာ၊ ကျုပ်က အလကားနေရင်း အမှုပ ခံပြီး လူသတ်ဝံ့ပါ့မလား၊ ကံကြီးထိုက်လို့ဗျာ"

သူ့စကားပင် မဆုံးလိုက်ခင် လေက်ဝါးကာဆီးကာ အလှ ယက် ဖြတ်ပြောပြီး ငြင်းဆိုလေ၏။





"ဒါဖြင့် ခင်ဗျားလက်က သွေးတွေကဘာလဲ"

"ပြောပြီးပါပကော ဝက်သွေးတွေပါလို့"

"လျှာရိုးမရှိတိုင်း လျှောက်မပြောနဲ့ ဘယ်မလဲ ခင်ဗျားပေါ် တယ်ဆိုတဲ့ဝက်"

"အဲ. . . ခက်ပါပေ့ ပြောပြီးပါကကောဗျာ ခင်ဗျား ကျုပ်ကို စွပ်စွဲလှချည်လားဗျ"

အခြေအတင် အငြင်းအခုံဖြစ်ကြပြီးသကာလ မယုံသင်္ကာစိတ် ဖြင့် ခက်ထန်တင်းမာမှုများ ပိုမိုပြင်းထန်လာလေတော့သည်။ မတော် မသင့် အထင်အမြင် အခြေအနေက ရှင်းမရပြုမရ။ ငြင်းမရ ဆိုမရ ရှုပ်ထွေးနေလေ၏။

"ခင်ဗျား လိမ်တာ၊ ခင်ဗျား သတ်ပစ်လိုက်ပြီမို့လား၊ အခု ကျွန်တော့်သူငယ်ချင်း မြင့်မောင်ကျော် ပျောက်နေတယ်၊ ဘယ်လိုမှ ရှာမတွေ့ဘူး၊ အဲ့ဒါ ခင်ဗျား လက်ချက်ပဲ"

"နေပါဦး ခင်ဗျားလူက တစ်နေရာရာရောက်နေတာကော မဖြစ်နိုင်ဘူးလား၊ ကျုပ်လက်က သွေးဟာလဲ ဝက်သွေးတွေပဲ၊ ကျိန် ပြောရဲတယ်၊ ခင်ဗျား ထင်သလိုဆို အဲ့ဒီလူပျောက်ရဲ့ သွေးမှမဟုတ်ဘူး၊ အခြားလူရဲ့သွေးလဲ ဖြစ်နိုင်တာပဲဗျ ထင်ရာစွတ်မပြောပါနဲ့ ငါ့လူ"

ရဲလင်း အကျုပ်ရိုက်ကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား သည်။ လေက်ဝါးအနားသို့လဲ သိပ်မကပ်ရဲပေ။ မတော် နှုတ်ပိတ်ပြီး သူ့ကိုပါ ဆက်သတ်နေမှ အခက်။ အကဲခတ် စူးစမ်းပြီး သိရက်နဲ့ ပြောရခက်ကာ အကျပ်တွေ့နေရသည်။ မျက်လုံးတောင်မြောက် ဝေ့ဝဲ ကြည့်ပြီး တစ်ခွန်း ဆတ်ကနဲ ကောက်ပြောလိုက်သည်။

"သေချာတယ်. . . ခင်ဗျား မြင့်မောင်ကျော်ကို လက်စဖျောက် ပစ်လိုက်ပြီဆိုတာ"

"ဘာကွ ဟော့လူ ခင်ဗျား၊ ဘာလို့ တပ်အပ်ပြောနေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ပြောနိုင်တာလဲ"

"ဟောဟိုက ချိုးဇက်စ် ပုလင်းက မြင့်မောင်ကျော် ရင်အုပ်မန္တာ ပိုက်နေကျ ပုလင်းပဲ"

"ဟင်. . . ."

လယ်စောင့်တဲထောင့် တိုင်ခြေမှာ လဲကျလျက်ရှိနေသော အရက်ပုလင်းကို လက်ညှိုးထိုးပြလိုက်သည်။ သူညွှန်ပြရာသို့ လေက်ဝါးလဲ လိုက်ကြည့်ပြီး မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားဖြင့် အံ့ဩသွားလေတော့သည်။ ရဲလင်းက မျက်စပစ်ပြကာ အပိုင်သေချာသွားသည့်သဘောဖြင့် မေးကာ မျက်နှာထား တင်းလေ၏။

လေက်ဝါးတစ်ယောက် ရုတ်တရက် ခွန်းတုံ့မပြန်နိုင်ဘဲ ငေးကြောင် စွံ့အနေတော့သည်။ လှုပ်မရ ငြင်းမရအောင် နဖူးနဲ့ဒူး ထိပ်တိုက် တွေ့ကြလေတော့သည်။

"ခင်ဗျား လူသတ်သမားပဲ"

"မဟုတ်ဘူး၊ ငါ့လူ မဟုတ်ဘူး မင်းထင်သလို ငါ မလုပ်ရပါဘူးကွာ"

အကြောက်ကြောက်အလန့်လန့် ထိတ်ပျာစွာ အော်ဟစ်ရင်း ရှေ့သို့ တိုးကာ လာလေသည်။ ဆင်ခြေများခွင့်ပင် မပေးဘဲ ထိတ်လန့်ရွံ့မုန်းစွာ စွပ်စွဲပြီး နောက်ပြန်လှည့်ပြေးလေသည်။ သွေးစွန်းသောလက်ကို ကာဆီးကာဆီး မြှောက်ကာ လိုက်လာလေ၊ ရဲလင်းက နှုတ်ပိတ်ရန် အလိုက်ပင် မခံ၊ ကြောက်အားတကြီး ပြေးလေပင် ဖြစ်သည်။ အပြေးနဲ့အလိုက် ရှန်းရင်းဆန်ခတ် အော်ဟစ်ပြေးလွှားနေကြသည်မှာ အူယားဖားယားပင်။

ခြံဝင်းထဲပြန်ရောက်တော့ ဘုန်းကြီးသက်ရှည်လျက် သရေဖြိုးဝေ တိုးမောက်နေသော မြင့်မောင်ကျော်ကို အခန့်သား တွေ့ရလေသည်။ တွေ့လိုက်ရတာမှ အံ့ဩမြင်ပြင်းကတ်စရာကောင်းစွာ အရက်





ပုလင်းတစ်ဖက် ကြက်ပေါင်တစ်ဖက် ကိုင်လျက်သားကြီး။

"ဟာ. . . မြင့်မောင်ကျော် မင်းသေပြီးတော့ ကိုကြီးကျော်လို နတ်စိမ်းဖြစ်သလား"

"အိမ်း. . . . . အေ့"

လေပျို့တက်ပြီးတော့ ယမကာ စည်းစိမ်ပင် ယစ်မူးနေသေးတော့သည်။ မသေခင်က ဘယ်လောက်သောက်ပြီး မာလကာ ရှာန်ကြွသွားသည် မသိပေ။ သေပြီးတာတောင် အမူးပြေသေးပုံမပေါ်။ ရဲလင်း ကြက်သီးမွေးညင်းများ ထောင်ထကာ ကျောစိမ့်အောင် ချမ်းလာသည်။

"ငါ့ကို လာမခြောက်ပါနဲ့ သူငယ်ချင်းရာ၊ မင်းရဲ့သူငယ်ချင်းကောင်း ယောက်ဖပါ၊ ငါ့ရည်းစားကို မယားကြီးရာထူး တိုးပြီး မင်းနှမလေးကို ယူမှာပါ"

"ခွိုးတဲ့မှပဲ မင်းဘာဖြစ်နေတာလဲ ရဲလင်း"

ရဲလင်းအရဲ့အမူအယာ အသွင်အပြင်ကို ကြည့်ပြီး မြင့်မောင်ကျော် စိတ်မရှည်စွာ ပြန်ဟောက်ရသည်။

"ငါတောင်းပန်ပါတယ်ကွာ၊ ငါပေါ့လျော့လို့ မင်းကို မစောင့်ရှောက်လိုက်နိုင်ဘူး သူငယ်ချင်းရာ အဟီး"

ငိုမဲ့မဲ့ ညည်းတွားကာ ရဲလင်း ကြောက်ဒူးတုန်နေလေတော့သည်။ မြင့်မောင်ကျော် ပေစောင်းစောင်း မကြည် ကြည့်ပင် ကြည့်ကာ ကြက်ပေါင်တစ်ဖဲ့ ဆက်ကိုက်သည်။

ထိုအခိုက် နောက်တော်ပါးမှ လေက်ဝါး ရောက်လာသည်။ တစ်ပြိုင်နက်တည်းဆိုသလိုပင် နွယ်နီနှင့် လဲ့ရည်တို့ပါ ရောက်ချလာသည်။

"ရှာလိုက်ရတာဟာ၊ မြေင့်ရယ်"

မပြောမဆို နွယ်နီက ခါးထောက်ပြီး ညည်းတွားလေသည်။ ရဲလင်း ပိုပြီးဝမ်းနည်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းရယ်. . . မင်း အားလုံးကို ကိုယ်ထင်ပြ နှုတ်ဆက်ပြီး မကျီစားပါနဲ့ကွာ၊ မခြောက်ပါနဲ့ အဟီး"

"ဟင် ဘာရယ် ဘယ်လို ဘယ်လို"

မြင့်မောင်ကျော် ကြောက်ရွံ့ထိတ်ပြာစွာ ညည်းတွားနေသော တွန့်ဆုတ်အုံ့ဆိုင်း ဖြစ်နေသော ရဲလင်းကို ကြည့်ကာ အတွေးပေါက်သွားသည်။ ပြီးမှ အားပါးတရ ခွက်ထိုးခွက်လန် လှောင်ပြောင်ရယ်မောတော့သည်။

"ဟား ဟား ဟား ဟား ခွီးခွီး ငကြောက်ရဲလင်း ခွီးခွီး မင်းကို ကုပ်ချိုးမယ်"

"အယ်. . ."

ရဲလင်း ခေါင်းနားပန်းကြီးသွားကာ နောက်သို့ ဆုတ်ကန်ဆုတ်ကန် ရွေ့လေသည်။ ရှေ့သို့ တိုးလာသော ကြီးမောင်နှင့်ခင်လတ်တို့အား ဝင်တိုးမိလေသည်။

"ဟဲ့. . . သောက်ပလုတ်တုတ်"

"သောက်ခွေး. . . ဒင်း ဘာဖြစ်နေတာလဲ ငရဲလင်း"

"အား ဘား ဝါး ဝူး. . သရဲ အဲ့ဒါ သရဲ မြင့်မောင် ဒီကောင် သေပြီ၊ သရဲ လာခြောက်တာ"

မြင့်မောင်ကျော် ငါးမြွေထိုးပြုံးလေး ပြုံးကာ လှောင်လေသည်။

"ဟုတ်ပ့ါ. . . ခင်ဗျား ဘယ်တွေလျှောက်သွားနေတာလဲဗျာ မပြောမဆိုနဲ့ ကျုပ်တို့အုပ်ထိန်းသူတွေ စိတ်ပူလိုက်တာ"

ဇော်ရွှီးနဲ့မော်ဖြိုးတို့ကလည်း သာသာနဲ့နာနာ နှက်ကာ ရွဲ့တဲ့တဲ့ ဝင်မေးကြသည်။

"ကျွန်တော် ခေါင်းတွေကိုက်နေလို့ မိုးပျံဆိုင်သွားပြီး ဖြည်နေတာဗျ၊ အဲ့ဒီမှာ တန်ပြန်ပြီး အတော်အာတွေ့လာလို့ တစ်လုံးနဲ့ ကြက်ပေါင် တစ်ချောင်းဆွဲပြီး ပြန်လာတာ"





"ဟင်. . ."

ရဲလင်း ပါးစပ်အဟောင်းသား။

"ကျွန်တော် ဒီပြန်ရောက်တော့ အမေကျောင်ကလွဲပြီး ဘယ်သူမှ မတွေ့လို့ တစ်ယောက်တည်း ထိုင်သောက်နေတာလေ၊ ဘယ်ကလာ သေရမှာလဲ"

ငလက်ဝါး သူ့နဖူးသူ ပြန်ရိုက်ပြီး အတော်စိတ်ပျက်သွားရသည်။

"ခင်ဗျားအမူက ကျုပ်ကို လာပတ်နေတာဗျ၊ ခင်ဗျားလူက ကျုပ်ကို စွပ်စွဲလိုက်တာ ရစရာကိုမရှိဘူး၊ အတော်ရှင်းယူတာတောင် မရဘူးဗျို့"

"ဖြစ်ရမယ် ရဲလင်း၊ မင်းကလေ မစူးစမ်း မဆင်ခြင်နဲ့ကွာ"

အခုမှ အားလုံးစိတ်အေးရကာ ကျေနပ်ဝမ်းမြောက်နိုင်လေတော့သည်။ တို့လူတစ်ယောက် ပျောက်ပါတယ် အရက်ပုလင်းကိုင်လို့ တွေ့ရတယ် ဖြစ်နေပြီ။ ဒေါင်းတောက်အောင် လှည့်ပတ်ရှာလိုက်ရတာ ခမျာ အပူအပင်ကြောင့်ကြမဲ့စွာ သောက်လုံးကြီးရင်း အခန့်သား အငြိမ့်သား တွေ့ရသည်။ မနာလို ခံပြင်းဖွယ်ရာကောင်းလိုက်သည့် ကြောင်ပင်။

အခုတော့လဲ သေသောသူကြာလျှင် မေ့ကာ၊ ပျောက်သောသူ ရှာလျှင်တွေ့လေပြီ။ မတွေ့သည်ကား မေရီပင်။ လူအားလုံး ရေတွက်ကြည့်မှ တစ်ယောက်လိုနေပြန်တာ သတိပြုမိသည်။

"မေရီလဲ ပြန်မလာသေးပါလား၊ ဘယ်ရောက်သွားပါလိမ့်၊ ခေါ်ကြပါဦးဟ"





www.burmeseclassic.com

www.burmeseclassic.com



# ကြယ်ရောင်နဲ့ လျှောက်ရတဲ့ ဝင်္ကပါ

ရှာလည်ပြီး တိုင်ပတ်တယ်ဆိုတာ ဒါကိုခေါ်ရမလားပဲ။ တစ်ယောက်တွေ့တော့ တစ်ယောက်ပြန်ပျောက်နေပြန်ပြီ။ မေရီနှင့် မြင့်မောင်ကျော်ကို အလဲအထပ် လုပ်လိုက်ရသည့်နှယ်ပင်။

"မေရီရေ. . . အစုတ်ပလုပ်မရေ. . . ."

"ကောင်မ ဘယ်လယ်တောထဲ ယောင်းမမြင်းစီးထွက်တယ် မသိဘူး၊ အားကြီးခြေရှည်တာပဲ"

လဲ့ရည်က မကျေမချမ်း အပြစ်ဖို့ကာ ပြောသည်။ ကပ္ပလီအဖို့တော့ ဒီလို ခင်လတ်နဲ့ လျှောက်သွားနေရသော အထူးအခွင့်အရေးကြီးတစ်ရပ် ရနေတာမို့ ပျော်နေမိသည်။ ထမင်းမေ့ ဟင်းမေ့ ဗိုက်ဆာရမှန်းမသိ ခေါင်းပူစွာ ရှာကြရသည်။





အချိန်တွေက မြန်လွန်းစွာ ကုန်သွားသည်။ မေရီကို ရှာမတွေ့ကြပေ။ မိုးကလဲ အုံ့တုံ့တုံ့ဆိုတော့ နေခြည်ကိုပါ ရှာမတွေ့သလိုကြီးဖြစ်နေပြီ။ လူပြန်စုပြီး အိမ်ပြန် ထမင်းစားကြသည်။

"ကိုကြီးမောင်တို့ရော မတွေ့ပါလားဟ"

"မခင်လတ်တို့ မောင်နှမနဲ့ ရွာထဲဘက်ကို ထွက်သွားကြတာပဲ ပြန်မလာသေးဘူး"

ထမင်းကို ကပျာကယာ စားသောက်ကြပြီး မရောက်သေးသော လယ်တဲများဘက် ခြေဆန့်ရှာဖွေရပါသည်။

တွေ့မယ့်တွေ့တော့လဲ အလွယ်သား။ ခက်ခက်ခဲခဲ ရှာနေစရာကို မလို။ ရေနက်ကွင်းအစပ် စားကျက်မှာ ကျွဲတစ်အုပ် မြက်စားနေသည်။

ကျွဲတစ်ကောင်နှင့်လူတစ်ယောက်၊ မျောက်မှိုင်ကျလောက်အောင် စပ်ဆော့ပြီး ကုန်းကွတဲ့ ထုန်းမလေးကို ကျွဲတစ်ကောင်ရဲ့ ကျောပေါ်မှာ အဆင်သင့် တွေ့လေသည်။

"ဟိုမှာ မေရီဟဲ့. . . မေရီ သေချင်းဆိုးမ"

"ဟေး. . . . ငါဒီမှာ သေနာတွေရဲ့"

လဲ့ရည်တို့ အားရဝမ်းသာစွာ လှမ်းအော်ခေါ်သည်။ မေရီကလည်း ကျွဲပေါ်မှာ ဇိမ်အပြည့်ကျလျှက် အားကိုးတကြီး ဝမ်းမြောက်စွာ ပြန်အော်သည်။

"ခင်ဗျားဗျာ အားယားယား လူရှာခိုင်းတာ ကျွဲလာစီးနေရတယ်လို့"

"အဟီး ကျွန်မလဲ မစီးဖူးလို့ စီးကြည့်တာ ဟိုကျွဲကျောင်းတဲ့ အဘကြီးက ကျွဲပေါ်တင်ပေးပြီးတော့ ထမင်းစားပြန်သွားတာနဲ့ ကျွဲတွေကြည့်ရင်း စီးကောင်းကောင်းနဲ့ ဆက်စီးနေတာ"

"ဖြစ်ရမယ် နင်တော့လား ကျွဲကိုဘာများမှတ်နေလဲ ကိုကား



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့ ဒါနင့်လင်မဟုတ်ဘူး"

"ကိုင်း ဆင်းတော့လေ၊ ပြန်ကြစို့"

"စီးရတာ ဖိမ်ကျတယ်ဟာ တငြိမ့်ငြိမ့်နဲ့ အဟဲ ငါမဆင်းတတ်ဘူး"

ရှက်ကိုးရှက်ကန်း အမူအယာနဲ့ ပြန်ပြောလိုက်ပုံကြောင့် သူတို့အားလုံး စိတ်ပိန်သွားရတော့သည်။

"ခင်ဗျား တက်တုန်းက ဘယ်လိုတက်လဲ တက်တုန်းက ဇွတ်တက်ပြီး ဆင်းဖို့ခက်နေတာ၊ ဝန်လေးနေတယ်ပေါ့"

"အို. . . ရှင်ကလည်း၊ ကျွန်မတက်တုန်းက အဘကြီးက ကျွဲကို ရပ်ခိုင်းပြီး နောက်ခြေထောက်ကနေ နင်းတက်လာတာပဲ"

"မိန်းမရယ်. . . ဒါဖြင့်လဲ နောက်ခြေထောက်က ပြန်ဆင်းပေါ့ဟဲ့ ကာလနာမရဲ့"

နွယ်နီက မဲ့ကာရွဲ့ကာဖြင့် ငေါက်ငမ်းပြောဆိုပစ်လိုက်တော့ မေရီ ရှုံ့မဲ့ အီတွန့်သွားသည်။

"နင့်ကျွဲက ရပ်မှမရပ်တာ စပါယ်ယာမပါ ဒရိုင်ဘာမပါနဲ့"

"နင့်ကျွဲကို ရပ်ခိုင်းပေါ့ဟဲ့၊ အဲလောက်တောင် အရသလား ငတုံးမ"

"ငါဆင်းချင်နေတာကြာပြီ၊ ငါဆင်းရမှာသိသားပဲ ငါဆင်းမယ်လုပ်တိုင်း ကျွဲက လျှောက်သွားနေတာ ငါလဲ အဟီး ကျွဲကို မရပ်ခိုင်းတတ်လို့ မစီးချင်ဘဲ ကြောက်ကြောက်နဲ့ စီးနေရတာကြာပြီ"

ဖြစ်လိုက်ရင် အဲ့သလို မရှုနိုင် မကယ်နိုင်တွေချည်းပင်။ ကျွဲပေါ်တက်ပြီး၊ ဖိမ်ကျတုန်းက ကျပြီးမှ။ ကျွဲပေါ်က ဆင်းဖို့ကို ကျွဲမရပ်ခိုင်းတတ်လို့ အောင့်အည်းပြီး အားနာပါးနာ စီးသတဲ့။ သူတို့သာ ရောက်မလာခဲ့ရင် ဘယ်အချိန်ထိ စီးမယ်မသိဘူး။ ကျွဲက သူ့အိမ်သူပြန်သွားရင်တောင် အိမ်အထိ ပါသွားလောက်သည်။







BURMESE CLASSIC .com

ရာညွန့်က ကျွဲနဖားကြိုးကို ဆွဲပြီး ရပ်ပေးထားရသည်။ ဒီတော့မှ ပေါ့ပါးဝမ်းမြောက်သွားဟန်ဖြင့် ပြုံးရွှင်စွာ မေရီဆင်းလာတော့သည်။

"နင်နော်. . . ကျွဲမြင်တာနဲ့ စီးချင်ရတယ်လို့၊ ဘယ်နဲ့လဲ မှတ်လောက် သားလောက်ကို ရှိပြီလား ပေါက်ကျော်မရဲ့"

"အေးဟာ စီးလို့ဝသွားပြီ အမုန်းပဲနောက်ဆို စီးရဲတော့မှာမဟုတ်ဘူး"

တက်စဉ်ကတော့ ဆင်းဖို့ကို မတွေးတောဘဲ မဆင်မခြင်တက်ခွခဲ့သည်။

"ကိုမြင့်မောင် ဘယ်သွားနေလဲ၊ ကျွန်မက ကျွဲပေါ်တက်ပြီး အပေါ်စီးက ကြည့်ရင်များ မြင်မလားလို့"

"သေလိုက်ပါလား ကျွဲပေါ်တက်ရှာလို့ တွေ့မယ် အားကြီးကြီး ကျွဲချေးပဲ မြင်ရမဟော့"

သူ့အပြစ်နဲ့သူ ဘာမှပြန်မပြောသာဘဲ ဇက်ပုရှ် မခိုတရိုဖြုံးလေသည်။ သူတို့ စိတ်တို နှာပွနေမှန်းသိ၍ ကပ်သီးကပ်သပ် ရှိုးသွဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်သေးသည်။

"ငါ ဒီကျွဲကို ဝယ်ပြီး အိမ်မှာမွေးရင် ကောင်းမလား"

"အိမ်မှာ မွေးမနေနဲ့ဟေ့. . . တကတည်း၊ အဲ့ဒီကျွဲနဲ့သာ ယူလိုက်တော့ ငါတို့ လက်ဖွဲ့မယ်"

"ဒီကောင်ကြီးက လိမ္မာတယ်ဟ၊ ယဉ်လဲယဉ်တယ် စီးရတာလဲ ဇိမ်ရှိတယ်"

"တော်တော်ဇိမ်ကျချင်တယ် ဟုတ်လား၊ ငါပြောထည့်လိုက်ရ"

ပွက်လောညံအောင် အပြစ်တင် ရေရွတ်ပြီး သူတို့ဆုံရာ စုရပ်သို့ ပြန်လာကြသည်။ သူတို့အားလုံး ပြန်ရောက်သည်အထိ ကပ္ပလီခင်လတ်တို့ မောင်နှမက ပြန်ရောက်မလာကြသေးပေ။ ဗိုက်ဆာနေသော မေရီကို ထမင်းကျွေးပြီး ရွာထဲဘက်ထွက်လာခဲ့ကြသည်။ အထည်အလုံးမပျက် အပျောက်မခံ မျက်ခြည်မပြတ်ရဲတော့ပေ။

ရွာထဲရောက်တော့ ရဲလင်းက ရွာဒိုးပတ်ဝိုင်းနဲ့ အဖွဲ့ကျနေတာကို တွေ့ရသည်။ အော်ဂင်ဆရာ တီးခတ်နေတာက မဖြစ်ညစ်ကျယ် လက်သိပ်မပေါက်လှဘဲ မရှိလုံးတီးနေသည်မို့ ရဲလင်းက တစ်ပုဒ်စ နှစ်ပုဒ်စ ဝင်တီးသည်။ သူ့လက်သံကို ဒိုးဝိုင်းကကြိုက်သွားပြီး အတွဲအစပ်မိမိဖြင့် တရစပ် တီးခိုင်းတော့ အားပါးတရ ကူညီတီးခတ် ပေးဖို့ အကူအညီ တောင်းခံကြသည်။ ရဲလင်းလဲ အားနာပါးနာဖြင့် တီးပေးရသည်။

ဝါသနာရှိရင်းစွဲ အနုပညာစိတ်ဓါတ်နဲ့ ဇွဲသန်သန် ဝင်နွှဲမိသည်။ ဆိုင်းသံကြားရုံနဲ့ ထကတတ်ကြတာပဲ။ နတ်ဒိုးကြားရင် နတ်ဝင်ပူးမိကြတာ လူ့သဘာဝ။ ရဲလင်းလဲ ဂေါ်ဂင်ရှိုက္ခမ် အသံကြားတော့ ဘယ်နေသာတော့မလဲ ဝင်ဆော်တာပဲပေါ့။ အားပါးတရ တီးပြီး မောင်ကြီးမပြန်ချင် ဖြစ်သွားရသည်။ ဂီတမှိုင်းမိပြီး ဖီလင်တက်ကာ အကျေနပ်ကြီးကျေနပ်နေသည်။ မြို့မှာဆို သူ့လက်သံက ချောက်တီးချောက်တောက်





အဖက်မလုပ် ခွေးပင် အရေးမစိုက် ထ,မအူပေ။ တောမှာကျတော့ အုံခဲဝိုင်းကြည့် နားထောင်ကြသည်မှာ တိုးမပေါက်။ ရုပ်ရည်သနားကမားနဲ့ သူ့ဖုန်းစား ရုပ်ပေါက်နေတော့လဲ စိတ်ဝင်တစား လာကြည့်တာပေါ့။ ဒါကိုပင် အဟုတ်မှတ်ကာ ကြည်နူးသာယာပြီး ငရဲလင်းက အသားကုန် ဆော်တော့သည်။ သွေးကြွမြောက်တက်အောင်လည်း ရိက္ခာပံ့ပိုး ဖြည့်ဆည်းပေးထားသည်။ ရွာအလှူမှ ငါးကင်နှင့် အရက်ပုလင်းထောင်လို့ ပေးထားမှတော့ ဖိုးကျိုင်းတုတ်တို့ ဘယ်မှာ မငြင်းသာပြီပဲပေါ့လေ။

သူ့မျက်နှာဖြင့် ဝင်သောက်သူက သောက်သည်။ စပါးရောဖွဲရော အမြည်းကိုက်သူက ကိုက်ကြသည်။ အားပေးအားမြှောက်မျက်နှာပွင့်လန်းအောင် ပဏ္ဏာယူသူကယူ၊ လက်ခုပ်တီးကြ၊ သီချင်းတောင်းကြ ဖြစ်ကုန်သည်။

တီးဝိုင်းက ခဏနားခိုက် လဲ့ရည်က ရဲလင်းကို မေးမြန်းစပ်စုလိုက်သည်။

"မခင်လတ်တစ်ယောက်ကော မတွေ့ပါလား ကိုရဲလင်း အစ်မကိုတောင် မေ့ပြီး အော်ဂင်စုတ်ကြီးနဲ့ သဘောခွေ့နေတယ်ပေါ့လေ ဟုတ်စ"

"ဘယ်ကလာ. . . မကြီးက ကိုကြီးမောင်နဲ့ အတူအိမ်ပြန်သွားပြီ လဲ့ရည်တို့နဲ့ လမ်းမှာမတွေ့ဘူးလား"

"ဟောတော်. . . မတွေ့ပါဘူး"





www.burmeseclassic.com

www.burmeseclassic.com



# ဦးချိုမရှိတဲ့လကို ညရင်ပြင်မှာ တွေ့သည့်အခါ

BURMESE CLASSIC .com

ရွာဝိုင်းထဲမှ အိမ်တစ်အိမ်ရှေ့ ကပ္ပလီနှင့် သူမ ဖြတ်လျှောက်လာစဉ် အိမ်ထဲမှ ထွက်လာသော အလှမဒီကညာ အပျိုချောနှင့် ပက်ပင်းဆုံမိကြသည်။

"ဟော. . . ကိုကြီးမှောင်ပါလား"

အမျိုးသမီး အထက်စီးလေသံ အေးစက်မာကျောစွာ ခေါ်လိုက်သံကို သတိပြုမိသည်။ ဟုတ်တော့လဲ ဟုတ်သားပဲ။ ကပ္ပလီရုပ်ပေါက်နေသော ကိုကြီးမောင်က ကျီးညို၊ ကျီးနက်မဟုတ်ရင်တောင် မဲမှောင်နေသော ကျီးမှောင်တော့ ဖြစ်သင့်သည်။ ယုတ္တိဆန်ဆန် ထိမိစွာ ခေါ်နိုင်သူပင်။ ပျူငှါဖော်ရွေမှု ချို့တဲ့စွာ ဆီးကြိုသည်။

"ဘယ်ကလှည့်လာတာလဲ"





"အလှူကပြန်လာတယ်ဆိုပါတော့"

"ပြန်တော့မယ်လား၊ ဝင်ထိုင်ပါဦး ဧည့်သည်လဲ ပါလာသကိုး"

ကပ္ပလီနံဘေးမှ ကပ်ပါလာသော ခင်လတ်ကိုကြည့်ပြီး တအံ့တသြ မယုံသင်္ကာလေဟန်ဖြင့် စူးစမ်းသည်။ မျက်လုံးပေကလပ်ဖြင့် စပ်စုသည်။

"ထိုင်ပါဦး ကိုကြီးမောင်ကို မိတ်ဆက်ပေးစရာလဲရှိလို့ အစ်မလဲ ထိုင်ပါဦးလား"

ကပ္ပလီက ပင့်သက်မောကိုချသည်။ တင်းမာသော မျက်နှာထားကို ဖြေလျှော့ပြီး မဲ့တဲ့တဲ့ပြုံးသည်။ ပြန်လှည့်ဟန်ပြင်ပြီးသား ခြေဦးကိုတန့်ကာ ဘက်ပြောင်းပြီး အိမ်ထဲဝင်ထိုင်လေသည်။ ခင်လတ်လည်း ခပ်တည်တည်ပင် ကပ္ပလီနှင့်အတူ လိုက်ထိုင်ရသည်။ မိန်းကလေး၏ အိမ်ထဲမှာ အသင့်ထိုင်ကာ ပြုံးပြီး ဇိမ်ယစ်နေသောလူကို မြင်လိုက်ကတည်းက ခင်လတ် မျက်နှာပျက်ယွင်းသွားသည်။ စိတ်ထဲက ထောင်းခနဲဖြစ်ကာ ဒေါပွသွားမိသည်။

"ကိုကြီးမောင်. . ဒါ ကျုပ်ရဲ့ အမျိုးသားလေ လမ်းမှာတွေ့ရင် ခေါ်ပေါ့"

"အော်. . ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာသဗျာ၊ ခင်ဗျားတော့ ကျုပ်တို့ရွာသူကိုရတာ ကံကောင်းတာပဲ ဂုဏ်ယူသဗျာ၊ ကျုပ်တို့ရွာ ကွမ်းတောင်ကိုင်လေ မဆစ်ယုံက"

"ဟုတ်ကဲ့ ခင်ဗျား အကြောင်းတွေ ဆစ်ယုံကပြောပြထားလို့ ကျုပ် အကုန်သိပြီးပါပြီ"

ကပ္ပလီ အရှက်သည်းစွာ မျက်နှာတစ်ပြင်လုံး မဲပုပ်သွားသည်။ သူ ဒီလောက် သိမ်ငယ်ရမယ်မှန်းသိရင် ဒီလမ်းကသွားဖို့ကို ခင်လတ် မတောင်းဆိုပါဘူး။

မရောက်ဖူးတဲ့ဒေသ၊ လမ်းပန်းကို လျှောက်ကြည့်ချင်လို့သာ



www.burmeseclassic.com

www.burmeseclassic.com



သူမ ဆန္ဒအရလာခဲ့ကြရခြင်းဖြစ်သည်။ ဒီလမ်းပိုင်းထဲကို ဝင်ကတည်းက ကပ္ပလီမျက်နှာ အမူအရာပျက်ယွင်းနေတာ။ ခြေလှမ်းတွေ နှေးတုံ့နှေးကွေး ဖြစ်နေတာ။ စိတ်စနောင့်စနင်းနဲ့ မအီမသာ အမူအရာ ဖြစ်နေတာ။ လက်စသတ်တော့ ကပ္ပလီနဲ့ မဆစ်ယုံ ဇာတ်လမ်းဟောင်းတွေ ရှိခဲ့ဘူးလောက်သည်ဟု အရိပ်အကဲကြည့်ကာ သဘောပေါက်ရလေသည်။

မဆစ်ယုံက အသစ်စက်စက် သူ့အမျိုးသား တော်ကြောင်း တတ်ကြောင်း ရွှန်းရွှန်းဝေအောင် ကြွားသည်။

ထိုသူကလည်း မာနအရောင်ပြည့်လျှမ်းလို့ ဝင့်ဝါနေပုံ အထူးပေါ်လွင်နေသည်။ မဆစ်ယုံက အထက်စီးဆန်ဆန် ဟန်ပန်တစ်ခွဲသားဖြင့် မခံချိမခံသာဖြစ်အောင် ရိသဲ့သဲ့ပြောလေသည်။ အနိုင်မယူချင်သူရဲ့ အရှုံးပေးလိုက်လို့ ရသွားတဲ့ အနိုင်ကို အစစ်အမှန် ထင်နေပုံရသည်။ တစ်ဖက်စောင်းနင်းကျသော ပြိုင်ဘက်၊ ပြိုင်ပွဲမျိုးကို ခင်လတ် အလွန်တရာ မုန်းတီးလေသည်။ ထိုလူ့အကြောင်း မသိသေးလို့ အဟုတ်ကြီး ထင်မှတ်နေတာ။ ကြွားလုံးထုတ်ရဲတာပေါ့။ ခြံခုန်ဖူးတဲ့နွား၊ အစာဝရင် ဌာနကို ပြန်မယ့်ငှက်ဆိုတာသာသိရင် ဒီမိန်းကလေး၊ ဒုက္ခအကြီးအကျယ်တွေ့ဦးမည်။ ခင်လတ်က အနှီကျော်မိုးဝေနဲ့ ပတ်သက်လို့ ကိုယ်တွေ့ကြုံခဲ့ဖူးပြီ။

တကယ်တော့ သူမ အမွှမ်းတင် ချီးပပြောနေသည့် သူမှာ အခြားမဟုတ် ခင်လတ်ကို ကျောရရုံကြံပြီး လိမ်လည်လှည့်စား ညာဖြီးကာ လက်ထပ်ဖို့ ရှောင်ဖယ်ခဲ့သူပင်။ ခင်လတ်က ဒေါသဖြင့် မျက်နှာပြင်နီရဲ အမူအရာ ပျက်ယွင်းသလောက် သူကတော့ မျက်နှာပြောင်တိုက်ကာ အရှက်မဲ့ ရယ်ပြုံးနိုင်လေသည်။ အယောင်ဆောင် နှလုံးသား ခါးပြတစ်ယောက်ရဲ့ မင်းသားခေါင်းဆောင်းကို မချွတ်ဘဲ အရုပ်တကာ လှည့်ပတ်ကြွားဝါ ဂုဏ်မောက်နေဟန်ပင်။





ကပ္ပလီက သဘောထားကြီးစွာ အပြုံးကို ဖာထေးဖုံးအုပ်၍ မဲ့ပြုံးပြုံး ဆက်ဆံသည်။ လောကကြီးက ချားရဟတ်လို လည်ပတ်ချေပြီ။ ပြေးမရ ရှောင်မလွတ်အောင် ကျဉ်းမြောင်းနေပြီလား၊ တိုက်ဆိုင်စွာ တစ်ကွေ့ကွေ့တော့ ပြန်ဆုံကြရသည်သာ။

နှလုံးအေးသူတွေအတွက် အရှုံးပေးတာဟာ အပြုံးဆေး ဆောင်နိုင်သလို့ပဲ၊ အပြုံးမွေးနိုင်ရင် အရှုံးပေးရာ မရောက်သလို အနိုင်အဖြစ် တမဟုတ်ခြင်း ကူးပြောင်းသွားနိုင်သေးလေ၏။

“မဆစ်ယုံ . . ဒါက မခင်လတ်တဲ့ ကိုယ်တို့အိမ်ကို ရောက်နေတာလေ”

ကပ္ပလီရဲ့ စကားစပင် မပြတ်သေးပဲ ခင်လတ်က ကြားဖြတ် ဖတ်ကနဲ ဝင်ပြောချလိုက်သည်။

“ခင်လတ်က ကိုကြီးမောင်နဲ့ လက်ထပ်မဲ့သူပါ သူ့ရဲ့ဇနီးလောင်းပါရှင့်”

“ဟင် . . . . ”

“အို . . . .”

ကပ္ပလီ အထိတ်တလန့် ငဲ့ကြည့်ကာ ရေရွတ်ရင်း မျက်လုံးပြူးသွားသလို မဆစ်ယုံကလည်း အံ့သြတကြီး နှုတ်မှ အသံထွက် ယောင်ယမ်းမိသွားသည်။ ပါးစပ်အဟောင်းသားဖြင့် ခနဲ့တဲ့တဲ့ ပြုံးလိုက်သူကတော့ ကျော်မိုးဝေပင်။ မာနဖြင့် ခက်ထန်စွာ ပြုံးထေ့ရင်း ရင်ဆိုင်ပစ်လိုက်သည်။ မျက်ဝန်းတွေ အရောင်တောက်လဲ့ပြီး မျက်နှာက ထီမထင်ဟန်ဖြင့်ပေါ့။ ကပ္ပလီကတစ်စုံတစ်ရာပင် အလုအယက် ပြောရန် ပါးစပ်ပြင်လိုက်သေးသည်။ မျက်နှာတွေရဲ့ အရိပ်အကဲ အခြေအနေကို သုံးသပ်ပြီး ခပ်တည်တည်ပင် နှုတ်ဆိတ်ကာ ရင်ကော့ ခေါင်းမော့ ငြိမ်ဆိတ်နေလိုက်သည်။ ဒါမျှမက ပိပိရိရိ မော်ကြွားပြီး နေသင့်တာပေါ့။ မာနတွေ အရှိန်သေ ညှိုးလျော်သွားသည်။ အထက်စီး ဆန်သူမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြေလျော့မှေးမှိန်ကာသွားသည်။

ထင်သလို ဖြစ်မလာဘဲ အရှိုက်ထိအောင် ပြန်ကန်ခံလိုက်ရသူပမာ ထိရှသွားသည်။ ကပ္ပလီက သူမထက်သာသော အချောအလှ မြို့ကြီးသူ၊ လက်ဝတ်လက်စား ရတနာ အစုံအလင်နှင့် ခင်လတ်ကို မခံချင်စိတ်ဖြင့် လူလုံးပြကာ ကြွားဟန်၊ တန်ပြန်အစွမ်းပြတိုက်စစ်ဆင်ဟန် ပေါက်နေဟန်ဖြင့်၊ အဖက်မလုပ်တတ်သူ မာနခဲတို့ရဲ့ ထင်မထားတဲ့ထောင့်ချိုးမှ ပြန်တွယ်ခံရသော လှည့်ကွက်တစ်ခုပင်။ မတူမတန်ထင်မှတ်ထားသူ တစ်ယောက်ရဲ့ တုတန်သော တန်ဖိုးကြီးမားမှု ညီမျှခြင်းကို အံ့သြဖွယ် တွေ့မြင်ရလေပြီ။ အခုသူမ ဘာတတ်နိုင်သေးသနည်း။ အမြဲတမ်း ကိုယ်က အသာစီးမရနိုင်တာ လက်တွေ့သိရပြီ။ အထူးသဖြင့် အလှမာနဂုဏ်မောက်သော ဒီလို မိန်းကလေးမျိုးကို ခင်လတ်အနေဖြင့် များစွာတရားရစေချင်သည်။ များစွာနောင်တပေးပြီး ဆင်ခြင်စေလိုလှသည်။ ဒါကြောင့်လဲ သာသာနဲ့နာနာ နှက်လေခြင်းဖြစ်သည်။

ကျော်မိုးဝေကတော့ အရှုံးမရှိ အဆင်အခြင်မဲ့ အားလုံးအပေါ်မှာ အနိုင်ရသူတစ်ယောက်ပမာ အပြုံးမပျက် ကျေနပ်လို့နေဆဲပင်။ မိန်းကလေးတစ်ယောက်ကို ပန်းလေးတစ်ပွင့်လိုမှ တန်ဖိုးထားရကောင်းမှန်းမသိတဲ့ လူတစ်ယောက်၊ ဒီလိုလူရဲ့ အရှက်မဲ့စွာ ပြုံးသောအပြုံးက ပေါ့ပျက်ပျက်နိုင်ပါလိမ့်မည်။ ဒီအပြုံးကို မှန်ထဲမှာ ပြန်ကြည့်တဲ့အခါ ချိုယွင်းပေါ့သွမ်းနေတာ၊ လစ်ဟာနေတာ သတိပြုမိလိမ့်မည်။ ဒါကပင် သူ့ရဲ့အရှုံးမှန်း မသိသော အရှုံးပင်ဖြစ်ချိမ့်မည်။ ဘာပဲဖြစ်ဖြစ်သူပစ်ရက်ပေမယ့် မပစ်ရက်တဲ့သူရှိနေသေးတာကိုတော့ ခင်လတ်က သူ့ရှေ့မှာ ထုတ်ပြနိုင်တာ အမြတ်ပင်။ အရှုံးအမြတ်ဆိုတာ တွက်ဆသူတွေအတွက် ကျေနပ်လောက်သော အမြင်မျှသာဖြစ်သည်။ သူနိုင်တယ် ထင်သ၍ ရှုံးမှန်းမသိနိုင်ဦးမှာ ဖြစ်သလို ကိုယ်ရှုံးမှန်း မသိသရွေ့





တော့ နိုင်နေဦးမည်ဖြစ်ပေသည်။

"ကဲဗျာ ကျုပ်တို့လဲ အိမ်ပြန်ရဦးမယ် မမှောင်ခင်"

"ဟုတ်ကဲ့ ခွင့်ပြုပါဦးရှင် အမေကျင်က စောစောပြန်ခဲ့ဖို့ မှာထားလို့ သူ့သားထက် ကျွန်မကို စိုးရိမ်နေသတဲ့လေ"

ပိုပိုသာသာပင် လိုအပ်တာထက် ခင်လတ် ကြွားဝါပြီး ပြောပစ်လိုက်ရပါသည်။ ဟိုနှစ်ယောက် ကြောင်တီးကြောင်အ ယောင်နနဖြင့် ငုတ်တုတ်ငေးကာ ကျန်ရစ်သည်။ နှုတ်ဆက်ရကောင်းမှန်း၊ အိမ်ဝအထိ လိုက်ပို့ရကောင်းမှန်းပင် မသိတော့။ အဲသလောက် လက်လွှတ်တွေဝေငေးမောရင်းသာ။

ရှုံးတို့ရှန့်တန့်ဖြင့် နှစ်ယောက်သား ရှိန်ကာ လျှောက်လာကြရင်းမှ ကပ္ပလီက ခင်လတ်ကို မဝံ့မရဲ မေးလေသည်။

"မခင်လတ် ဗိုက်ထဲမှာ ပုဏ္ဏားကလေး ရှိလား"

"ရှင်. . . ဘာဖြစ်လို့လဲ"

"ခင်ဗျား ကြည့်ရတာ ကျုပ်အကြောင်းကို သိထားသလိုပဲ၊ ဟိုကောင် ရာညွန့်များ မူးကြောင်ရူးကြောင် လျှောက်ပြောထားသလား မသိဘူး"

"အင်း. . . အဲ့ဒါလည်းပါတယ်၊ ဒါတင်မကဘူးရှင့် အခုသူနဲ့ ယူထားတဲ့ ဟိုလူယုတ်မာဟာ ကျွန်မနဲ့ မြို့မှာ ရည်းစားဖြစ်ခဲ့ဖူးတာလဲ ရှိသေးတယ်လေ"

ကပ္ပလီ မျက်မှောင်ကုပ်ကာ တွေးဆရင်း ခေါင်းညိတ်ညိတ်လုပ်လေသည်။ အံ့သြတကြီးဖြစ်ကာ မဲ့တဲ့တဲ့ကြီးတစ်ချက် ဟန်ပါပါ ပြုံးလိုက်သည်။

"တော်တယ်ဗျာ၊ ခင်ဗျားက တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်ထည့်လိုက်တာကိုး"

"ဒါပေါ့ရှင်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကပ္ပလီက ရှက်ရွံ့ပြုံးတုံ့ဖြင့် မချိသွားဖြရယ်လေသည်။ ကျား အနာခံ ခံလိုက်ရသူပမာ ပြုံးပြီး ကျေနပ်နေလေတော့၏။ ကံကြမ္မာ တိုက်ဆိုင်လေတော့လဲ လက်စားချေဖို့ အခွင့်အခါက အခန့်သင့်ပင် ကြုံကြိုက်လိုက်သည်။ တစ်ချိန်လုံး တောက်ပကြွားဝါဖို့ အားခဲထားသမျှ ဆွံ့အသွားစေခဲ့သည်။ နေရောင်ဟာ အုံ့မှိုင်းသော မိုးတိမ်တွေကို ထိုးမဖောက်နိုင်သလို မိုးတိမ်မဲမဲတွေကလည်း လေဒဏ်ကြောင့် မတည် မြဲနိုင်ပါပေ။

"ရှင် ကျေနပ်တယ်မဟုတ်လား ဒီလိုရိသဲ့သဲ့နဲ့ ကလိခဲ့ရတာကို မကောင်းဘူးလား"

"အင်း. . ကောင်းပါရဲ့ သင့်တော်ပါတယ်ဗျာ၊ ကျုပ်ဦးနှောက် နဲ့တော့ ထူပူပြီး ခေါင်းငုံ့ပြန်လာရမှာဗျ။ ယင်ယင်က ရန်ဖြစ်ရင် အမြဲ ငိုပြီး အိမ်ပြန်နေကျကောင်၊ ခင်ဗျားမို့သာ လူမစွမ်းလို့ နတ်မ,တာ၊ ခင်ဗျားက နတ်မိမယ်ပဲ၊ ခုကိစ္စအတွက်လည်း ကျေးဇူးတင်ပါတယ်"

အမှတ်တမဲ့မှ အမှတ်တရဖြစ်ကာ ခင်လတ်ကပ္ပလီကို ငဲ့စောင်း ကြည့်မိသည်။ ခွန်းတုံ့စကားဆိုတာ အပြန်အလှန် ရှိတတ်ပါသလား။ အလျားအနံမရှိတဲ့ မေတ္တာမှာတောင် အသွားအပြန် ရှိတယ်လို့ အရွယ် မရောက်ဘဲ အမြီးပေါက်ချင်သော မျောက်လောင်းလေးများဘဝက ရေးခြစ် အမွေခံခဲ့ဖူးကြသည်။ အမြီးအတောင် မပေါက်သေးတဲ့ ကြီး ကောင်ပေါက်ဘဝရဲ့လက်သုံးစကားလဲ ဖြစ်ခဲ့ဖူး၏။

"ဘာကိုလဲ ကိုကြီးမောင်၊ ဘာကို ကျေးဇူးတင်ရတာလဲ"

"အော်. . . ဒီလိုပါ၊ ကျွန်တော့်သိမ်ငယ်မှုတွေကို ဆယ်မပြီး အဟုတ်ထင်နေတဲ့ မဆစ်ယုံကို လက်စားချေတဲ့စကားမျိုး အနစ်နာခံ ပြောပေးလို့"

"ဒါလား. . ကိုကြီးမောင်ကလဲ ကျွန်မတို့ကြားမှာ ကျေးဇူး ဆိုတဲ့စကား မထားသင့်တော့ဘူးလေ"





သူတို့နှစ်ယောက်ဟာ တစ်ပြန်တစ်လှည့် ဖေးကူထောက်မနေ ကြသော ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဖြစ်လို့နေပါပြီ။

အချိန်တိုလေး အတွင်းမှာပင် မိတ်ကောင်းရင်းချာကဲ့သို့ ယုံကြည်ကျွမ်းဝင် နှစ်သက်မိကြသည်။

တည်ကြည်မှုမရှိသော ခင်မင်မှုများမှာ မိတ်ကောင်းဆွေရင်း ဘယ်လိုမှ ပီသလာနိုင်မှာမဟုတ်ပေ။ အခုသူတို့ရဲ့ လေးနက်ယုံစားမှုက ရင်ထဲက အတိုင်းအတာကို ညီတူညီမျှ ဖြည့်စွမ်းမျှဝေလေသည်။ တစ်လမ်းတည်း နှစ်ယောက်အတူ လျှောက်မိတော့ ဆည်းဆာနေဝင် ချိန်မှာတောင် ပုစွန်ဆီရောင်တွေက အတူအရောင်သန်းလို့ အလင်းက ညီမျှစွာ အပြုံးတွေပေါ်မှာ ဖြာဝေကျလို့နေသည်။

"ကျွန်မတို့ကြားမှာ ဘာမရှိတဲ့ လှောင်အိမ်လေးတစ်လုံးရှိလိမ့် မယ်ထင်တယ်"

"ဟင့်အင်း ကျုပ်တို့ကြားမှာ အမုန်းမရှိ၊ ကျေးဇူးမရှိ၊ အနိုင်မရှိ၊ အရှုံးမရှိပဲ"

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်တွေ တွဲခပ်ယှက်သီခြင်း

အမေကျင်က အပြုံးတဝေဝေဖြင့် သူတို့အရိပ်အခြေကို ကြည့်ကာ ကျေနပ်နေ၏။ ထမင်းလက်ဆုံ နှစ်ယောက်သား စားရင်း ပျော်စရာ နိဗ္ဗာန်ဘုံဖြစ်သော ကလေးဘဝအကြောင်းတွေ စကားစမြည် ပြောမိကြသည်။ ဆိုးခဲ့ပေခဲ့၊ တေခဲ့မိုက်ခဲ့၊ ရှာလွန်ရှက်တိုက်ခဲ့သော ငယ်ကျိုးငယ်နာတွေ ပြန်ဖော်မိကြသည်။

အမေကျင်က စောစီးစွာ အိပ်ယာဝင်သွားသည်။ လသာသာဖြင့် လေညင်းခံရင်း တလင်းပြင်ကောက်ရိုးပုံ နဘေးမှာထိုင်ရင်း ငေးမောတွေးတောမိကြသည်။

အခြားသူတွေက အလှူမှာ သာယာနေကြပြီမို့ ဒီညအဖို့ ပြန်လာနိုင်ကြမည်မထင်တော့ပေ။ ရဲလင်းကစ်ယောက်ကြောင့် တစ်နွယ်ဝင် တစ်စင်ပါဟု ဆိုသလို အကုန်အစင် အလှူပွဲကို မဆီမဆိုင်





ဝင်နွဲနေပုံရသည်။ ဒီညချမ်းလေးအဖို့တော့ သူတို့နှစ်ယောက်တည်းသာ ကူကယ်ရာ အားကိုးဖွယ် အဖော်အသင်းအဖြစ်သာ ရှိပေလိမ့်မည်။

ရိုးတိုးရိပ်တိပ် ရင်ခုန်သံ တစ်စွန်းတစ်စဖြင့် ရင်ဖိုလှိုက်မောစွာ ငြိမ်သက်နေကြသည်။ တုပ်တုပ်မျှမလှုပ်ဘဲ စကားတွေစပ်မိစပ်ရာဖြင့် လှုပ်ရှားယိမ်းထိုးအသက်ဝင်နေသည်။ လရောင်က သူ့တို့အပေါ် လင်းပ ဖြာဝေနေသည်။ ကောက်ပင်ကို ဖြတ်တိုက်လာသော လေရနံ့က သင်းပျံ့ထုံမွှေး ရင်အတွင်းကို ချိုအေးစေပါသည်။ ယုံကြည်သက်ဝင်မှုက ရင်းနှီးဖော်ရွေမှုကို ပိုမိုအရောင်တက် ဝင့်ဝါစေတော့သည်။ ကြုံဆုံခဲ့သော လောကလမ်းပေါ်မှ အတွေ့အကြုံများက တစ်ခုချင်း ယိမ်းထိုး ကကွက်ဖော်နေလေသည်။

"ကျုပ်ဘဝမှာ ဘယ်လိုမှ ဝယ်ယူလို့မရတာကတော့ ရုပ်အဆင်းအင်္ဂါ ရူပကာနဲ့ ချစ်ခြင်းမေတ္တာပဲ"

"အဲဒီလို စိတ်ပျက်အားလျှော့ပြီး မပြောပါနဲ့ ကိုကြီးမောင်ရယ် ဝယ်ပုံဝယ်နည်းမမှန်ရင် ပစ္စည်းမှန်ဈေးမှန် မရတတ်တာဟာ ဈေးသဘာဝပါပဲ"

"ကျုပ်မှာ အထင်ကြီးစရာ ဘာမှ မရှိတော့သလို အထင်ကြီးသူလဲ ကမ္ဘာကုန်ကျယ်သ၍ ရှိတော့မှာမဟုတ်ဘူးဗျ"

"ရှင့်တွက်ကိန်းနဲ့ ရှင်ပဲကိုး၊ ရှင့်ကိုအထင်ကြီးသူ မရှိတော့ဘူးလို့ ထင်နေပေမယ့် အထင်မကြီးသူတွေ ရှိသလို အထင်ကြီးသူတွေလဲ ရှိနေမှာတော့ သေချာတယ်"

ခင်လတ်ရဲ့ ချိုအီရှတစကားသံကိုကြားရတာ နားဝင်ပီယံဖြစ်ပြီး နားကျောစိမ့်စေတော့သည်။ ကပ္ပလီက နှစ်သိမ့်ဖေးမစကားအဖြစ်သာ ပေါ့ပေါ့တန်တန်မှတ်ယူကာ နှိမ်ချရိုသေစွာ လက်ခံထားပါသည်။

"နေပါဦး မခင်လတ်ပြောတာ ဝယ်ပုံဝယ်နည်းမမှန်လို့ ဆိုတာ ဘာလဲ သဘောမပေါက်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရဲ့ ရုပ်အလှ၊ ဂုဏ်ပကာသန ချစ်ခြင်းမေတ္တာကို ဝယ်လို့ မရဘူး၊ စိတ်အလှနဲ့ ဝယ်ရမှာလေ၊ စိတ်လှနေတဲ့အတွက် ရှင့်လက်က လှပပြီး ချစ်ခြင်းမေတ္တာကို ရှင်လက်ခံရရှိဖို့ အချိန်တွေအများကြီး ရှင့်လက်ထဲမှာ ရှိသေးတယ်"

"ဟောဗျာ၊ အားတက်စရာပဲ ပြောတိုင်းဖြစ်မယ်ဆိုရင် သိပ်ကောင်းပေါ့၊ မြှောက်စရာမလိုပါဘူး၊ အခြေအနေမှန်ကို ကျုပ်က လက်ခံနိုင်ပါတယ်ဗျ"

မခိုးမခန့်ရယ်ကာ အားအင်ဖျော့တော့စွာ သူပြန်ပြောသည်။ ဝမ်းနည်းနေသော ရင်တွင်းစကားသံကို ခင်လတ် ကရုဏာသက်မိသည်။ ညာတာစာနာမိသည်။

ရှင်းပြနိုင်ဖို့ ခက်ခဲသောအမှန်က သူတို့ကြားမှာ နေရာယူခန့်ထည်စွာ ကိန်အောင်းနေသည်။ ချစ်သူကိုယ်စီဖြင့် ကြည်နူးချမ်းမြေ့လျှက်ရှိနေသင့်သော သာယာသည့်ညမျိုးပင်။ အရှုံးသမားချင်း ဖေးမတွဲကူကာ ကပ်သီးကပ်သပ် ကြုံဆုံနေခဲ့ရသည်။ ရင်ခွင်ဝေး အဖော်မဲ့သူချင်း ကူကယ်ရာအဖြစ် ရပ်တည်မိလျှက်သားဖြစ်ရချေပြီ။

ရွာထဲရှိ အလှူမှ ဒိုးဝိုင်းလက်သံက တစ်ချက်တစ်ချက် ပျံ့လွင့်လို့ လာသည်။

"ကိုကြီးမောင် သူ့ကိုအရမ်းချစ်မှာပဲပေါ့နော်"

"ဘယ်လိုပြောမလဲ အချစ်ဆုံးရယ်တော့မဟုတ်ဘူးဗျ၊ လိုအပ်ချက် ဆန္ဒကိုပြင်းပြင်းထန်ထန်တောင်းတမိတာမျိုးပါ။ ကျုပ်က သူ့ကို မြတ်နိုးတာပါဗျ"

ချစ်တာထက် ပိုမို သိမ်မွေ့သော မေတ္တာထုထည်ရဲ့တန်ဖိုးက ကြီးမားလေသည်။ အတိမ်အနက်ဆိုတာမျိုးက အပေါ်ယံ ရုပ်ကြည့်လို့ သိသာထင်ရှား ပေါ်လွင်တာမှ မဟုတ်ဘဲ။ ကြယ်ကလေးတွေက ညမှောင်ယာပေါ်မှာ တရေးနိုးလာကြသည်။





"ကျုပ်အဖို့ရာတော့ ဘာမှမမျှော်လင့်ရဲလောက်အောင် ဖြစ်သွားရပါပြီ မခင်လတ်ရယ်"

"မျှော်လင့်ချက်နဲ့ အသက်ရှင်ရတာပဲ၊ စိတ်ရင်းမှန်နဲ့ ဖွဲ့သန်နေဖို့သာ လိုအပ်တာပါ"

"ဟုတ်တော့ ဟုတ်ပါတယ်ဗျ၊ ဒါပေမယ့် ကျုပ်ကတော့ အတော်ကြီးကို လန့်နေကြောက်နေလို့ စိတ်ပင် မကူးရဲတော့ဘူး"

"ပြောမယ့်သာ ပြောရတာပါ၊ ကျွန်မလဲ ကိုကြီးမောင်လို ခံယူချက်မျိုး ရှိနေတာပါပဲ၊ ကျွန်မကတော့ လူတိုင်းကို စိတ်နာပြီး မကြည်ဖြူဘဲ မနေနိုင်ပါဘူး"

ကံဆိုတာ လူက လုပ်သတဲ့လား။ လူကို ကံက ချုပ်ကိုင်ထားသည်ပဲလား။ သူမကတော့ အပြစ်မဲ့တဲ့လူတွေကိုပါ ရောယောင်သိမ်းကျုံးပြီး ဘောင်ခတ်မကြည့်လိုပေ။

"တစ်ခါတစ်လေကျ လူတွေက အဆင်အခြင်ကင်းမဲ့သွားတတ် ကြတယ်ရှင့်၊ အဲဒီအခါ ညံ့ဖျင်းလွန်းတဲ့ ကံတရားကိုမမြင်ဟော့ဘဲ တစ်ယောက် ကိုတစ်ယောက် အပြစ်ဖို့နေတာနဲ့ပဲ မဖြစ်သင့်တာတွေ ဇာတ်လမ်းရှည် လုံးထွေးနေကြရော"

"အေးဗျာ ဟုတ်တယ်နော် အသေအချာတွေးကြည့်တော့လဲ အရေးကြီးတာတွေဟာ ဘာမှမဟုတ်သလို၊ ဘာမှမဟုတ်တာကိုသိဖို့က အရေးကြီးတယ်ဆိုတဲ့ ဆရာတော်ဘုရား အဆုံးအမအတိုင်းပဲ မှန်နေပါရောလား"

"ဟုတ်တယ်. . ကိုကြီးမောင် အဲ့ဒါကို သတိပြုဆင်ခြင်မိဖို့ အသေအချာကို လိုအပ်တယ်"

ရောင်းသူဝယ်သူ အသံကိုတူနေတော့သည် နှစ်ယောက်တည်း ရှိနေချိန်မှာမှ မညီညွတ်ရင်လဲ ထကိုက်ကြဖို့ပဲ ရှိတော့တာကိုး။

"ကျုပ်က ခင်ဗျားလောက် ပညာမတတ်တော့ မတွေးမိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျ. . တကယ်အခုမှ သတိပြုရကောင်းမှန်း သိတော့တယ်. . ."

"ဒါကတော့ရှင် လောကီပဲဖြစ်ဖြစ် လောကုတ္တရာပဲဖြစ်ဖြစ် အဆုံးအမရှိနေတာပဲ၊ အတွေ့အကြုံကောင်းကပဲ ဘဝသင်ခန်းစာကို အပ်ကျမတ်ကျ ပေးတာပါ"

ကပ္ပလီက သာယာချိုလွင်သော သူမရဲ့အသံ၊ စကားလုံးများမှာ စီးမျောနားဝင်ကာ ငြိမ်သက်နားထောင်နေလေသည်။ သူ့အဖို့ရာတော့ တစ်ထောင့်တစ်ည ပုံပြင်တွေကို နားချပြောဆိုနေသည့်နှယ် နှစ်ခြိုက်စွာ နားစွင့်နေမိ၏။ စိတ်ကူးထဲမှာ သူက ဘုရင်ကြီးတစ်ပါးဖြစ်လို့ နေသည်။ သူမကတော့ ချောကလျာ မိဖုရားလေးတစ်ပါးပေ့ါ။ သူတို့တလင်းမြေကလဲ အာရေဗျနန်းတော်၏ ခန်းစက်ရာသလွန် ညောင်စောင်းအလားထင်မှားနေစေသည်။ စိတ်ကူးတွေ အယဉ်ကြီးယဉ်ကာ မိန့်မိန့်ကြီးပြုံး၍ ဝက်မှိန်းမှိန်းကာ ကျေနပ်ကြည်နူးနေသည်။ ပြိတ္တာအုမြူးပြီး မှုရတဲ့ မျက်နှာပုံပန်းသဏ္ဌာန်က လရောင်မှိန်ဖျော့ဖျော့ အားကိုးဖြင့် ခိုးဝှက်ပေါ်လွင်နေသည်။

"ကိုကြီးမောင်က ဘွဲ့ရပြီးသားဆို ကိုရဲညွန့်ပြောတာတော့"

"ဗျာ. . . သူ အဲ့လိုပဲပြောသလား၊ အင်း ဒီကောင်တော့၊ ဟုတ်တယ်ဗျ. . . ကျုပ်က ရွာဦးကျောင်းကပေးတဲ့ ဦးပဥ္စင်း ဦးစန္ဒိမာ ဆိုတဲ့ ဘွဲ့လေဗျာ. . . အဟီး"

"အော်. . . ဒီလိုလား ဒါလဲလေးစားစရာပဲ၊ ကျွန်မတို့မိန်းကလေးတွေ ဒီလို ရဟန်းဘဝခံယူလို့ မရဘူးလေ"

"ဒါပေမဲ့ သီလရှင်ဝတ်ပြီးဘွဲ့ယူလို့ကော့ရမှာပါ"

နှစ်ယောက်သား စကားလက်ဆုံကျနေတာ ဘွဲ့ရနည်းလမ်းညွှန်နေသလို ဖြစ်နေသည်။ လူဖြစ်လာရင် မရမရှိ ဘွဲ့ရအောင်ပင်အခွင့်အလမ်းတွေ ထွက်ပေါ်နေလေပြီ။ နေတတ်ရင် ကျေနပ်စရာ လောကကြီး ပင်ဖြစ်လို့နေသည်။





"ကျုပ်က အတန်းပညာလဲ စတုတ္ထနှစ်အထိရောက်ပြီးသားပါ"

"ဟုတ်လား ဘာမေဂျာလဲ ဘယ်ကျောင်းမှာတက်ခဲ့တာလဲ"

"အဲ တာဆုံကကျောင်းလေ ဆယ်တန်းကို စတုတ္ထနှစ်အထိ ဖြေပြီး မအောင်လို့ ဆက်မဖြေဘဲ ရပ်ထားတာ"

"ဟောတော်. . ."

ကပ္ပလီရဲ့ နောက်တီးနောက်တောက် စကားကြောင့်သူမ လှုပ်လီလှုပ်လဲ့ တသဲ့သဲ့ရယ်ပါသည်။

"ရှင့်လို ပြောကြေးဆို ကျွန်မလဲ တတိယနှစ်ဆေးအမ်ဘီဘီအက်စ်ပဲရှင့် ပန်ကန်ဆေးတဲ့ ဆေးကျောင်းကို အိမ်မှာတက်တယ်"

"ကျုပ်ကို ဘယ်မှီမလဲ ဘီကွမ်းဘွဲ့ဗျ ကွမ်းယာခုံမှာသွားပြီး လက်ထပ်သင်ထားတာ"

"အို. . . ကျွန်မက ဘီအက်စ်စီပဲ၊ ဘတ္တရီအိုးထဲက အက်စ်ဆစ်ကို ဆီနဲ့ရောပြီး ယူထားတာ"

ရှိသမျှ ဘွဲ့တွေလဲ တစ်ခုမှကိုရစရာမရှိတော့ဘူး။ ကြံကြီးစီရာ ဘွဲ့တွေကို ပါးစပ်ထဲ တွေ့ကရာနဲ့ ဆက်စပ်ပြီး ပေါက်တတ်ကရ ပြောနေကြသည်။

"စကားပြောလို့တောင် ကောင်းသားပဲ ခင်ဗျားအိပ်ချင်ပြီလားမခင်လတ်"

"ဟင့်အင်း ဒီအတိုင်းထိုင်နေရတာ တော်တော်ဖိမ်ရှိတယ် မြို့ပြမှာ ဒီလိုထိုင်လို့မရဘူး၊ ကျွန်မနေချင်သေးတယ်"

"ခင်ဗျားကို အားနာလို့ပါ။ အိပ်ချင်ရင်ပြောနော်၊ ကျုပ်ကတော့ အဖော်အဖြစ် ရှိနေမှာပါ"

"ကိုကြီးမောင် သရဲတစ္ဆေကို ယုံကြည်လားဟင်"

"ကျုပ်က မျက်ကန်းတစ်ယောက်နဲ့တူပါရဲ့ ကြားဖူးနားဝနဲ့ ကြောက်ခဲ့ပြီးတော့ လက်တွေ့မမြင်ရတော့လဲ မကြောက်တော့ပြန်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်"

"ရှင် တွေ့ခဲ့ဖူးသလား ကျွန်မတော့ စိတ်အတွေးနဲ့တင် မသိုးမသန့် ကြောက်လန့်မိတယ်"

"ရှာဖွေစူးစမ်းသူအဖို့တော့ တွေ့ကောင်းတွေ့မိကြမှာပေါ့ ကျုပ်ကတော့ ကိုယ်ကိုလာခြောက်တာလဲ မကြောက်သလို သူတို့ကိုလဲ လျှောက်ပြီး မစပ်စုချင်ပါဘူး"

"ဟိုလေ . . . ရှင့်ကို ကျွန်မယုံကြည်လေးစားပါတယ်၊ ပြီးတော့ . . ."

ခင်လတ်က စကားအစရှာပြီးကာမှ မပြောသေးဘဲ တွန့်ဆုတ်ရပ်တန့်နေသေးသည်။ ကပ္ပလီအသာအယာ ငြိမ်သက်မှေးစိုက်ပြီး စိတ်ဝင်တစား နားထောင်ပေးပါသည်။

"ကျွန်မတစ်ယောက်တည်း မအိပ်ရဲလို့ အဲ့ဒါအနားမှာပဲ နေပေးပါနော်၊ ကိုကြီးမောင်က ကျွန်မအတွက်တော့ အကိုတစ်ယောက်ပဲ"

"အော် . . အဟင်း . . ဟုတ်ကဲ့ ရပါတယ် ကျုပ်ရှိနေမှာပါ ခင်ဗျားအနားမှာ ရှိမှာပါဗျ"

ခင်လတ်က အဖြူသက်သက် အားကိုးကြီးစွာ သူ့ပေါင်ပေါ်ခေါင်းအုံးပြီး အိပ်စက်သွားသည်။ သူခင်လတ်ရဲ့ လှပသော မျက်နှာလေးကို တွေပြီးငြိမ်သက်စွာ ငေးမောမိသည်။ ရင်ခုန်သံတွေက လှုပ်ရှားကပြောင်းကပြန်ဖြစ်ကာ စိတ်မောလူပန်းဖြစ်ရသည်။ နှစ်ခြိုက်စွာ အိပ်စက်နေသော သူမပါးပြင်ကလေးက ခိုးနမ်းပစ်ချင်စရာ ကောင်းနေတော့သည်။

ယုံကြည်မှုနဲ့အတူ လအရောင်ဟာ ရင့်ခါထိန်တောက်ခဲ့လေပြီ။ ကြယ်ပန်းကလေးတွေ ကောင်းကင်မှာ အစီအရီသွယ်တန်း ပွင့်လန်းနေကြ၏။ ကြည့်မဝသော သူမမျက်နှာကလေးကို ငေးပြီး မက်မောတွယ်





တာရပါသည်။ တပ်မက်စိတ်ဟူသည်ကား မဖြစ်နိုင်တာကိုမှ စွဲလမ်းတမ်းတ မက်မောတတ်သည်မှာ သဘာဝပင်လား။ ရီဝေယစ်မူးစွာ နှစ်ခြိုက်မိသည့်အခါ နှလုံးသားတို့ နာဖျားကြလေသည်။ တိုးတိုးဖွဖွ အသံမထွက်ဘဲ ရေရွတ်ကြည့်လိုက်တော့ ကျေနပ်ဖွယ်ကောင်းလောက်အောင် ခံတွင်းတွေ့သွားသည်။

"ခင်လတ်ကို ကျုပ်ချစ်တယ်"

အကြိမ်ကြိမ်အထပ်ထပ် စိတ်မှရေမှတ်၍ ရွတ်ဖတ်နေမိသည့် သူ့နှလုံးသား၏ ဂါထာတစ်ပုဒ်ပင်။ ရေကြည်ထဲကလရိပ်ကို မက်မောရင်း ငေးငိုင်မှင်သက်မိရသည်။ တိမ်းမူးသာယာခြင်းကပင် ရင်ကို တရကြမ်း မွှေယမ်းသည်။ မှောင်မိုက်ခြင်းနဲ့အလင်းက ဒွိဟစိတ်မှာ ကြီးစိုးရောယှက်ကာ မသဲကွဲချင်တော့ပေ။ ကြယ်စင်တွေက အိမ်ပြန်ရခက်အောင် ညှို့ယူပြီး လမ်းစဖျောက်ပစ်လိုက်တဲ့အခါ မျက်စိလည်သွားရပါသည်။





www.burmeseclassic.com

www.burmeseclassic.com



# နံ့ကြာတောမှာ ရှန်းမရမော

"ဝိန်နားကပ် အရောင်နဲ့×××ပါးသွေးမပြောင်းနဲ့လေ××× သေမြေကြီး×××ရှင်ရွှေထီး×××ဟော့×××ပူးသီး,သီးမှ အရိုးလာမတော်နဲ့လေ"

တောင်တစ်လုံး မြောက်တစ်လုံး ဒိုးပတ်သံနဲ့ ဝါးလက်ခုပ်၊ ရကွင်းသံက အစည်းပြေကာ မညီမညာ။ သံပုံးရိုက်ပြီး အိုးခွက်တွေ မှောက်တီးနေသည့်အလား နားဝင်ပီယံဖြစ်လှသည်။ ဒုံဂွမ်း ဂုံးချမ်း သံစုံကို မြည်လို့။ သူ့အရပ်နဲ့ သူ့ဇာတ်ဆိုတော့လဲ အဟုတ်ပဲ။

အလှူအကြိုညမှာ ရွာဒိုးဝိုင်းနဲ့ပဲ အစပြုပျိုးထောင်သည်။ အလှူကြီးနေ့မှသည် အလှူထွက်သည်အထိ ဆိုင်းဝိုင်းကြီးဘိသိက်ဖြင့် ဆက်ပြီး ဆင်ယင်ကျင်းပသည်။ ယနေ့ညအဖို့တော့ ဒိုးဝိုင်းကလေးဟာ





ရှေ့တော်ပြေး ပွဲထွက်ခွင့်ရသည်။ အငြိမ့်မှာဆို ရှေ့ထွက်မင်းသမီးပဲပေ့ါ။

"သူများကို ရိသဲ့သဲ့နဲ့ လိုက်ပြီးပြောနေတယ်×××သူ့စကားတွေ မိုးလောက်ကြီးအောင် သူလေ အပြောကြွယ်×××"

တစ်ပုဒ်ပြီးတစ်ပုဒ် ဟုတ်သည်လဲရှိ မဟုတ်သည်လဲရှိ အပြတ်ဟဲကြတီးကြသည်။ ရွာထဲမှ ဝါသနာအိုး ရွက်ပုန်းသီး ကိုကို၊ ပျိုပျို မမတွေ၊ မောင်မောင်တွေက အလှည့်ကျ ဝင်ဆိုကြသည်။

ရွာခံသားတွေက လက်ခုပ်လက်ဝါးတီးကာ အားပေးကြသည်။ မေရီနဲ့ နွယ်နီတို့က ပြန်ချင်အိပ်ချင်လှပြီ။ ဒါပေမဲ့သော်လည်း အလှူလက်ဖက်၊ အလှူထန်းလျက်နဲ့ ပဲလှော်၊ ကော်ဖီ သောက်စားဖွယ် မုန့်မျိုးစုံတွေရဲ့ဆွဲငင်အားကြောင့် အထိုင်မပျက်တော့ပေ။ ထိုင်ရာကမထ လက်ဖက်ဇွန်းကိုပင် လက်က မချပေ။ သူတို့နှစ်ယောက်က မြို့သူ အချောအလှတွေအဖြစ် ထင်ရှားနေတော့သည်။ ဒိုးဝိုင်းနောက်မှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ပြီး လာချသမျှ မုန့်ဗန်းကို ထိုင်အုပ်နေလေတော့ ဆိုင်းနောက်ထ မင်းသမီးလိုလို ဘာလိုလို ပွဲလယ်တင့်နေသည်။

ရဲလင်းက အစောပိုင်းမှာတင် ပြန်ရန်ဟန်ပြင်သည်။ လှဲ့ရည်ကို ကြည့်လိုက်တော့ ဟိုအစားပုတ်မနှစ်ယောက်နှင့် မီးချောင်းအောက်မှာ တောက်ရွှန်းလှပနေသည်။ အသောက်အစားမပျက် တရစပ်ပါးစပ်မှလည်း မကုန်နိုင်မခမ်းနိုင်သော စပ်မိစပ်ရာတွေ ပြောနေသည်။ အိမ်မှာ အတင်းမပြောခဲ့ရသမျှ အတိုးချပြီးပြောစရာမကုန်နိုင် ဖြစ်နေပုံရသည်။ ဟန်တပြင်ပြင် ဖင်တကြွကြွဖြစ်နေသော ရဲလင်းကို ရွာသားတွေနဲ့ ဒိုးဝိုင်းမှတားမြစ်ကြသည်။

"နေပါဦးလားဟ ငါ့လူရာ"

"ဟုတ်ပါတယ်ဗျာ. . . ဆက်တီးပါဦး၊ ကောင်းလွန်းလို့ပါဗျာ"

"ကျွန်တော် ပြန်မှဖြစ်မယ်ထင်တယ်ဗျ ကျွန်တော်တို့ လူတစ်ယောက် အိမ်မှာကျန်ခဲ့တယ်. . . ."



www.burmeseclassic.com

www.burmeseclassic.com



" ဟောဗျာ ကိုရဲလင်းကလဲ ဘာဖြစ်လဲ အိမ်မှာလဲ အမေကျင်ရှိနေသားပဲ စိတ်မပူပါနဲ့ဗျာ. . "

ရဲလင်းက ခေါင်းကိုက်ပြီးညည်းစီစီဖြစ်ကာ ပြန်သွားသော အမဖြစ်သူကို စိတ်မချ၍တော့ မဟုတ်ပေ။ တစ်ယောက်တည်း ပစ်ထားသလို ဖြစ်နေမှာစိုး၍ အတူရှိနေသင့်သည်ဟု ယူဆခြင်းဖြစ်သည်။ ရာညွန့်က စွတ်တင်ကာ သူ့ကိုထိုင်ရာက မထဖြစ်အောင် ဆွဲထားသည်။ အမှန်တကယ်တော့ ရာညွန့် အကြံကြီးခြင်းမျှသာ ဖြစ်လေသည်။

ကပွဲလီနှင့် ခင်လတ်နှစ်ယောက်တည်း ရှိနေရန် သူအချိန်ဆွဲထားခြင်း၊ အီလေးဆွဲခြင်းဖြစ်သည်။ ဉာဏ်များပြီး အမြီးမြောက်လိုက်အီးပေါက်လိုက် လုပ်နေရင်းနဲ့ပင် အချိန်လဲအတော်လွန်ကာ ညဉ့်နက်လှပြီ။ ဒီအချိန်မှ ထပြန်ရင်လဲ အတော်လျှောက်ရဦးမည် အားလုံးရဲ့သဘောကတော့ မပြန်သေးဘဲ ညအိပ်လိုက်ဖို့ပင် ဖြစ်သည်။ မိုးလင်းမှ စောစောထပြန်လိုကြသည်။ ရဲလင်း စိတ်လျှော့လိုက်ရတော့သည်။

မလျှော့လို့လဲ မရပေ။ ငကြောင်သူငယ်ချင်း မြင့်မောင်ကျော်က သောက်တော်ဘူးနှင့် အာတွေ့ရုံမက ရှူတော်ဘူးလေးနှင့်ပါ မျက်စေ့စားပွဲထိုင်နေပြီ။ ရာညွန့် ညှော်ခံခိုင်းထားသော နှမတစ်ဝမ်းကွဲဆိုသူရှာသူတစ်စုနဲ့ ပြုံးပြီး ကြည်မွေ့လို့နေသည်။ အာလာပသလ္လာပ အမူးစကား တောရောက်တောင်ရောက် လျှောက်ပြောနေသည်။ ဖင်နဲ့ကြမ်းပြင် မူလီတုပ်ထားရင်တောင် လှည့်ချွတ်လို့ရဦးမည်။ အခုဟာကြီးကတော့. . "ပပ ထူမှ ထမည်" မင်းကုသထုံး နှလုံးမူကာ စွဲမြဲသဘောခွေ့မွေ့လျော်နေပုံပင်။ တစ်ယောက်တစ်ပေါက်နဲ့ ဘယ်လိုမှ တစ်စုတစည်း ညီညာအောင် စုစည်းဖို့ မဖြစ်နိုင်သေးပေ။

"ဟာ. . ဟော့လူ ကိုရဲလင်း နေဦးဟ ဒီမှာ သောက်ပါစားပါ။ အားမနာနဲ့ ပြီးရင် တီးစမ်းပါ့ တစ်ညလုံး. . . . "

"အေးဗျာ. . တီးမယ်၊ စားမယ်၊ သောက်မယ် အဲခဏနေဦး





ကျုပ် သေးပန်းခွင့်လေးတော့ ပေးကြပါဗျာ. . . . "

ထိုင်ရာမထအောင် ရာညွန့်က ပုဆိုးစွန်တောင်စကို အတင်းဆွဲထားသောကြောင့် တပိုတပါးသွားဖို့ပင် မနည်းပြောယူပြီး ထရလေသည်။

"အော်. . အေးဗျာ ဟုတ်သားပဲ ဟောဒီလမ်းဘေးပဲ ပန်းပေးလိုက်ဗျာ၊ ပန်းနီနီတော့မဟုတ်ဘူးပေ့ါ ပန်းဝါဝါလေးတွေလေ အပေးပေး. . . "

ဒိုးဝိုင်းနား အုံနေသူအပေါင်း ပြုံးစေ့စေ့ ဖြစ်သွားရလေတော့သည်။ ရဲလင်းအဖို့တော့ တာဝတိံသာနတ်ပြည်ပင် မရောက်သေးဘဲ အရှင်လတ်လတ် လူ့ဘဝမှာတင် နတ်လိုဒုက္ခမျိုး ခံစားနေရသည်။

ဒီလိုနဲ့ တစ်နေ့ပြီးလို့ တစ်ညကုန်။ နေ့သစ်တစ်ဖန် ပြန်လည်အစပြု။ ဆုံတွေ့နှုတ်ဆက် ထိခတ်သံက ဓါးသွားချင်းဆိုင်ပြီး ရိုက်ခတ်မိသလို ချွင်ချွင်မြည်သံ ကျွတ်ဆတ်မာထန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဝေလွယ်ကြွေပျက် ပြက္ခဒိန်ရက်

"**ဘယ်**လိုလဲ အာစိ ညက အခြေအနေကောင်းရဲ့လားဗျ"

"ဘာကို ကောင်းရမှာလဲကွ ကြုံကြီးစည်ရာ"

အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သော ရာညွန့်အသံနှင့် ပြန်ဖြေ သော ကပ္ပလီအသံကို ကြားလိုက်ရသည်။ တံခါးအကွယ်မှာ အသာ လေး ထောင့်ကပ်ကာ ဆက်ပြီးနားစွင့် နေမိသည်။ ခင်လတ်ရဲ့နားက လည်း ဒါမျိုးဆို အကင်းပါးစွာ ကြုံဖန်ပြီးကြားတတ်သည့် အလေ့အထ ရှိသည်။ သူမနားမှာ မှည့်ရှိသဖြင့် အတင်းပြောလျှင် တစ်နည်းမဟုတ် တစ်နည်းဖြင့် ပြန်ကြားရသည်ပင်။ ရာညွန့်နဲ့ ကပ္ပလီကတော့ အကျေ အလည်ပြောရင်း အားမလိုအားမရ၊ အပြစ်တင်သူကတင်ပြီး ရှက်ပြီး





ကျေနပ်သူက ကျေနပ်ရောင့်ရဲ နှစ်သိမ့်လျက်ပင်။

"ညံ့ပဲ့ါအာစိရာ နေရာချင်းသာလဲလိုက်ချင်တယ်၊ အာစိတို့ ဒီဘက်မှာ အတော်လိုသေးတာပဲ၊ ဒါကြောင့်လဲ ပိုးလိုက်တိုင်း သူများ ဟပ်သွားတာ ခံရတဲ့ ပိုးဟပ်ကြီး ဖြစ်နေတာ ကျုပ်သာဆိုပွဲပြီးပြီ. . ."

ရာညွန့် အကြုံကြီးပြီး ကလိမ်ကျတာကို သိလိုက်ရပြီးမို့ သူမ ဒေါသဖြင့် နှုတ်ခမ်းသားကို ဖိကိုက်ကာ တံခါးအကွယ်မှပင် မျက်မုန်း ကျိုးစွာ မျက်စောင်းထိုးလေသည်။

"မင်းပြောလဲ ခံရမှာပဲရာညွန့် ဒါပေမဲ့ ငါက မိန်းကလေးတစ် ယောက်ကို အိမ်တိုင်ရာရောက် ပင့်ဖိတ်ခေါ်ပြီး အခွင့်အရေးယူလို့ မကောင်းဘူးလေကွာ. . ."

" အဲ့ဒါ ခက်တာပေါ့ အာစိကလဲ အိမ်ရှင်တွေညှော်သည်တွေ စဉ်းစားနေသေးတယ်၊ ဟပေးရင် အထနှေးလို့ မရဘူးဗျ"

"ငါတို့ ညက စကားတွေ အများကြီးပြောဖြစ်ပါတယ်ကွ၊ ရှေ့ ရေးနောင်ရေးပေါ့"

"ရှေ့ရေး နောင်ရေးထက် အခုအရေးက ပိုအရေးကြီးတယ် လက်မနှေးမှ တစ်သက်မဝေးမှာဗျ"

"အာစိမို့ပေါ့ဗျာ. . . ကျုပ်သာ ဒီအခွင့်အရေးတော်ကြီး ရလို့ ကတော့ တစ်. . နှစ်. . ငါ့ချစ်ချစ်ပဲ"

"ဟိုက. . တစ်. . နှစ်. . ပါးရိုက်ပစ်မှာပေါ့"

"ဘယ်ကလာ. . သုံး. . လေး. . စာလိုက်ပေးလိုက်ရင် ကြွေ သွားမှာ"

"ကြွေမကြွေတော့မသိဘူး. . သုံး. . လေး. . အမုန်းပေး နေမှအခက် ဖြစ်နေပါ့မယ်ကွာ"

"မဖြစ်ပါဘူး အာစိကလဲ၊ ငါး. . ခြောက်. . အနားတိုး လျှောက်လိုက်ရုံပဲ. . . ငြိသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါမလား ရောဘ္ဘန်ရဲ့ ငါး . . ခြောက် . . လက်ဝါး ပါး ပေါ်ရောက်နေမှ ရောင်ကိုင်းနေဦးမှာ"

ရောဘ္ဘန်က အစွယ်ကောင်းသလောက် တစ်ထိုင်တည်းဆိုသလို ပင် ကပ္ပလီက ခြေဖျက်ကာ ရုန်းထွက်ငြင်းဆန်သည်။ ကပ္ပလီရဲ့ စိတ် သဘောထား တည်ကြည်မှုကိုတော့ သူမ မချီးကျူးဘဲ မနေနိုင်သဖြင့် စိတ်ထဲမှ ကြိတ်ပြီးချီးကျူးကျေနပ်မိသွား၏။

"ခုနစ် . . ရှစ် . . တအားကိုချစ် ဆိုတာ ဖြစ်သွားစေရမယ်"

"ဖြစ်ဦးမယ် . . . ခုနစ်ရှစ် . . မောင်းထုတ်ပစ်လို့ ကိုးတစ်ဆယ် နိုးသေးတယ်ဆိုမှ ဟုတ်ပေ့ အခက်ဗျာ"

"အဲဒါ ခက်တာပေါ့ အာစိကလဲ၊ အကောင်းဘက်က တစ်ပြန် တဆို လှည့်တွေးကြည့်ပါဦး၊ ခုနစ်ရှစ် . . တအားပြန်ချစ်လို့ . . ကိုးတစ် ဆယ် . . ခိုးပြေးမယ်ဆို မပိုင်ဘူးလား"

တွက်ရေးနဲ့ စက်သူငွေးကတော့ အမြတ်အလေးသာနေလေ သည်။ မှန်းချက်နဲ့ နှမ်းထွက်ကိုက်မကိုက် မသိရသေး။ ယောကျ်ားရင့် မာကြီးတွေက အားမလိုအားမရ၊ ကြိတ်မနိုင်ခဲမရ မျက်နှာထိ မျက်နှာ ထားဖြင့် ပြောနေကြလေ၏။ နားထောင်ရင်းနဲ့ကို ရင်ထဲမှာ ကလိကလိ ဖြစ်ကာ အသဲယားလာသည်။ အသဲယားရုံပင်မကတော့ ရင်တွင်းရေး ရာ အဖြာဖြာကို နာကြားနေရသဖြင့် အသားရဲ့ ရှက်ထွေးနီးမြန်းလာ မိသည်။

"ပြောမဲ့သာ ပြောရတာဗျ မခင်လတ်က တစ်တုံးတစ်ခဲကြီး အာစိလုံးဝ လက်မလွှတ်သင့်ဘူးနော် . . ."

"ဘာလဲကွ ငါကအဲဒီ အတုံးအခဲကြီးကို မလွှတ်ဘဲ ကိုင်ပြီး သွေးလိမ်းရမှာလား . . . ."

"ဟာဗျာ သနပ်ခါးတုံးကို ပြောတာမဟုတ်ဘူးဗျ၊ အာစိကလဲ ဝေးလိုက်တာ လွှန်ပါရော၊ ခန္ဓာကိုယ် တုတ်ခိုင်တာကို ပြောတာဗျ





အာစိနဲ့ ကွက်တိပဲ . ."

"ဟယ် . . . ဘယ်ကလာ ကွက်တိရမှာလဲ မဲမဲနဲ့ဖြူဖြူ ဘယ်လို ဖြစ်မှာလဲ မီးသွေးခြင်းထဲ ဂေါက်သီးကျသလို ဖြစ်နေမှာဟ နင့်အမေ ဂလိန်း ငါ့အရွယ်ဝတ် ဖြစ်ပါ့မလား . . ."

အားမနာပငြင်းခုံရင်း ပြောနေလိုက်ကြသည်မှာ ခံတွင်းတွေ့ပြီး အထူးတလည် မမောမပန်းနိုင်ရှိလေသည်။ ရေကုန်ရေခန်း ဖွံစိတ် သန်သန် ပြောနေလိုက်ကြသည်မှာ တရစပ် ရေပက်မဝင်ပေ။

"အာစိနော် ရုပ်ဆိုးတဲ့ ပဋ္ဌပါဝီက လင်ရပါပြီ ဖြစ်သွားတယ်၊ မင်းကုသနဲ့ ပပနဲ့ ညားကြတယ်၊ အခုနိုင်ငံခြားမှာ လူဖြူလူမဲ မခွဲခြား တော့ဘူး . . ."

" ဟော မင်းပြောတော့လည်း အားတက်စရာတွေပါလားဟာ တယ်ဟုတ်ပါလား . . ."

ရောဘ္ဘန်ပြုံးဖြီးကာ မာန်ပါပါ လက်မထောင်၍ ရင်ကော့သည်။ ဒီအကျင့်က သေသွားတဲ့အရက်သမားကြီး တစ်ယောက်ထံမှ လက်ခံရ ယူထားခြင်း ဖြစ်သည်။

"ဟုတ်ရမယ်လေ အာစိအတွက် ဖြစ်စေချင်လွန်းလို့ကို ပြောနေ ရတာ၊ စေတနာတွေ ဆိုတာကိုတော့ မယုံမရှိလေနဲ့ "

"ကဲပါကွာ တော်ပါတော့ ဖိုးရောဘ္ဘန်ရယ်၊ ရွှေရုပ်ကလေး မျှော် ကိုးမိတဲ့ ကလေးငယ်လို ဒုက္ခတွေ့နေပါဦးမယ်ကွာ မရှုနိုင်မကယ်နိုင် နဲ့ . . ."

တစ်ဖက်လူ ကပ္ပလီမှာစိတ်ကောင်းရှိသလောက် ကြားချောင်မှ ဝင်ရှုကာ မြှောက်ပင့်ထိုးကော် မဆီမဆိုင်ပြုမူနေသူ ရောဘ္ဘန်ကို သူမ မျက်မုန်းကျိုးသည်။ အမြင်ကပ်သွားမိလေပြီ။ မဆီမဆိုင် ကိုယ်တိုင် ဘာတစ်ခုမှ မယ်မယ်ရရ မလုပ်ဘဲ သူတစ်ပါးအား မြှောက်ပင့်ကော်ထိုး နေတာလောက် ကြည့်ရဆိုးတာ ဘာရှိဦးမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း အဟင်း အင်း အင်း အင်း "

ချောင်းသံလေး ခံတွင်းခြစ်ခြုတ်ရှင်းရင်း အရှိန်တန့်ပေးရ၏။

၅ ၅ ၅ ၅

သူမအသံကြားတော့ ကိုယ်ရှိန်သတ်ပြီး ခေါင်းထောင်မတ်ကာ ကြည့်ကြသည်။ ခင်လတ် ခပ်တည်တည်နှင့် ပြုံးမော့စွာ သူတို့ထံသွားလိုက်သည်။ အခုတော့လဲ အသံတိတ် ကြက်ပျောက်ငှက်ပျောက်ငြိမ်သက်လို့ပင်။ ဟောင်ဖွာဟောင်ဖွာ လုပ်နေတာတွေ ကိုယ်ရောင်ဖျောက်ကုန်သည်။ မျက်လုံးကလယ်ကလယ်ဖြင့် ရာညွန့်က အိုးမလုံစွာ သူမကို မဝံ့မရဲကြည့်ပြီး ခေါင်းငုံ့ မျက်နှာလွှဲထားသည်။

"ကျွန်မတို့ သွားတော့မယ် ကိုကြီးမောင် "

"ဗျာ. . . အော်. . . ဟုတ်ကဲ့ပါဗျ၊ ကောင်းပါပြီ၊ ဘာလိုအပ်တာ ရှိသေးလဲ ပြောပါဦး"

"ရပါတယ် ကျွန်မတို့ ပြည့်စုံပါတယ်ရှင် မေးဖော်ရတာ ကျေးဇူးပါပဲ "

"ကိုကြီးမောင်ကို နှုတ်ဆက်ပါတယ်. . . . "

မျှော်ကိုး မျက်ဝန်းများဖြင့် ပြုံးတုံ့တုံ့ကြည့်နေသော ရာညွန့်ကို





တမင်ညစ်ကာ ကွက်ချန်ထားလိုက်သည်။ ရာညွန့် ထိုင်ရမလို ထရမလို အိုးတိုးအမ်းတမ်း ဖြစ်သွားလေသည်မို့ သူမ ရယ်ချင်ပက်ကျိ ဖြစ်သွား၏။

"ကျုပ်တို့ ပစ္စည်းတွေကူသယ်ပေးပ့ါမယ်. . "

ကပ္ပလီက လေးပင်စွာ နေရာရွှေ့၍ထလေတော့သည်။ သူမကာဆီးကာ ကျေးဇူးတင်စကားဆိုသည်။

"ရပါတယ်၊ ကျေးဇူးပဲ ပစ္စည်းတွေတင်ဖို့ မလိုပါဘူး၊ အားလုံးတင်ပြီးပြီ ရှင့်ကို နှုတ်ဆက်အသိပေးသင့်လို့ လာနှုတ်ဆက်ရုံပါပဲ၊ ရှင့်ညီဖော်ကြီးတို့ ကူတင်ပေးလို့ ပစ္စည်းရောလူပါ အကုန်စုံပြီ"

"ဟုတ်လား ဒါဖြင့်လဲ ကောင်းကောင်းသွားကြပါဗျာ ခလုပ်မထိဆူးမငြိဖို့ ဆုတောင်းပေးနေမယ်. . "

ရင်လေးစွာဖြင့် အေးစက်စက်စကားကို စိတ်မပါလက်ပါဟန်မနှစ်မြို့စွာဖြင့်ပင် ကပ္ပလီပြောသည်။ နှမြောတသစိတ်တွေ ပိုမို ရှုန်းကြွကြီးစိုးကာ မရွံ့မရဲကြည့်သည်။

"ဒီမှာနေခဲ့တဲ့ ရက်တွေက တစ်ခဏဆိုပေမဲ့ တစ်ဘဝတာမျှအမှတ်ရနေမှာပါ၊ တန်ဖိုးထားသလို သတိရနေမှာပါ. . . "

"ကျုပ်လဲ မခင်လတ်ပြောသလိုပေ့ါဗျာ. . . "

အခုတော့လဲ နေ့စွဲတွေက တိုတောင်းပြီး အချိန်တွေကုန်မြန်သလို ခံစားရသည်။ နာရီလက်တံက အရွေ့နှုန်းမြန်နေသည့်အလားထင်ရသည်။ အသစ်တစ်ဖန် ပြန်လည်ဆုံတွေ့ကာ အချိန်များကိုပင်ဆွဲဆန့်ထားလိုက် ချင်မိတော့၏။

"ရေစက်ရှိပါတယ်ဗျ အာစိနဲ့ အမ မခင်လတ်နဲ့ ကံမကုန်ရင်ပြန်ဆုံကြဦးမှာပါ. . . . "

"ကျွန်မကတော့ ကံပဲမကုန်ကုန် ရှင့်လိုဆန်ကုန်မြေလေးနဲ့ ပြန်ကို မဆုံချင်ဘူး. . "



www.burmeseclassic.com

www.burmeseclassic.com



“ဟောဗျာ မခင်လတ်ကလဲ ကျုပ်လိုလူမျိုး တွေ့ရခဲ့တယ်၊ ဖူးခွင့်ရလို့ မော်ဖူးရတဲ့ ရှင်ဘုရင်မျက်နှာလိုပဲ”

ပြုံးစစဖြင့်ပင် တစ်ပြန်တစ်လှည့် ရယ်မောချိုကြည်စွာ နောက်ပြောင်မိသေးတော့၏။

“ကျွန်မပေးထားတဲ့လိပ်စာအတိုင်း လာလည်နိုင်ပါတယ်၊ ကိုကြီးမောင်အတွက် တံခါးမရှိ ဓါးမရှိပဲ”

“ဟုတ်. . ကျုပ်လာလည်ဖြစ်အောင် လည်ပါ့မယ်”

“တစ်ခုတော့ ရှိတယ်၊ ရှင့်တပည့်ကျော် ကိုရာညွန့်သာ ပါမလာစေနဲ့၊ သူလာလို့ကတော့ ကျွန်မက ခွေးနဲ့ ရှူးတိုက်လွှတ်မှာ”

“ဟာဗျာ မျက်နှာလိုက်တာလဲ လွန်ပါရော၊ ကျုပ်ကအဲ့လို အမ်မျိုးမှလည်ချင် ပတ်ချင်တာဗျ စိတ်ချ မိန်းမခိုးပြီးတော့ကို တစ်လကိုးသီးတင်းလာနေဦးမယ်. . .”

စေတနာမေတ္တာ အရိပ်အယောင်ချင်းကတော့ ကွာခြားတော့မပေါ့။ လူချင်းတူရင်တောင်မှ အသက်ရှူတာချင်း ကွာခြားမှာပဲ။ ကပ္ပလီအဖိုးရာ အကျေနပ်ကြီး ကျေနပ်စေမည့် စကားသံတွေကို ကြားနေရသဖြင့် အူမြူးသဘောခွေ့နေတော့သည်သာ။

နောက်ဆုံး နှုတ်သိမ့်စကားတွေနဲ့ အရှုံးအမှုးဖြေသိမ့်ရင်းအလူးအလဲခံစားရပါသည်။

“ကဲဗျာ သွားတော့ နောက်ကျနေဦးမယ် ကျုပ်တို့ကားပေါ်ထိလိုက်ပို့ပေးမယ်. .”

သူမနောက်မှ ထပ်ကြပ်မခွာ ကပ်လိုက်လာရင်း ကားဆီသို့ လျှောက်လာမိကြသည်။ ခွဲခွာရတော့မည်ဆိုသည့်အသိက ရင်နှင့်ခြေလှမ်းတွေကို လေးလံနှေးကွေးပစ်အောင် စေ့စော်နေပါသည်။ အခုတော့လဲ အချိန်သင့် အခါသင့်လွမ်းစရာကြီးကို ဖြစ်လို့နေပါတော့သည်။ ကားအနားရောက်တော့ အားလုံးက ဝိုင်းဝန်းနှုတ်ဆက်ကြပါ





သည်။

“ကိုကြီးမောင် သက်တော်ရာကျော် ရှည်ပြီးကျန်းမာချမ်းသာပါစေဗျာ. . .”

“ကိုကြီးမောင်ရေ သွားပြီဗျ ချက်ကြီးနဲ့ ကြီးမောင်ကို မြင့်မောင်က တစ်သက်မမေ့ဘူးဗျို့”

“ကိုကြီးမောင် ဇနီးမယား အချောအလှနဲ့ ပေါင်းဖက်ရပါစေ၊ နောက်ပြန်ဆုံရင် စုံတွဲပဲ မြင်ချင်တယ်နော်. . . .”

တစ်ယောက်တစ်ပေါက် အော်ဟစ်ဆူညံကာ နှုတ်ဆက်ကြလေသည်။ လက်ပြဝှေ့ယမ်းကြသည်။ ကိုဖိုးမောင်က လီတာကို ခပ်ပြင်းပြင်း ပုတ်လိုက်ပြီး လက်ထောင်ပြုံးပြလေသည်။ နာမည်နဲ့ လိုက်အောင်ထောင်တဲ့လူပင်။

“မေရီ ကျွဲပေါ်မတက်ခင် အရင် ကျွဲရပ်အောင် လုပ်တတ်ဖို့ သင်ထားနော်. . .”

“ဟုတ်ကဲ့ ကိုရာညွန့်လဲ အရက်ဆိုင်နဲ့ အိမ်ကို ပိုက်နဲ့သွယ်ပြီး အသုံးပြုနိုင်ပါစေ”

“အပေးပေး. . နွယ်နီ လမ်းသွားရင်သတိထားနော်၊ အသွားမတော် တစ်လှမ်းတဲ့”

“တော်လဲ တောသိပ်မထိုင်နဲ့၊ ကဏန်းညှပ်နေလိမ့်ဦးမယ် လူကြားသူကြားမကောင်း”

လှောင်ပြောင် ရယ်မောပွဲကျသံများ ဘဝင်ထဲလွင့် ပျံ့လို့နေပါသည်။ ပွဲကိုက်နေသောရဲလင်းက မှေးငိုက်အိပ်စက် နေလေသည်။ ခင်လတ်က သူ့ကိုပြုံးပြနှုတ်ဆက်ပါသည်။ ဒီအပြုံးလေးကပဲ သူ့အတွက် နောက်ဆုံးမြင်ခွင့်ရသော စိရိသွယ်တန်း ခြယ်သထားသည့် အပြုံးဖြစ်လို့နေပါပြီ။

ကပ္ပလီ တစ်ကိုယ်လုံးမှာ အပေါ်လွင်ဆုံးဖြစ်သော သွားဖွေး



www.burmeseclassic.com

www.burmeseclassic.com



ဖွေးများစေ့ကာ ပြုံးပြလိုက်မိသည်။ ကားသည် စတင်လှုပ်ရှားကာ အိပ်ပဲ့အိပ်ပဲ့ မောင်းထွက်သွားတော့သည်။ မျက်စေ့တစ်ဆုံး ဖုန်လုံးများကြားမှာ တရွေ့ရွေ့ ဝေးကွာမောင်းနှင်သွားသည်။ အမှုန်အမွှား အစက်အပျောက် ဖြစ်သည်အထိ၊ မျက်ကွယ်မမြင်နိုင်တော့သည်အထိပင် သတိလက်လွတ် ကျောက်ရုပ်ပမာ ရပ်တန့်ငေးမောမိလေ၏။ ဝေးကွာပြီဆိုသည့်အသိက ရင်ကို စတင်ချဉ်းနင်းဝင်ရောက်လာသည်။ ရင်ထဲမှာ လစ်ဟာပြီး မောပန်းနွမ်းလျကာ နုံးချိသွားရပါသည်။ အတူရှိခဲ့စဉ်က ပုံရိပ်များ၊ စကားတီတာ သံချိုတမြမြနှင့် လတ်ဆတ်လန်းဆန်းသော အပြုံးများကို အထပ်ထပ် မြင်ယောင်စွဲလမ်းမိ၏။







# အတိတ်မပါဘဲ အိတ်ဇာခြင်း

ငွေနံနက်ခင်းရဲ့ကျဲတောက်တောက် နေရောင်ခြည်တွေအောက်မှာ မဆစ်ယုံတို့အိမ်အရောက် ချောင်းပေါက်အောင် ကပ္ပလီလျှောက်နေမိစဉ်ကဖြစ်သည်။ အဲ့ဒီတုန်းက မဆစ်ယုံဟာ သူ့အတွက်တော့ ဂရိရိုးရာပုံပြင်ထဲမှ နတ်ဘုရားမတစ်ပါးပင်။ နှုတ်ခမ်းလေးထော်တာရယ် ပလီစီချောက်ချက် လျှာရိုးမရှိ ပြောတတ်တာရယ်ကလွဲပြီး ဆစ်ယုံ လှုမည်းမင်းသမီး ဟာလီဘယ်ရီနဲ့ တူပါသည်။ တရုတ်လို သူ့ကိုခေါ်မယ်ဆိုရင်တော့ ဆစ်ယုံအစား ချင့်ယုံ(ချင့်ဆပြီးယုံ)ဟု ခေါ်တွင်ရပေမပေ့။ ကပ္ပလီဆီမှ ဝင်လာမစဲ တသဲသဲ ပေးကမ်းလာသော ပိုးကြေးပန်းကြေး၊ မုန့်ပဲသွားရည်စာ၊ အဝတ်အထည်၊ သနပ်ခါး၊ အလှပြင်ပစ္စည်း၊ ရွှေငွေတွေကို ဖောက်သည်အပျက်မခံဘဲ ရယ်ရွှင်ပြုံးတုံ့ဖြင့် သူမလက်ခံခဲ့သည်။ ကပ္ပလီရဲ့အနန္တမေတ္တာကိုတော့ လုံးဝလက်သင့်



www.burmeseclassic.com

www.burmeseclassic.com



မခံဘဲ ဝေ့လည်ကြောင်ပတ် မူလကျီ ဂျူကလီ လုပ်နေခဲ့သည်။

အရာရာကို ငွေကြေးနဲ့ ဝယ်လို့မရနိုင်တာကို သိရှိလက်ခံလိုက်ရသည်။ အမေကျောင်အားကိုးနဲ့ လူကြီးမိဘချင်း စကားကမ်းလှမ်းနားချကာ ရွှေလမ်းငွေလမ်းဖောက်ကြည့်သည်။ ဟုတ်မလိုလိုနဲ့ လွဲရပြန်သည်။

"ကျွန်မယောက်ျားနဲ့ ယှဉ်လျှောက်ရင် လူတွေက ကျွန်မတစ်ယောက်တည်းမြင်ပြီး နှောင့်ယှက်ကြမှာ၊ မလုံခြုံတဲ့ဘဝနဲ့ မရပ်တည်ပါရစေနဲ့ အဒေါ်ရယ်. . . သနားပါ"

"ကောင်မ ညည်းကဘယ်လောက်လှပြီး ဘယ်လောက်ဖြူနေလို့လဲအေ. . . ."

အသားမဲ ထိတော့ အသဲဆတ်ဆတ်နာကာ ပြသနာထတက်သည်။ မတော်ရသေးတဲ့ ချွေးမနဲ့ မတော်လိုက်ရတဲ့ ယောက္ခမ ပွက်လောညံကာ တစောင်းစေးနဲ့ မျက်ချေး ဖြစ်ကုန်လေပြီ၊ အမေကျောင်ကို အားကိုးကာမှ လုပ်ရက်လိုက်လေခြင်း။ သားထိတော့ မချိအောင်နာတဲ့ အမေကျောင်ကြောင့်ရယ်လို့တော့ အပြစ်မတင်ပါဘူး။ ကိုယ်ကိုယ်တိုင်ကပင် ချို့ယွင်းနေမှတော့ ဘယ်မှာ ပြောသာပ့ါမလဲ။

အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက် စေ့စပ်မရပေ။ မရတာကို လိုချင်လေလေ. . . လိုတာကို မရလေလေ ဖြစ်ရ၏။

"ကျုပ်သားက ပတ္တမြားခဲ၊ အာဖရိကန်အသားအရည်၊ အယောက်တစ်ရာသွားရှာလို့ တစ်ယောက်တွေ့ရခဲတဲ့ ဘောသမားရုပ်ရည်၊ ကျုပ်ကြွားကားဆွဲလို့ ရထားတာမဟုတ်ဘူး တော်ရေ. . . သူ့ထက်သာတာ အမေ့ရှာ ပေးစားမယ်"

အမေကျောင်ကို ဒုက္ခခံပြီး ရှာမနေဖို့ ဖျောင်းဖျရပါသည်။ ကြေကွဲရတာတောင် အပြည့်အဝ ဖီလင်တက်ခွင့် မရပေ။ အမေကျောင်ရှာလဲ တွေ့နိုင်မှာ မဟုတ်သလို၊ သူကလဲ ဘယ်သူ့ကိုမှ စကားမစလိုတော့ပေ။





အခုလို အဖြစ်မျိုး အသဲတစ်ဆတ်ဆတ်ခါနာအောင် နှစ်ခါထပ်ပြီး မကြုံချင်တော့ပါ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်စွာ မိုက်တွင်းမနက်လိုလှတော့ပေ။ အမှတ်မရှိတဲ့ အသဲကို ထပ်ငြိပြီးကွဲ မခံနိုင်တော့အောင် ခံနိုင်ရည် ကုန်ခမ်းခဲ့လေပြီ။ ကျီးကန်းလို အရောင်အဆင်းမဲပေမဲ့ ဗျိုင်းမွေးတောင်တွေထက် အတွင်းနှလုံးသားက ပိုမိုဖြူဖွေးတဲ့အကြောင်း၊ ဂွမ်းစလို နူးညံ့မွေးလှသည့်အကြောင်း လမ်းကြုံရင် လက်တို့ပြီးတော့ ပြောရဦးမည်။

꩜. ꩜. ꩜. ꩜.

ကြိုးရှည်ရှည်နဲ့ လှန်ထားခဲ့သမျှ သူမဟာ အသပ်ရပ်ဆုံး ဆင်ခြေစကားနဲ့ ရှောင်လွှဲထွက်နိုင်ခဲ့ပါသည်။

"ကျုပ်ကို တစ်မျိုးမထင်ပါနဲ့ ကိုကြီးမောင်ရယ်၊ ရွာထဲက လူတွေက ငွေမက်လို့ ယူတာပါအေ ဆိုတဲ့အပြောမျိုး ပြောမှာကို ကျုပ်မခံနိုင်လို့ပါ"

"ကျုပ်နားလည်ပါတယ် ခေးရယ်၊ ကျုပ်ကိုယ်ချင်းစာပါတယ်၊ အားလုံးကို ရင်ဆိုင်ပြီး ချစ်နိုင်ဖို့ဆိုတာ ဟိမဝန္တာတောင်က ဆေးမြစ်ရှာရသလို့ ခက်ပေမပေါ့"

မိန်းမတွေ မကောင်းတာ သူကောင်းကောင်းသိခွင့်ရလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမေကျောင်နဲ့ မခင်လတ်လို အမျိုးကောင်းသမီးတွေတော့ မပါပေ။ မွေးသမီခင်နဲ့ နားလည်ဖေးကူစာနာတတ်သူမို့ ချန်လှပ်ထားရပေမည်။ ငွေမက်ခွင့် အပိုင်ရထားပြီးသား သူဟာ ဥစ္စာပေါရုပ်ချောကို တစ်ဆင့်တက်လှမ်း မက်မောပြီး လောဘအတောမသတ်ချင်တတ်ပေ။ ရောင့်ရဲနိုင် တင်းတိမ်ကျေနပ်နိုင်စိတ် ခေါင်းပါးတတ်ကြလေသည်။

"ခွင့်လွှတ်တယ် . . . ကျုပ် ခင်ဗျားလေးကို နားလည်ခွင့်လွှတ်ပါတယ်၊ မပြောင်းလဲတဲ့ ကျုပ်ရဲ့ရင်ထဲက ဆန္ဒတွေကို မျိုသိပ်ရင်းနဲ့ နားလည်နေပါ့မယ်"

လူတစ်ကိုယ် စိတ်ကူးတစ်မျိုးမို့ လွှတ်လပ်စွာ ရှင်သန်ခွင့်ပေးလိုက်ပါသည်။ ချစ်သူသာယာကြည်လင် ပျော်ရွှင်နိုင်စေဖို့ ရင်ခွင်အသဲနှလုံးကို စတေးခဲ့ပါသည်။ မေတ္တာတွေ တဘုံးဘုံးလဲပြိုကျသည်အထိ ခံစားမှုပြင်းပြသော ဝေဒနာကိုရင်မှာပိုက်ထွေးလို့ နေလိုက်သည်။

"ကိုကြီးမောင် ဒီလိုသဘောထားပြည့်ဝမယ်ဆိုတာ ကျုပ်ယုံပြီးသားပါ၊ ကျုပ်အပေါ် ထားရှိတဲ့မေတ္တာအကြင်နာတွေ ထာဝရအသိအမှတ်ပြုပြီး အမှတ်ထင်ထင် သိမ်းဆည်းထားပါ့မယ် ကျုပ်ဝဋ်ကျွတ်ရင် လက်ထပ်တော့မယ် . . ."

ဆောက်တည်ရာမဲ့ ဝမ်းနည်းနာကျင်စိတ်ကို မျိုသိပ်လို့ ကြံ့ခိုင်ဆည် ထိန်းသိမ်းနေရသည်။ ကြီးကောင်ကြီးမားနဲ့ ကလေးသူငယ်ရှေ့မှာ ရင်ကွဲပက်လက် ဖြစ်ပြနေဖို့ ဘယ်သင့်တော်ပါ့မလဲ။ ကြေကွဲကြိတ်မှိတ် ဆွေးမြေ့ခြင်းကသာ နှလုံးသားကို အိပ်ငွေ့ချသည်။ အိပ်စက်ပျော်စေဖို့ တိုက်တွန်းအားပေးသည်။ လွမ်းဆွတ်သိမ်ငယ်စိတ်နဲ့ အိမ်ပြန်ရုံသာ ရှိတော့သည်။

"ခင်ဗျားတို့ရဲ့ အချစ်ခရီးလမ်းကြီး သာယာဖြောင့်ဖြူး အေးချမ်းပါစေလို့ ကျုပ်ဆုချွေပေးပါတယ်"

မျက်ရည်စို မငိုမိအောင် ထိန်းထားနိုင်သော်လည်း ဝမ်းနည်းစို့





နှင့်သံက အနည်းငယ်ရောစွက်သွားသည်။ အချစ်ဆိုတာ သူ့ဘဝနဲ့ မထိုက်ရလေအောင် မွေးရာပါ ချို့ယွင်းအားနည်းမှုက ကာဆီးနှင့်ပြီးသားပင်။ တလောကလုံးကို ပတ်ခြုံပြီး အပြစ်ဖို့နေရအောင် ကိုယ့်ကိုယ်တိုင်က အစပြုလို့ မကောင်းခဲ့တာ ဖြစ်နေသည်။ ဒီထက်ပိုပြီး စိတ်ဆန္ဒအလိုကို မလိုက်လျောလိုတော့ပါ။ မတတ်စွမ်းနိုင်တော့ပါ။ မှုသားအရောင်ဟပ်နေတဲ့ မာနမျက်နှာကို ရွံ့ရှာစိတ်နာမိသလို နှမြောတသ စွဲလမ်းပြီး ရှူးမိနေသေး၏။

ကိုယ့်ကိုယ်ကို ခံတပ်လုံပြီလို့ ယူဆထားတဲ့ပန်ထွာဘုရင်မနှယ် သူမရဲ့ မျက်နှာကြောက တင်းမာနေသည်။

"ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ်ပေါ့ လိုအပ်မယ်ထင်တဲ့အခါ ကျုပ်ကမိတ်ဆွေကောင်းတစ်ယောက် အမြဲတမ်းဖြစ်နေမှာပါ အချိန်မရွေး ဖြူစင်မှုတွေပေးပြီး ကူညီဖေးမတာမပျက်ပါဘူး ကျုပ်တို့တစ်ရွာတည်းသားချင်းပဲ"

သူမ စိတ်သက်သာရာရပုံဖြင့် ကျေနပ်စွာ ရယ်ပြန်သည်။

"ခစ်ခစ်ခစ် . . . . . ."

ဒီတစ်ခါ အခစ်ခံရတာလောက် အသည်းနာတာမရှိဘူး။ လှောင်ရယ်သံကလေး ပါဝင်ရောစွက်နေလို့ပဲ။ ခစ်ပင်ခစ်မိုး ခစ်လိုက်ပါတဲ့ မေပင်။ ခစ်လွန်းအားကြီးတဲ့ စခွပ်ကို ခွပ်ကနဲ ထိုးလိုက်ချင်မိအောင်ပင်။ ခွမ်းကနဲ ကွဲပြီး ဦးနှောက်တွေ ပြန့်ကျဲသွားမှာစိုးလို့၊ မကြည့်ရဲလို့ စိတ်ကို ချုပ်တီးလိုက်ရသည်သာ။ တခစ်ခစ် မှသည်တခွီးခွီး မမြည်ပါစေနဲ့လို့ ထပ်ခစ်လိုက်သံတွေ ကြားယောင်နေပါသည်။ ထပ်ကြပ်မကွာ နောက်မှလိုက်ပြီး ခစ်သံတွေက နှိပ်စက်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com



# အိတ်သွန်လှန်မှောက် အတိတ်ပြန်ခြောက်သည်

အပြစ်မဲ့ စွယ်တော်ရွက်တွေကို ခူးဆွတ်ပြီးအကြောင်းမဲ့ ဆွဲမွကာ လုံးချေနေသည်။ သူ့မျက်နှာက သုန်မှုန်အလိုမကျဟန်ဖြင့် တင်းမာစ ပြုနေသည်။ ရိုးတိုးရိပ်တိပ် ရင်ခုန်မျက်ဝန်းတွေဖြင့် သူ့ကို အားကိုးတကြီး ခြေဆုံးခေါင်းစ ကြည့်နေမိသည်။ သူပြုသမျှ နုရတော့ မည့် အလှပန်းလေး တစ်ပွင့်လို သူ့ရှေ့မှောက်မှာ ဖွင့်ပြခဲ့ပါသည်။ ချစ်သူတွေရဲ့ နေကွယ်လထွက်ချိန်ဟာ ခြောက်သယောင်းထိကပ်လို့ သွေ့လျော့ထိတ်လန့်ဖွယ် ကောင်းလှ၏။ ကန်ရေပြင်မှ ငှဲပွက် လှုပ်ခပ် လိုက်သံကပင် ထိတ်လန့်ဖွယ်ခြောက်လန့်မှုအဖြစ် တိတ်ဆိတ်ငေးမော ဆွံ့အခြင်းကို လှုပ်ခပ်ယိုင်နဲ့ ပစ်လေတော့သည်။

"ခင်ခင်တို့ လက်ထပ်ကြရအောင် ကိုမိုးဝေ. . ."





ခေါင်းနားပန်းကြီးသွားဟန်ဖြင့် မျက်ကလူးဆန်ပြာ သူမကို ကြည့်လေသည်။ သူ့မျက်ဝန်းတွေရဲ့ စိုးရိမ်ရေမှတ်က ကျော်တက် လှုပ်ရှား လွန့်လူးနေပြီ။ မမှိတ်မသုန် တစူးတစိုက် ရင်ဆိုင်ကြည့်လိုက် သောအခါ မျက်ဝန်းအရိပ်တွေမဲမှောင် ပျောက်ပျက်နေတာ တွေ့ရ သည်။ သူက မျက်ခွံကန့်လန်ကာချပြီး ပိတ်ဆီးကာ ပင့်သက်ကို ခိုးဝှက် ချလိုက်သေး၏။

"အကိုကျောင်းမပြီးသေးဘဲ လက်မထပ်ချင်သေးဘူး ခင်ခင် နောက်မှပဲလက်ထပ်ကြတာပေါ့ ဆန္ဒမဇောပါနဲ့လားကွာ အချိန်တွေ အများကြီး ရှိပါသေးတယ်. . ."

အေးတိအေးစက်လေသံက အသက်မပါဘဲ မဖြစ်ညစ်ကျယ် ပြောနေသံပေါက်လေသည်။ ခင်လတ်စိတ်ပျက်စွာပင် နှုတ်ခမ်းတွန့် ကွေးပြီး မဲ့ရွဲ့ကာပြုံးမိသည်။

"ခင်ခင်တို့အခြေအနေက လက်ထပ်ရမဲ့ အဆင့်ကိုရောက်နေ ပြီလေ၊ ခင် ကိုမိုးဝေနဲ့ အတူနေချင်ပြီ"

"ဒါကတော့ ခင်ခင်ရယ်၊ အစ်ကိုလည်း အတူနေချင်တာပဲပေါ့၊ အခုလည်း အတူနေလို့ အဆင်ပြေနေတာပဲ. . ."

"ဘာပဲဖြစ်ဖြစ် ခင်ခင် ကိုမိုးဝေကိုချစ်တဲ့စိတ်နဲ့ မငြိမငြင်လိုက် လျောပြီးနေခဲ့တာပဲ အခုခင်ခင့်ဘက်က ပြန်ပြီးတောင်းဆိုထားချင်တာ ကတော့ လက်ထပ်ထားချင်တာ တစ်ခုပဲရှိပါတယ်. . ."

ခင်လတ်က သံယောဇဉ် သမုဒ္ဒယကြိုးမျှင်ဖြင့် တွယ်နှောင်ရစ် ငင်ဖို့ကြိုးစားသည်။ ကျော်မိုးဝေက သံကြိုးတွေကို အလွန်တစ်ရာ မုန်း တီးနေသော လူသာဖြစ်သည်။ အနှောင်အဖွဲ့ကင်းပစွာ လွတ်လပ်သည့် လူအဖြစ် ရှင်သန်လှုပ်ရှားချင်သည့် ဗီဇရှိသည်။ မိုးကောင်းကင် တစ်နံ့ တစ်လျား လျှောင်ချိုင့်နဲ့ ဝေးရာလွတ်မြောက်စွာ ပျံသန်းရန်အလိုရှိ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကိုပြောပြီးပြီလေ ခင်ခင့်ကို ကျောင်းပြီးမှပဲလက်ထပ်နိုင်မယ်၊ ကိုယ့်ရည်ရွယ်ချက် ပန်းတိုင်ကို အပျက်ခံလို့မဖြစ်သေးဘူး လမ်းပျောက် သွားနိုင်တယ်. . . ."

လျှော့တိလျှော့ရဲ စောင်းကြိုးတပ်ထားသည့်နှယ် အသံပျက်တွေသာ ထွက်လာသည်။ သူမစိတ်ထဲမှာ တနုံ့နုံ့ခံစားပြီး ဝမ်းနည်းမိသွားလေ၏။

"လက်ထပ်ပြီးမှ ကျောင်းဆက်တက်လဲ ဖြစ်တာပဲမို့လား၊ ခင်ခင်တို့ အသိုင်းအဝိုင်းက ပူပင်ကြောင့်ကြရမဲ့ အခြေအနေမှ မဟုတ်ဘဲ ဘာများလိုအပ်ဦးမှာလဲ. . ."

အချစ်ကလွဲပြီး ဘာမှထပ်မလိုတဲ့အကြောင်း နားမဝင်သေးသူ့ တိမ်တွေကို ငှက်ကလေးမှတစ်ဆင့် အမှာတော် ပါးလိုက်ချင်မိလေသည်။

"ဂုဏ်သိက္ခာဘွဲ့ထူးက ရှိသေးတယ် ခင်ခင်ရဲ့. . . ."

"ဒါဆို ခင်ခင်ကရော ဂုဏ်သိက္ခာမရှိ ရတော့ဘူးလား ကိုမိုးဝေ၊ အခုကိုမိုးဝေနဲ့ တွဲနေတာ လူတိုင်းသိကြတယ်၊ ခင်ခင့်ရဲ့ မိန်းမသားမာနဂုဏ်ဟာ ရေပန်းမစားတော့ဘူး ခင့်ဘက်ကပေးဆပ်ရဲသလို အကို့ဘက်ကလဲ ရဲရဲဝံ့ဝံ့ပေးဆပ် စေချင်တယ်. . ."

"အဲဒါတွေ ကိုယ်မသိဘူး၊ အကိုသိတာက အိမ်ကို ဘွဲ့ရပြီးမှ လက်ထပ်မယ်ဆိုတဲ့ ကတိပေးထားတာပဲ၊ စိတ်ချပါ ကိုယ်အလေးထားပါ့မယ်"

ရွှန်းရွှန်းဝေအောင်ပြောသော ချစ်သူစကားတွေမှာ သူမအရည်ပျော်ရစမြဲပင်။ သို့မို့ကြောင့်လဲ ဒီအခြေအနေထိ ရောက်ခဲ့ပြီးမှ မတော်မသင့်လို့ မိန်းကလေးတန်မဲ့ လက်ထပ်ဖို့ကို အစပြု ပူဆာနေမိသည်။

"အဲ့ဒီလို ကတိတည်ချင်ရင်လဲ ဘာဖြစ်လို့ ခင်ခင့်ကို အကျွမ်း





တဝင် ချစ်ရတာလဲ၊ စောင့်ထိန်းခဲ့ဖို့ကောင်းတာပေါ့။ အခုတော့ ခင်တအားကြောက်တယ်၊ စိုးလဲစိုးရိမ်မိတယ်၊ အစ်ကိုနဲ့ ဝေးရမှာ ကြောက်တယ်၊ မဝေးပါရစေနဲ့နော်"

"အစ်ကို အတတ်နိုင်ဆုံး စောင့်ထိန်းပြီး ချစ်ခဲ့တာပဲ၊ အခုလို စွဲလမ်းမက်မောစွာ အရမ်းချစ်မိသွားတာကလဲ ခင်ခင့်ကို အရမ်းချစ်လို့ပဲ ဖြစ်မှာပါ၊ ကြောက်လဲမကြောက်နဲ့. . ဘာမှ မစိုးရိမ်နဲ့ အစ်ကိုရှိတယ်"

သူမ ထူပူစိတ်ပျက်ကာ အားငယ်သွားရသည်။ အိုးကမပူဘဲ စလောင်းကပူကာ မြင်းကမလှုပ်ဘဲ ခုံကလှုပ်နေသည့်ဘဝကို စိတ်နာမိသည်။ ကိုရီးယားဇာတ်လမ်းတွဲတွေ ခေတ်စားလာတာနဲ့ပဲ မိန်းကလေးတွေက မဟာအခွင့်အရေးတစ်ရပ် ရခဲ့သည်။ ကိုယ်က အစပြုပြီး ချစ်ခွင့်လက်ထပ်ခွင့် လောဆော်လို့ နေရသည်။

"အကို့ သဘောပါပဲ၊ ခင်ခင်ကတော့ အကို့ကို ယုံလို့ ပုံအပ်ထားပြီးသားပဲ. . . ကိုယ့်ကိုယ်ကိုလဲ ယုံကြည်တယ်. ."

"ဒါဖြင့်. . ဘာကို. . မယုံသေးချင်တာလဲ. . ."

"ခင်ခင် မယုံကြည်တာ ကံကြမ္မာပဲ. . ., ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံနဲ့ ဆိုတာလိုပေါ့. ."

သူစုတ်တစ်ချက်သပ်ကာ ခေါင်းတွင်တွင် ခါရမ်း၍ ပျက်ရယ်ပြုလေသည်။

"ခင်ခင်. . အကို့အပေါ်မှာ သံသယထားတာပဲ၊ ကိုယ့်ကို မယုံတာ. . . ကိုယ့်အချစ်ကို စော်ကားတာပဲ. . ."

ပြောကြ ပြန်ပြီး ပြနေပြန်တော့သည်။ အစသွားထောင်မိသော ကိုယ့်ပါးစပ်ကိုယ် ဆွဲဖွဲ့ပစ်ချင်လောက်အောင်ပင် စိတ်ပျက်သွားမိသည်။ လိုချင်တာယူဖို့ ပေးကမ်းရက်ရောထားတာတောင်မှ မလုံလောက်သေးဘူးလား။ ဒါဟာ သံသယဖြစ်နိုင်ပါတော့မလား။ ဝေသန္တရာရဲ့ အလှူက



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ရက်ရောသလောက် ဆူဇာကာပုဏ္ဏားရဲ့ အလှူခံပုံက ရောင့်တက်ရဲတင်းလွန်းသည်။ အလွန်အကျွံဖြစ်ကာ အတ္တဖြင့် စီမံထုပ်ပိုးသော မတော်မတရား ဆန္ဒပင်။

ည ည ည ည

မရေရာ မသေချာသော လူသားကမ္ဘာကြီးထဲမှာ သူမတို့ လမ်းခွဲ ဖြစ်သွားတာ သိပ်မဆန်းလှပါ။ အချစ်မေတ္တာ ရိပ်မြုံနှင့် နှလုံးသားတို့ အစေးမကပ်တော့ပါ။ အချစ်ဆိုတာ ပီကေမဟုတ်သလို၊ ကပ်စေးနှဲ၊ ဆင်ကော်လဲ မဟုတ်ပေ။ အချစ်ဟာ အမရပူရလမ်းခွဲကို မှားယွင်းစွာ ဖတ်မိလေပြီ "အမ ဘာဘူနဲ့ရ လန့်ကွဲ" ဖြစ်ရရှာလေပြီ ကတ္တီပါ ပဲပြုပ် လမ်းခွဲကြရလေပြီ။

"ကိုမိုးဝေရဲ့ စိတ်ရင်းအမှန်ကို သိလိုက်ရတဲ့အတွက်. . . ကျေးဇူးပါပဲ ဆလံသပါတယ်"

"ဆလံသ,ရုံ မကလို့ ဆံပဲသသ, ကိုယ်ဂရုမစိုက်ဘူး မင်းထင်ချင်သလို ထင်နိုင်တယ်"





ပရိယာယ်ကြွယ်ဝသော ယောကျ်ားတစ်ယောက်၏ သွေးအေးစွာ စွန်ခွာပြေးထွက်သည့် ခြေသံအလား. . ရင်ကို စုံကန်ခံလိုက်ရသလို ခံစားထိရှပါသည်။ သတ္တိကြောင်ပြီး ရှောင်ဖယ်မိုက်မဲသော လူရဲ့အရိပ်ဟာ နေပျောက်စကာထိုးလို့ မအေးမြနိုင်ပါဘူး. . .။

"ခင်ခင် ရှင့်ကို တွယ်ကပ်ခယပြီး. . ဖက်တွယ်နေလိမ့်မယ်တော့ မထင်နဲ့. . . ကိုယ့်အားကိုယ်ကိုးဖို့ မခံချင်စိတ် မွေးထားလိုက်ပြီ"

"ကောင်းပါတယ် ခင်. . ရင့်ကျက်လာတာပဲပေါ့၊ နှစ်ထောင်းအားရပါပဲဗျာ. . စိန်ခေါ်ရင်. . ဘွာမခတ်ဘူး. ."

အချစ်ဟာ အမုန်းခပ်ခံလိုက်ရတဲ့နောက် လက်ဖက်ခါးရည်စိမ့်ရေနွေးကြမ်းလို ဖန်တွတ်သွားတော့သည်။ ခါးသက်တူးလန်ကာ လျှာပြင်တစ်လျှောက်လုံး အရသာစွဲသွားတော့မည်။

"ရှင်ဟာ. . တကယ်ပဲ မိန်းမဖြစ်သင့်တဲ့ ဗလောင်းဗလဲ. . ဉာဏ်နဲ့ ယောကျ်ားပဲ. . . ."

ကျွတ်ကျဲရုံမကလို့ ဘွတ်အဲပဲအော်အော်၊ သူမ လက်ညှိုးငေါက်ငေါက်ထိုးကာ အပြတ်အသတ် စွပ်စွဲလိုက်ပါသည်။ အလှဂုဏ်၊ မာနဂုဏ်တွေနဲ့ ရင်းပြီး သာသာထိုးထိုး ပါးစပ်နဲ့ ပြောရတာအားမရပေ။

"လူတိုင်းမှာ. . ကြိုက်ရာ အထည်စကိုရွေးပြီး. . လိုချင်သလောက် ညှပ်ကိုက် ဝယ်ခွင့်ရှိတယ်. . အမိရဲ့. . ."

"ရှင်က. . ကျွန်မမေတ္တာနဲ့. . မတန်တဲ့ လူယုတ်မာ. ."

"ဟုတ်တယ်. . ငါက အနိုင်ကို ရှာဖွေတွေ့ရှိထားတဲ့ လူစွမ်းကောင်းပဲ"

ချစ်မိသည်နှင့်အမျှ အမုန်းကြီး မုန်းမိလေပြီ။ အချစ်နဲ့ မထိုက်တန်သော လူတစ်ယောက်အတွက် အမုန်းကို ထိုက်ထိုက်တန်တန် ပေးရမည်။ မုန်းတီးနာကြည်းမှုကို သူ့အပေါ် ပစ်စလက်ခတ် ပေးအပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

အချစ်ကို အကျည်းတန်အောင် သရေဖျက်နေသည့် သူလိုလူအတွက် သူမ အသည်းမာပစ်ခဲ့သည်။ မီးစတစ်ဘက်ကိုလဲ ပေးပါမည်။ ရေမှုတ်တစ်ဘက်ကိုလဲ ပေးလို၏။ ရေမပါသော ရေမှုတ်ပင် ဖြစ်ချိမ့်မည်။ တခါတစ်လေမှာ သင့်တင့်စွာ လမ်းခွဲရတာက ပိုအဆင်ပြေ၏။





# သုံးလအကြာ အရိပ်တစ္ဆေ ခြောပရမှု

**အား**ရပါးရ ခရီးထွက်လိုက်ရသည့်အတွက် ရဲလင်း စိတ်ကျေနပ်သွားရသည်။ အိမ်မှာပင် ဟန်ကျပန်ကျ အနားယူနေမိသည်။ ခရီးတစ်လျှောက် ကြုံခဲ့ဆုံခဲ့ ကမောက်ကမဖြစ်ခဲ့ရတာတွေကို ပြန်တွေးပြီး ကြည်နူးသည်။ ဒါနဲ့ပဲ ခရီးဝေးလံမထွက် ဖြစ်ကြသေးပေ။ လွဲရည်ကလဲ ရဲလင်းကဲ့သို့ပင် အိမ်တွင်းအောင်းပြီး အရှိန်ယူနေသည်။ တစ်နေရာရာကို ခြေညောင်းလက်ဆန့် စိတ်ပြေလက်ပျောက်ထွက်ဖို့ ကျားသစ်လေးတစ်ကောင်လို အားမွေးပြင်ဆင်နေသည်။ ခရီးတစ်ခေါက်သွားပြီးရင် ထိုခရီးနှင့်ပတ်သက်၍ အတော်လေး အရသာခံ ပြောမဆုံးဖြစ်တတ်ကြသည်။

ဒီနေ့အဖို့ရာတော့ လွဲရည်က ဖုန်းဆက်ခေါ်သဖြင့် မဖြစ်မနေ



www.burmeseclassic.com

www.burmeseclassic.com



သူအပြင်ထွက်ရတော့သည်။ အဖိုးထိုက်ရတနာ အိမ်တွင်းပုန်း ကောင်လေး လုပ်နေ၍ မရတော့ပေ။ လဲ့ရည်က ဝင်ခေါ်ပြီး သူနှင့်အတူမြို့စွန်ရှိ ဘဲခြံများကို လျှောက်ကြည့်သည်။ ကြံကြံဖန်ဖန် ခရီးကပြန်ရောက်ပြီးကာမှ လဲ့ရည်က မြို့စွန်လယ်ကွင်းတွေထဲမှာ ဘဲခြံနှင့်နေရန် အာသီသပြင်းပြ သွားသည်။ ဘဲတစ်ကောင်လုံးဖြစ်သော သူရှိနေပါရက်နဲ့ ဘဲမွေးချင်နေသေး၏။ အတော်စိတ်ကူးယဉ်မည့် ချစ်သူကောင်မလေးပင် ဖြစ်သည်။

"ကိုရဲကလဲ လဲ့ရည်တို့ အိမ်ထောင်ပြုပြီးရင် ဘဲခြံအတည်တကျနဲ့ ကိုရဲကဘဲကျောင်း လဲ့ရည်က ဘဲဥကောက်မယ်လေ အဲဒါမကောင်းဘူးလား. . . ."

"ကောင်းပါတယ် ဘဲဥပဲကောက်ရမလား ဘဲချီးပဲ ကျုံးရမလား တွေ့ကြသေးတာပေါ့. . . ."

"အောင်မာ ကိုရဲသာ ဘဲကျောင်းရင်း ဘဲကြောင်ကြောင်သွားမှာ သိလား. . . ."

နောက်နောက်ပြောင်ပြောင်နှင့် ဘဲခြံများကို တစ်ခြံပြီးတစ်ခြံလိုက်ကြည့်ကြသည်။ သူမအဖေရဲ့ ဆက်သွယ်ပေးမှုကြောင့် အသိမိတ်ဆွေ ဘဲခြံပိုင်ရှင်များနှင့် အချိတ်အဆက်ရသွားခြင်း ဖြစ်သည်။

"ကိုရဲကတော့ ဘဲမမွေးချင်ဘူး ဆိတ်ပဲမွေးချင်တာ. . . ."

"ဘာဖြစ်လို့လဲ ဆိတ်တွေက အနံ့ဆိုးတယ် ပြီးတော့က ပဲပဲအော်တာ ပဲသိပ်များတာ. . ."

"ဘာထူးလဲ လဲ့ရည်ရဲ့ ဘဲတွေကလဲ ဂတ်ဂတ်အော်တာပါပဲ"

"မထူးပါဘူး ကိုရဲရယ် နှစ်မျိုးလုံးရောမွေးလိုက်မယ် အဲဒါမှ ဂတ်ပဲဂတ်ပဲအော်နေရင် သူခိုးမတက်တော့ဘူးပေါ့. . ."

လဲ့ရည်က မချိုမချဉ်မျက်နှာလေးဖြင့် အရွှန်းစကားဆိုသည်။ နားကို ငွမ်းဆို့နေရမည့် ရေရှည်မဟာစီမံကိန်းကြီးပင်။





"ကိုရဲကတော့ စိုက်ပျိုးရေးကို အထူးဝါသနာပါတယ် လဲ့ရည်က မွေးမြူရေးကို ဂရုစိုက်ပေါ့. . ."

"ဟွန့်. . . မုန်းစရာကြီး"

လဲ့ရည်က မျက်စချီပြီး နှုတ်ခမ်းကိုက်ပြသည်။ သူချစ်စဖွယ်အမူအရာလေးကို ကြည့်ပြီးနှစ်ခြိုက်စွာ ရယ်လိုက်သည်။

"နွားတွေရော မမွေးချင်ဘူးလား အချစ်ရယ်. . ."

"ဟင့်အင်း နွားတွေအော်သံကြားရင် စိတ်မချမ်းသာဘူးလေ ဝင့်ပဲဝင့်ပဲနဲ့ အော်နေတာ. . ."

"ဝမ်းဘဲပါကွာ မင်းကလဲ၊ ဒါဆိုရင် ကျွဲတွေမွေးပေါ့ သူတို့ရဲ့ တည္တည္ဗ္ဗ္ဗ်အော်သံက နားဝင်ချိုတယ်လေ. . ."

"တော်ပါပြီ ကျွဲမွေးဖို့ကတော့ မေရီအတွက်ပဲ ထားလိုက်တော့လေ. . ."

"အေး. . . ဟုတ်သားပဲ ရှုပ်ပါတယ်ကွာ ဝက်ပဲမွေးတော့ အဲဒါက စုဘူးလဲ ဖြစ်တယ်"

"ဟင့်အင်း အိပ်ပုတ်ကြီးတယ်၊ အစားကြီးတယ်၊ သူကြည့်ပြီး ကိုယ်တောင်အပျင်းရောဂါ စွဲသွားလိမ့်မယ် သူ့လိုနေ သူ့လိုကျင့်မိကုန်ရင် ကိုရဲ ပဲပင်ပန်းမှာပေါ့. . . ."

"လဲ့ရည်အတွက်ဆို ပင်ပန်းခံနိုင်ပါတယ်၊ ခြံခတ်ပြီး ကြိုးကွင်းစွပ် မွေးထားမယ်"

လဲ့ရည်က သူ့ကိုပေစောင်းစောင်းဖြင့် မျက်ထောင့်ကပ်ကာ ကြည့်တော့သည်။

"ကိုရဲကိုသာ ဇက်ကြိုးတပ်ပြီး လန်ချားဆွဲခိုင်းရမှာ၊ အဲဒါမှ နေ့တွက်ကိုက်မှာ"

တစ်ယောက်ကိုတစ်ယောက် သာသာထိုးထိုး နှိပ်ကွပ်စကားဆိုနေမိကြသည်မှာ ဇာတ်ရှိန်တက်လာသည်။ လူစင်စစ်မှသည်



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်လေးများ ဖြစ်ကုန်ကြပြီ။ တစ်ယောက်နဲ့ တစ်ယောက် ဦးချိုတွေ တပ် အမြီးတွေပေါက်ပြီး မြင်ကုန်လေတော့၏။

"ကိုရဲနေ့ ပဲလှော်တွေစားပြီးရင် လေထုညစ်ညမ်းအောင် အကျင့်မယုတ်နဲ့. . . . ."

ရဲလင်းက ကိုယ့်ပါးစပ်နဲ့ကိုယ်စားပြီး ကိုယ့်ဟိုဒင်းနဲ့ကိုယ်ပေါက်မှာပဲဆိုသော မျက်နှာပေးဖြင့် ခပ်တည်တည်ဝါးနေလေတော့သည်။

"မကျေနပ်ရင် လျှက်ဆားရက်လိုက်ပေါ့"

"မလျက်ပါဘူး၊ ဘာလို့လျက်ရမှာလဲ လိုင်းကားတိုးစီးရင် အနံ့ပေါင်းစုံ ရှူရတဲ့အထဲ ကိုယ့်အနံ့နဲ့ကိုယ်မူးနေရရင် မနိပ်ပါဘူး"

ဒီလောက်နှာခေါင်း အနံ့ခံကောင်းတဲ့ လဲ့ရည်က ဘဲချေးနံ့ ခံနိုင်လိမ့်မည်ဟု သူမထင်ပေ။

"ဒီပုံစံနဲ့များ ဘဲမွေးဦးမတဲ့"

"ဘာဖြစ်လဲ. . အဲ့ဒီအခါကျ ကိုရဲကို ဘဲခြံစောင့်ခိုင်းပြီး လဲ့ရည်က မြို့ထဲက တိုက်ခန်းမှာပဲ နေမှာပေါ့"

ရဲလင်း မျက်လုံးပြူးကာ မျက်နှာရှုံ့တွသွားရတော့သည်။ အတူပင် မနေကြရသေး၊ လက်မထပ်ရသေးမှီပင် သူမက ချုပ်ကိုင်ပြီး ခုတုံးလုပ် လူမိုက်ငှားဖို့ ကြိုးစားနေလေပြီ။

"လဲ့ရည် သရဲမကြောက်ဘူးလား၊ ကိုရဲနဲ့ခွဲပြီး နေနိုင်လို့လား၊ နောက်တော့မှ ဘဲချေးနံ့တာလဲ ဂရုမစိုက်နိုင်တော့ဘူး ကိုရဲရဲ့ ချိုင်းချွေးနံ့လေးမှ မရရင် မနေနိုင်တော့ပါဘူးဆိုရင်တော့ ဆောရီးပဲ"

"ဝေးသေးတယ် လုံးဝပဲ"

သူမ အပြောတခြား လုပ်တခြား သူ့အနား ပိုမိုတိုးကပ်၏။

၅ ၅ ၅ ၅





ရဲလင်း အိမ်ပြန်ရောက်တော့ တစ်အိမ်လုံး ထူးဆန်းစွာ ငြိမ်သက်တိတ် ဆိတ်နေတာကို တွေ့ရသည်။ အားလုံးရဲ့အရိပ်အခြေကို သူစူးစမ်းပြီး ကြည့်မိသည်။ တစ်ခုခု မကျေလည်ဟန်ဖြင့် မာမီက အမူအရာ ပျက်ယွင်းကာ အသက်ရှူသံ ပြင်းနေသည်။ သူများ. . မာမီ ခိုင်းထားတာကို လစ်လျူ ရှုမိသလား ပြန်တွေးကြည့်ရသည်။ တစ်နေ့လုံး မိုးမမြင်လေမမြင်ဖြင့် ထွက်ခဲ့မိတော့ အိုးတကယ် မလုံချင်ဘူး။ ဒီနေ့အဖို့ရာ မာမီနဲ့သူ့ကြားမှာ စာရင်းဇယား လုံးဝမရှိ။ အရှုပ်အရှင်း ကင်းလေသည်။ ဒါဖြင့်ရင် ဒယ်ဒီလား။

ဒယ်ဒီ့မျက်နှာက သုန်မှုန်သေးငယ်ပြီး ခေါင်းငိုက်စိုက်ချထားလေ၏။ ဒယ်ဒီရုံးမှာ တစ်ခုခုဖြစ်ခဲ့သလား။ သူ့အတွက်နဲ့ လူပုံအလယ်မှာ မျက်နှာမရ အောက်ကျခဲ့လေသလား။ ဒါလဲ သိပ်မဖြစ်နိုင်၊ သူ ကြီးကြီးမားမား ထိခိုက်လောက်စရာ ပြဿနာ ဘာတစ်ခုမှ လုပ်မထားပေ။ ဒီလိုဆို မမခင်လတ်။

မမခင်လတ်က ဆိုဖာဆက်တီပေါ်မှာ နှုပ်တရှုံ့ရှုံ့ဖြင့် မျက်ရည်နှစ်သွယ်စီးကာ ငိုနေသည်။ ဟုတ်ပြီ။ ဒါဟာ မမရဲ့ပြဿနာရှင်းမြစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမည်။

"ညည်း အခုဘယ်လိုလုပ်မလဲ မိခင်လတ်၊ ဒယ်ဒီအမျိုးတွေ၊ လူဂုဏ်ထံ အသိုင်းအဝိုင်း မိတ်ဆွေတွေရှေ့မှာ ဘယ်လိုမျက်နှာပြရမလဲ"

"ခွေးထက်မိုက်တဲ့သမီး ညည်းဒါဘယ်အကောင်နဲ့ ဖြစ်ခဲ့တာလဲ"

သူ ခြေလှမ်းဖွဖွ ခိုးကြောင်ခိုးဝှက်နင်းဝင်လာသော ခြေလှမ်းတွေ တန့်သွားရသည်။ ဇက်ပုပြီး ဧည့်ခန်းဘက် လည်စောင်းကာ ကြည့်မိသည်။

"သမီး မပြောပါရစေနဲ့ မာမီ. . အခုအချိန်မှာ သမီး ပြောပြလဲ မထူးတော့ဘူး"

"ဘာလို့ မထူးရမှာလဲအေ့. . မိုက်ခဲ့မှားခဲ့ပြီးတာက ပြီးပြီးပဲ ဒါကို ဖုံးဖိရမဲ့ နည်းလမ်းကတော့ ရှိမှာပဲ. . မေမေတို့ ဘက်က လျှော့သင့်တာ လျှော့ပြီး သဘောတူမှာပေါ့. ."

ဖုံးဖိတာတွေ၊ မိုက်မှားခဲ့တာတွေနှင့် အခြေအနေကတော့ တော်တော်ကြီးမားလောက်သည်။

"သမီးအတွက်နဲ့ ဒယ်ဒီတို့ကို မျက်နှာငယ်ရအောင်. . တစ်ရက်က နှစ်ရက်ဖြစ်အောင် ဒုက္ခမပေးတော့ပါဘူး. . သမီး ဒီကလေးကို ဘယ်သူမှမသိတဲ့ နေရာမှာ သွားမွေးမယ်. . သမီးကိုခွင့်မလွှတ်ကြပါနဲ့. . သမီးမိုက်ပြစ်အတွက် သမီးကိုယ်တိုင်ပဲ ခံယူပါမယ် ဒယ်ဒီ"

တစ်အိမ်လုံး သွက်သွက်ခါ ချာချာလည်ကာ မိုက်မှောင်သွားလေသည်။ မမခင်လတ်က ကလေးကိုမွေးမယ်ဆိုပါလား။ ဒါဟာ မတော်တရော် မသင့်မတင့် ဖုံးဖိမရတဲ့ အခြေအနေပေါ့။ သွားပြီ။ သူ တုန်လှုပ်ချောက်ချားကာ အံ့သြရလေပြီ။ မောင်တစ်ယောက်အနေနဲ့ အားကိုးထိုက်လှအောင် အစ်မတစ်ယောက်ကို မစောင့်ရှောက်နိုင်





တော့ပြီ။

ရဲလင်း တော်တော်ကြီး စိတ်ပျက်ဆို့နင့်သွားသည်။ သူလုံးဝ ထင်မထားတဲ့ ထိုးနှက်ချက်က မမြင်ရတဲ့ ရှုထောင့်က ဝင်ရောက်လာလေသည်။ သူပေါ့လျော့ကာ မမကို ယုံကြည်စိတ်ချခဲ့မိသည်။ အခုတော့ ဘယ်လိုမှ ဆေးမမှီနိုင်တော့လောက်အောင် အရာရာဟာ နောက်ကျခဲ့လေပြီ။

"သူ့. . သမီးကို လက်ထပ်မှာမဟုတ်ဘူး မာမီ၊ သမီးလဲ သူ့ကို စိတ်နာလို့ လမ်းခွဲခဲ့ပြီးပြီ၊ လုံးဝလက်မထပ်နိုင်တော့လို့ကို စွန့်လွှတ်ခဲ့ပြီးပါပြီ"

"အဲ့ဒါ ခက်တာပေါ့အေ့ ညည်းတို့ခေတ်လူငယ်တွေ ရှေ့မကြည့် နောက်မကြည့်နဲ့ လုပ်လိုက်ရင် အရမ်းကြီးပဲ"

"ခေတ်လူငယ်ရယ်လို့ မဟုတ်ပါဘူး. . မင်း. . သမီးက မိုက်လုံးကြီးတာပါ. . ."

ခင်လတ်က ခေါင်းငိုက်စိုက်ချပြီး ပိုမိုသည်းလှုပ်စွာ ငိုလေသည်။ ဝမ်းနည်းစိတ်ပျက်မှုတွေနဲ့ ထူပူပြည့်လျှမ်းနေတော့သည်။

"ဒီအမိုက်မအတွက် အစစအရာရာ စီစဉ်ပေးလိုက်ပါ ငွေလိုရင် ဘဏ်ထဲက ထုတ်သုံးလိုက်"

ဒယ်ဒီက ဒါပဲ ယတိပြတ် ပြောသည်။ သမီးဖြစ်သူကို စိတ်ဆိုးပြီး ဒေါသူပုန်ထကာ မအော်ရက် မငေါက်ရက်ပေ။ စိတ်မတွေ့လေဟန် ဖြင့်သာ ရှောင်ထွက်သွားသည်။

"ညည်း ခေါင်းမမာစမ်းနဲ့အေ့. . . ခင်လတ် အမှန်အတိုင်း ပြောစမ်းပါ၊ အဲ့ဒီလူမဆန်တဲ့ကောင်ရဲ့ပါးကို ရှစ်စိတ်ကွဲသွားအောင် ငါသွားရိုက်ချင်လိုက်တာ"

မာမီက ဒေါသအရှိန် တလူလူဝေလျှက် ဆွေ့ဆွေ့ခုန်နေသည်။ အသားများက ဖိုးဖိုးဖပ်ဖပ် တုန်ယင်မောဟိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . သူက ဒီမှာမရှိဘူး. . သူ့ကို မသိချင်ပါနဲ့ မာမီ ရယ်. . သမီး သူ့ကို စိတ်နာလို့ မေ့ထားပါရစေတော့. . ."

"ဟင်း. . ."

မာမီဒေါ်တင်လတ်က သက်ပြင်းမောကြီးချကာ သမီးဖြစ်သူ ကို မျက်စောင်းထိုးချလိုက်ပါတော့သည်။ ခေါင်းမာတဲ့ သမီးကို စိတ်တို ဒေါ်ပွကာ ထုထောင်းရိုက်ချိုး ညက်ညက်ကျေအောင် ချေချင်ပေမဲ့ လည်း ချစ်ခင်နှမြောစိတ်နဲ့ ဝမ်းနည်းသည်းလှိုက်စွာ ကြည့်ရတော့သည် သာ။

"သား သိတယ် မာမီ၊ လူမဆန်တဲ့ကောင်. . သူတော်ကောင်း ယောင်ဆောင်တဲ့ လူယုတ်မာကောင်"

ရဲလင်း တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး အိမ်ထဲမှ ပြန် ထွက်လာခဲ့သည်။ မမခင်လတ်နဲ့ မာမီက မျက်ကလူးဆန်ပြာ အူယား ဖားယားဖြင့် သူ့နောက်လိုက်ဆွဲ၊ တားကြပေမယ့် မမှီတော့ပေ။ သူ ဒေါသကြောင့် ခြေလှမ်းတွေက ကျဲနေပြီဖြစ်သလို သွေးဆူလွယ်ခြင်းက စိတ်ကို ဆွာတာတာ ဖြစ်စေတော့သည်။







# အသစ်ကုဋေကုဋာနဲ့ အဟောင်းမျက်နှာ

**ခက်**ထန်သောအကြည့် မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် သူရင်ဆိုင်လိုက်သည်။ မုန်းတီးသောအသွင်၊ မကျေမချမ်းသည့် အရိပ် အယောင်တွေ ပြွတ်သိပ်ပြည့်လျှမ်းနေပေရော့မည်။ နဂါးမျက်လုံးလို လောင်ကျွမ်းပြာကျစေလောက်သည့် မီးဝင်းဝင်းတောက် အကြည့်က စူးရှပူလောင်စေပါမည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ပေတေတေ မိုက်မဲမဲ စိုက်လိုက်မတ်တပ် ငေးရပ် နှုတ်ဆိတ်နေမိသည်။ ဒေါသစိတ်တလှိုက်လှိုက် တက်ဆူဝေလာမှုက သူ့ကို ရုတ်တရက် အသံ မထွက်စေဘဲ တုံ့နှေးထစ်အအောင် ပြုမူထားသည်။ တိတ်တဆိတ် တင်းမာသော မျက်နှာထားဖြင့် ငေးကြောင်ရပ်မိနေသော သူ့ကို မြင်သွားသည်။ သူ့ကိုအံ့သြပြီး နှုတ်ခမ်း ဖွင့်ဟပြုံးကာ ဖော်ဖော်ရွှေရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုနှုတ်ဆက်ပါသည်။

"ဟာ. . . ရဲလင်း. . ညီလေး. . လာလည် ပြန်ပြီ"

"မခေါ်နဲ့. . မင်း. . ငါ့ကို ညီလေးလို့. . မခေါ်နဲ့"

သူ အာခေါင်ခြစ်ကာ အသားကုန် အော်ဟစ်လိုက်တော့မှ အားရဝမ်းသာစွာ လျှောက်လာသော ကပ္ပလီ ကိုယ်ရှိန်တန့်သွားလေသည်။ သူ့မျက်နှာပေါ်မှာ ပျက်ယွင်းနေသည့် အမူအရာကို သတိပြုမိသွားပြီး မျက်နှာတည်လိုက်သည်။

"မင်း ဘာဖြစ်လာတာလဲ. . . ကြည့်ရတာ တစ်ခုခုဖြစ် လာလို့ ဒေါသထွက်နေတဲ့ပုံပဲ"

"ဟုတ်တယ်. . ငါ ဒေါသထွက်နေတယ် မင်းလို လူယုတ်မာ နှိပ်စက်တာ ခံလိုက်ရလို့ ဒေါသဖြစ်ပြီး ထပ်လာတာပဲ"

ကပ္ပလီ ကြောင်တောင်တောင် ဖြစ်ကာသွားရသည်။ ပေမှေးမှေးဖြင့် မျက်နှာချိုသွေးကာ နားမလည်ပါးမလည် အူကြောင်ကြောင် ဖြစ်လို့နေပါသည်။

"မင်း ဘာတွေပြောလိုက်တာလဲ၊ ငါက ဘာယုတ်မာလို့လဲ. . ကျုပ်နားမလည်တော့ဘူး"

ကပ္ပလီက နားမရှင်းဟန်ဖြင့် ပြန်မေးနေရသေးသည်။ သူ့ခမျာ ဘာမှန်းညာမှန်းမသိ။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတာ ခံနေရသည်။

"ဘာနားမလည်တာလဲ အရှုးကွက်နင်းမနေနဲ့၊ မင်းရဲ့လက်ချက်ပဲ. . . မင်းစနက်ကို မင်းသိမှာပေါ့"

"မဟုတ်သေးဘူး ရဲလင်း၊ မင်းပြောတာကို ကျုပ် သဘောမပေါက်သေးဘူး"

ကပ္ပလီ ခေါင်းတခါခါ ဖြစ်ရပါသည်။ ဘုမသိ ဘမသိ အစမရှိ အဆုံးမရှိဘဲ ရဲလင်းက သူ့ကို မြင်တာနဲ့ ဒေါသအိုး ပေါက်ကွဲနေတော့





လဲ အခက်သားပင်။

"ဘယ်သူ ဘာဖြစ်သွားလို့လဲ၊ ကျုပ်ကြောင့် တစ်ယောက်ယောက် ဒုက္ခရောက်သွားပြီလား"

"ဟုတ်တယ်. . . ဒုက္ခတွေ အစုလိုက် အပြုံလိုက်ပဲ၊ ငါတို့တစ်မိသားစုလုံး ခေါင်းမဖော်နိုင်အောင် ရောက်တာ၊ အခု ငါ့အစ်မမှာ ကိုယ်ဝန်ရှိနေပြီ. . . မင်းဘာပြောမလဲ"

ကပ္ပလီ ခေါင်းနားပန်းကြီးသွားရလေပြီ။ နားနဲ့မဆန့်အောင်ကြားလိုက်ရသော သတင်းစကားပင်။ သူ လုံးဝ မျှော်လင့်မထားသည့် အကြောင်းအရာမို့ တုန်လှုပ်ချောက်ခြားသွားရသည်။ ကယောင်ကတမ်းဖြင့် ငြင်းဆိုမိသည်။

"ဟာ. . . မဟုတ်ဘူး၊ အဲ့ဒါ ကျုပ်မဟုတ်ဘူး၊ မင်း ကျုပ်ကို အထင်လွဲတာ၊ ကျုပ်နဲ့ မပတ်သက်ဘူး"

"ဘာမပတ်သက်ရမှာလဲ. . မုန်လာဥ မလုပ်နဲ့၊ ငြင်းဖို့ မကြိုးစားနဲ့၊ အလှူညမှာ အော်ဂင်သွားတီးနေတုန်းက ငါ့အစ်မနဲ့မင်း နှစ်ယောက်တည်းပဲ ရှိတာ. . . ဘာငြင်းဦးမလဲ"

ကပ္ပလီ စိတ်ပျက်လက်ပျက် သက်ပြင်းမောချမိသည်။ ကံကြမ္မာက မျက်နှာသာမပေးဘဲ သူ့အပေါ် ကွက်ကျားမိုး ရွာလေပြီမို့ ရှင်းပြရန် အခက်ကြုံသွားသည်။

"ကျုပ် ဒီလို လူမဆန်တဲ့အလုပ်ကို မလုပ်ဘူး၊ မင်း မှားနေပြီ"

"ဘယ်လိုမှ မမှားနိုင်ဘူး၊ မင်းတာဝန်မယူချင်တိုင်း ကူလီကူမာ မလုပ်နဲ့. . "

"မဟုတ်သေးဘူးရဲလင်း. . ကျုပ်ပြောပြမယ်. . "

"ဘာမှ ပြောမနေနဲ့. . စကောလောက်မှ ဇောက်မနက်တဲ့လူ သူတော်ကောင်းအရေခြုံတဲ့ အယုတ်မာကြီး. . "

ပြောပြောဆိုဆိုနဲ့ ရဲလင်းက ဒေါမာန်တကြီး ပြေးဝင်ပူးကပ်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုးလေတော့သည်။ ကပ္ပလီက အရှိန်ဖြင့် ဝင်လာသော ရဲလင်းကို အသာကလေး တိမ်းရှောင် တွန်းထုတ်သည်။ ရဲလင်းပြန်လှည့်လာပြီး တရစပ် ထိုးတော့သည်မှာ အငြိုးတကြီး စိတ်လွတ်ကိုယ်လွတ်ပင်။

"ခွပ်"

"အား. . ."

"ဖုန်း"

"လူစိတ်မရှိတဲ့ကောင်. . . ငါ့အစ်မကို မတော်မတရားကြံတဲ့ကောင်. . မင်းဟာ ခွေးသူတောင်းစားပဲ"

ဒေါသတကြီး ရေရွတ်ကာ ဝိုက်လက်သီး၊ ပင့်လက်သီးများဖြင့် နာနာကြည်းကြည်း ထိုးလေသည်။ ကပ္ပလီဘာမှ ပြန်ပြောချိန်ပင်မရဘဲ ရှောင်ကာတိမ်းဖယ်နေရသည်။ ရှောင်တိမ်းရင်းမှပင် တစ်ချက်တစ်လေ လွတ်ထွက်လာကာ လက်သီးက မျက်နှာကို မှန်တော့ အီစလံဝေသွားသည်။ နှုတ်ခမ်းကွဲကာ သွေးစပင် ထွက်လာသည်။ ကပ္ပလီဘာမှ ပြန်မလုပ်တာကိုပင် အခွင့်ကောင်းယူကာ ဝိုက်လက်သီးတစ်ချက် အားကုန်စိုက်၍ ထိုးသည်။ ထိုလက်သီးက မေးရိုးကို မှန်သွားတော့ ကပ္ပလီလည်ထွက်သွားကာ ဖင်ထိုင်ရက်လဲကျသွားသည်။ ရဲလင်းက အားစိုက်ထိုးနေတာ မောလာသဖြင့် ရပ်တန့်လိုက်သည်။ ရင်အစုံက လှုပ်ရှားပြီး အသက်ပြင်းပြင်းရှူနေရသည်။ လက်တွေလဲ နာလာသဖြင့် ခါထုတ်မိလေ၏။ လက်ချောင်းလေးများ တဆတ်ဆတ် တုန်ယင်ကာ ဒေါသအရှိန်ကတော့ မသေချင်သေးပေ။

"မင်း. . မင်းကွာ. . မခင်လတ်က ကျုပ်ကို လက်ညှိုးထိုးလိုက်သလား"

ကပ္ပလီ ငိုမဲ့မဲ့ဖြင့် ညည်းတွားကာ မေးသည်။ ရဲလင်း မကျေမချမ်းစိုက်ကြည့်ကာ ဟိန်းဟောက်ပြောပါသည်။

"သူက မိန်းကလေးဗျ၊ အရှက်မဲ့တဲ့ကိစ္စကို ပြောမလား၊ မင်း





သွေးဆောင်ဖြားယောင်းလို့ ဖြစ်ခဲ့တာနေမှာ"

"မပြောဘဲနဲ့မှား. . . မင်း လူမှားနေပြီ ရဲလင်း"

"မှားပြန်ပြီလား. . . ဒီပါးစပ်က"

"ခွပ်"

"အင့်. ."

ရဲလင်းက ကပ္ပလီရဲ့ ဆံပင်ကို ဆွဲကိုင်ပြီး တည့်ထိုးလိုက်ပြန်သည်။ ကပ္ပလီအလူးအလဲ ခံရလေပြီ။ စကားပြန်ပင် မပြောနိုင်ပဲ ကျိတ်မှိတ်သည်းခံကာ မျက်လုံးစုံမှိတ် အောင့်သက်သက်ဖြင့် ငြိမ်ခံနေရသည်။ စိတ်မောလူမောဖြစ်ကာ ဒေါသဆူပွက်ပြီး ထူပူနေချိန်မို့ နုတ်ဆိတ်ပြီးနေလိုက်သည်။ အနည်ထိုင်ချိန်ကို ဒီလိုပဲ စောင့်မှရတော့မည်။

"မင်း. . ငါ့အစ်မကို ယူရမယ်. . ၊ မင်းကိစ္စကို မင်းတာဝန်ယူရမယ်၊ နားလည်လား. . ဟေ့ကောင်ကြီး"

ကပ္ပလီရဲ့အကျႌလည်စေ့ကို ဆွဲကိုင်ပြီး ရေရွတ်လေသည်။ မျက်ဝန်းတွေက နီစွေးရဲတောက်ကာ မာန်အဟုန်ပြင်းပြနေလေ၏။

"ဟေ့ကောင်. . အာစိကို လွှတ်လိုက်"

ရာညွန့် လှမ်းအော်ငေါက်ပြီး အူယားဖားယား ပြေးလာသည်။ သူ့နောက်မှာ ဇော်ရွှီးနဲ့ မောင်ဖြိုးညီနောင်လဲ ကသောကမျော ပါလာသည်။ ရဲလင်းကို ဆွဲဖယ်တွန်းထုတ်သည့်အခါ မြေပြင်ပေါ် ပက်လက်လန် လဲကျသွားသည်။ ရင်ဘတ်ပေါ် တက်ခွပြီး ဆီးထိုးရန် ဟန်ပြင်သည်။ ငရွှီးနဲ့ ငဖြိုးကလည်း ကန်ကြောက်ကြသည်။

"မလုပ်နဲ့. . ဟေ့ကောင်တွေ လွှတ်ပေးလိုက်. ."

"ဗျာ. . ."

"ဟာ. . အကိုကြီးကလဲ. . အကိုကြီးကို ဒီကောင် လုပ်ထားတာ ပြန်ဆော်မယ်လေဗျာ. . ."

"တော်. . တိတ်၊ မလုပ်နဲ့ဆို . . လျှာမရှည်နဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



နာကျင်နေသည့်ကြားမှ ကပ္ပလီက ငေါက်ငမ်းကာ တားမြစ်ပိတ်ပင်လိုက်သည်။ ဟိုသုံးယောက် ကိုယ်ရှိန်သတ်ကာ နောက်ဆုတ်ပေးလိုက်ကြတော့ ရဲလင်းက မထိတရိ ပြုံးပြီး ငုတ်တုတ်ထထိုင်သည်။

"မင်းတို့အစ်ကိုကြီးကို ငါက အပြစ်ရှိလို့ ဆုံးမနေတာကွ၊ လူမဆန်လို့ ငါက တန်ပြန်တာ"

ရာညွန့်က ကပ္ပလီကို တွဲကူဖေးမကာ ထစေသည်။

"သူပြောတာ ဟုတ်လား အာစိ"

ကပ္ပလီ ဘာမှ ပြန်မပြောဘဲ ရဲလင်းကိုသာ သနားစရာ သတ္တဝါလေးတစ်ကောင်အဖြစ် မြင်ကြည့်နေမိသည်။

"ပြောပြလိုက်လေ. . . ဟော့လူ. . ခင်ဗျားမိုက်မဲမှုတွေကို၊ မင်းတို့လူက ငါ့အမကို . . စော်ကားလိုက်တယ်ကွ"

ရဲလင်း ရှက်ရှက်နဲ့ပဲ ဒေါသပေါက်ကွဲကာ ရေရွတ်လိုက်သည်။ ရာညွန့် မျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ မော်ဖြိုးက ကပ္ပလီကို မယုံနိုင်ခြင်းကြီးစွာ လည်ပြန်ကြည့်ပြီး မေးသည်။

"ဟုတ်သလား အကိုကြီး. . အကိုကြီး ပြောတော့. . ဖြူစင်ခဲ့တယ်ဆိုဗျ"

"မင်းတို့ပါးစပ်တွေ ပိတ်ထားစမ်း"

"အာစိ ဒါမျိုးက ညာလို့မရပါဘူးဗျာ"

အားလုံးက သူ့ကို အထင်သေးမျက်လုံးများဖြင့် ဝိုင်းကြည့်လေသည်။ ကပ္ပလီ ဝမ်းနည်းစိတ်တွေ လှိုက်တက်ကာ သိမ်ငယ်သွားရသည်။

"မင်းတို့ကောင်တွေကို ငါပါးစပ်ပိတ်ခိုင်းထားတယ်၊ ဒီမှာ ကြီးမောင်ဆိုတဲ့ အကောင်က ရုပ်ဆင်းအင်္ဂါသာ ချို့တဲ့သည်ရှိမယ် စိတ်ဓါတ်ကတော့ ဘယ်တော့မှ မချို့တဲ့ဘူးကွ အောက်တန်းမကျဘူး အဲ့ဒါမှတ်ထားလိုက် "





ဒေါသတကြီး အော်ဟောက်ပစ်လိုက်သောအခါ အားလုံးနှုတ်ဆိတ်ကာ ငူငူကြီးရပ်နေကြတော့သည်။ သူ့ မခိုးမခန့်ရယ်သံက အားလုံးကို ရေငုံနှုတ်ပိတ်ဖြစ်သွား စေလေသည်။ နှုတ်ခမ်းကို မဲ့ပြုံးကာ ကံတရားကိုလှောင်ပြောင်သည်။

"မင်းအစ်မကို အခုရထားတဲ့ ကိုယ်ဝန်ဟာ ကျုပ်ရဲ့ကိုယ်ဝန်ဟုတ်သလားဆိုတာ သွားမေးပြီးမှ ကျုပ်ကိုကြိုက်တာလုပ်ဖို့ ပြန်လာခဲ့ပါ၊ ကျုပ်စောင့်နေမယ်"

ကပ္ပလီခပ်ပြတ်ပြတ်ပင် ပြောလိုက်ပြီး ကျောခိုင်းထွက်သွားတော့သည်။ ရင်ထဲက ဒဏ်ရာက သည်းစွာနာနေတော့မှာ သေချာပါသည်။ ရဲလင်း အတော်အသင့် စိတ်ပြေလျော့သွားပြီမို့ ရာညွန့်တို့နှင့်အတူ ကပ္ပလီနောက် လေးကန်စွာလိုက်သွားလေသည်။

"ဘယ်လိုမှ မမှားနိုင်ဘူး ဒါမင်းတို့ဆရာ ဝန်မခံရဲတာပဲ "

"ဘယ်လိုမှ မမှားရအောင် ခင်ဗျားက ချယ်ရီဦး ပတ်ထားလို့လား၊ ကျုပ်ဆရာ ဒီဘက်မှာ အဖြစ်မရှိတာ ကျုပ်အသိဆုံးပဲ ခင်ဗျားက မျက်စိနဲ့ တပ်အပ်မြင်လို့လား"

ရာညွန့်က အခုတော့ သူ့ဆရာရဲ့မျက်ဝန်းတွေ အရိပ်အယောင်ကင်းမဲ့တာကို ယုံကြည်သွားလေပြီ။ ကပ္ပလီကိုယ်စားပင် ဆန့်ကျင်ငြင်းခုံကာ ဘုတောလေသည်။

"မင်းတို့ စဉ်းစားကြည့်လေ အလှူညတုန်းက သူတို့နှစ်ယောက်တည်း ကောက်ရိုးပုံနံဘေးမှာ ရှိခဲ့ကြတာ "

"အာစိပြောတာရှင်းနေပြီပဲ ဘယ်သူ့အတွက်၊ ဘယ်သူ့ကြောင့်ဆိုတာ ခင်ဗျားအမသာ အသိဆုံးဖြစ်လိမ့်မယ် "

"ဟုတ်တယ် ရာညွန့်ပြောတာမှန်တယ် ခင်ဗျားတို့မြို့က အရှုပ်အရှင်းတွေကို ကျုပ်တို့တောကို သယ်မလာနဲ့ "

ဇော်ဝင်းက စိတ်ဆိုးမာန်ဆိုးဖြင့် မကျေမလည်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲလင်းက မပွင့်တပွင့် လှောင်ပြုံးထေ့ပြုံးဖြင့် တုံ့ပြန်သည်။

“ မင်းတို့တောက အရုပ်ထုပ်တွေသာ မြို့ကိုပါလာတာကွ နား လည်လား မင်းတို့လူမရှုပ်ရင် ဘာမှလှုပ်စရာအကြောင်း မရှိဘူး ”

တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အပြစ်ဖို့ ငြင်းခုံမိကြပြန် သည်။ တောတောင်ကပဲ ချုံနွယ်တွေ ရှုပ်ခဲ့လေသလား။ မြို့ပြကပဲ နားမျက်စိရှုပ်လေသလား။ တစ်စုံတစ်ရာကတော့ သူတို့ကြားမှာ အရှုပ် အယှက်အဖြစ် ဝင်ရောက်နှောင့်ယှက်ခဲ့လေပြီ။

ရာနှုန်းပြည့် ပျော်စရာတွေ ထုံမွှမ်းခဲ့ဖူးသော ခရီးတစ်ခုမှာ အနှောင်အဖွဲ့ အငြိုးအာဃာတနှင့် အမုန်းတရားတွေ ကပ်ငြိလို့ ပါလာ ခဲ့လေပြီ။ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ကို ရှင်းမရအောင် ရှုပ်ထွေးလေပြီ။ ရှင်းလေရှုပ်လေဖြစ်ရသော အတိုအလျှိုများသည့် ကုမ္ပဏီလချုပ် ရှင်း တမ်းနှယ်။



ကပ္ပလီ တားမြစ်ထားတာကြောင့်သာ ကိုယ်ထိလက်ရောက် မဖြစ်ကြတာရယ် စကားအရာနဲ့ကတော့ ရာညွှန့်ဘက်က လုံးအလျှော့





မပေး။

“သူပဲ. . မင်းရဲ့. . ဆရာပဲ. . ဟုတ်တယ်. . ”

“မဟုတ်ဘူးကွ. . ၊ ငါ့ အာစိပေါ် ခေါင်းပုံမချနဲ့ အမုန်တရားက ပေါ်လာလိမ့်မယ်. . . ”

ရဲလင်းက လက်ညှိုးတဆတ်ဆတ်ထောင်ကာ တပ်အပ်စွပ်စွဲမှု မပျက်ပေ။

“ငါ့အစ်မနဲ့ ပတ်သက်ခဲ့တာ ကိုကြီးမောင်ပဲ”

“ကိုကြီးမောင် မဟုတ်ဘူး၊ သူ့မှာ အပြစ်မရှိဘူး”

တပ်အပ်သေချာသော စွပ်စွဲမှုကို ခင်လတ်ကိုယ်တိုင် ရောက် လာပြီး ငြင်းဆိုလိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



# မိုးခြိမ်းသံလွှမ်းည အေးချမ်းပြီ

အလျှော့မပေးဘဲ တင်းမာနေဆဲအသွင်ဖြင့် ရပ်ကာ အငြင်းပွားနေသော သူတို့အနားသို့ ခင်လတ် တစ်လှမ်းချင်း လျှောက်လာသည်။ ကပ္ပလီက အားတက်သွားဟန်ဖြင့် တစ်ချက် ဟန်ပါပါ ပြုံးလိုက်မိသည်။ ရာညွှန့်တို့သုံးယောက်ကတော့ မယုံသင်္ကာ မျက်လုံးများဖြင့် အလွတ်မပေးဘဲ ကွက်ကြည့်နေကြသည်။

"အဲ့ဒီညက. . . ကိုကြီးမောင် မမကို လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး"

"ဟင်. . ."

ရဲလင်း အထိတ်တလန့်ဖြင့် ရေရွတ်မိတော့သည်။ ဇော်ရှိန်းနဲ့ မော်ဖြိုးတို့၏မျက်နှာထားများ ပိုမိုတင်းမာခက်ထန်သွားသည်။ ရာညွှန့်





က ရဲလင်းကို မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဘယ်လိုလဲ" ဟု နှုတ်မှဖွင့်မမေးသော်လည်း ထိုအဓိပ္ပါယ် သက်ရောက် လေသည်။

"ဒါ. . ဒါဆို . . ဘယ်သူလဲ. . ဘယ်သူ့ကြောင့်လဲ. . ."

ရဲလင်း မျက်လုံးမျက်ဆန်ပြူး အထစ်ထစ် အငေါ့ငေါ့၊ ခင်လတ်ရဲ့မျက်နှာကို တည့်တည့်ကြည့် အော်ငေါက်မေးလိုက်၏။ ခင်လတ်ကပ္ပလီ မျက်နှာမှာ ဒေါသရာတစ်ချို့ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားရလေသည်။ မျက်လုံးစုံမှိတ်ကာ ပင့်သက်ချလေ၏။

"နင်လွန်နေပြီ ရဲလင်း၊ မိန်းမတစ်ယောက် အရှက်ကွဲခြင်းကြောင့် အကျယ်အကျယ် မဖြစ်ရအောင် ငါမပြောခဲ့တာပဲ"

ကပ္ပလီက မျက်နှာရိပ် မျက်နှာကဲဖြင့် ခေါင်းဆတ်ပြလိုက်တော့သည်။ ရာညွှန့်နှင့် ဇရှိန်း၊ ဖြိုးတို့ညီနောင် အလိုက်တသိ ရှောင်ထွက်ပေးသွားကြသည်။ မျက်ရည်တွေတွေ စီးကျရင်းမှ ခင်လတ် အသိနဲ့ သတိစိတ် ကင်းကွာသူလို တွေဝေးသည်။ ရဲလင်းကြားသာအောင် အံကြိတ်ပြီး အားတင်းကာ ဖွင့်ပြောလေတော့သည်။

"အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ကုန်ပြီ မဖြစ်သင့်တာဆက်မဖြစ်ရအောင် ပြောရမှာပဲ. . . တကယ်တော့ မမရဲ့ ကိုယ်ဝန်ဟာ ကိုကျော်မိုးဝေဆိုတဲ့လူနဲ့ ရခဲ့တာပဲ. . ."

"ဟင်. . . ."

ကပ္ပလီ ပါးစပ်အဟောင်းသား ဖြစ်ကာ တုန်လှုပ်တကြီး ရေရွတ်မိသည်။ ရဲလင်း စိတ်ပျက်လက်ပျက် ခေါင်းမဖော်ဝံ့တော့ပြီ။ တစ်ရက်က နှစ်ရက်၊ တစ်ခါပြီးတစ်ခါ အထပ်ထပ် အကြိမ်ကြိမ် မှားလေပြီ။ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ ပေါက်မိသလို ဖြစ်နေပြီ။ ရင့်နှုတ်ပိတ် ခေါင်းငိုက်စိုက်ချကာ စိတ်ရှုပ်နာကျင်သွားသည်။

"ဟာ. . သွား. . ပြီ၊ မမရယ်. . စောစောက ပြောရောပေါ့ဗျာ



www.burmeseclassic.com

www.burmeseclassic.com



အခုတော့. . . အဟီး. . ."

ရဲလင်း ချုံးပွဲချ ငိုမိတော့သည်။ ကူကယ်ရာမဲ့ အရှက်တကွဲ အကျိုးနည်းသွားရလေပြီ။

"မင်း. . အခု ကျေးဇူးရှင်ကို. . . စော်ကားမိသွားပြီ. ."

ရဲလင်းက ခေါင်းလှည့်စောင်းပြီး ကပ္ပလီကိုကြည့်သည်။ ကပ္ပလီက မျက်ရည်အဝိုင်းသားဖြင့် တည်ကြည် စာနာစွာ မျက်နှာလွှဲထားနှင့်ပြီးသား။ သဘောထားကြီးမားစွာ ခွင့်လွှတ်နားလည်ပေးသည့် သဘောဖြင့် ပြည့်ဝတည်ကြည် အေးချမ်းသည့် အသွင်အပြင်ပင်။

"ကျွန်မမောင်ကိုယ်စား တောင်းပန်ပါတယ်ကိုကြီးမောင်၊ မှားခဲ့ စော်ကားမိတာတွေအတွက် ကျွန်မ တောင်းပန်ပါတယ်၊ တကယ်တော့ ဒါတွေအားလုံး. . . ကျွန်မအပြစ်တွေချည်းပါပဲ"

ခင်လတ်က ငူငူကြီးရပ်ကာ မှိုင်တွေ မျက်နှာမကောင်းတော့သော ကပ္ပလီရှေ့ ဒူးတုပ်ထိုင်ကာ လက်အုပ်ချီလေသည်။ ရဲလင်းလည်း သူမနည်းတူ ငိုယိုပြီး ဦးကုန်းချကာ တောင်းပန်တော့လေ၏။

"ကိုကြီးမောင်. . . ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ. . အဟီး"

ကပ္ပလီက အသာအယာ ရှေ့တိုးလာပြီး ရဲလင်းကို ထူမကာ မတ်တတ်ရပ်စေလေသည်။ တည်ငြိမ်အေးဆေးသော လေသံအေးဖြင့် ချော့မော့လေတော့သည်။

"မသိလို့ မှားတဲ့အမှားပါကွာ၊ အမှန်ကို သိရင် ပြီးတာပဲ၊ ဒီလို အမှားမျိုးက ဖြူသောအမှားပါ၊ မင်းအစ်မအတွက် ချစ်တဲ့စိတ်ကြောင့် ဖြစ်ပေါ်လာတာပဲ. . . ကျုပ်နားလည်ပေးနိုင်ပါတယ်ကွာ"

"ကျွန်မရဲ့ဒုက္ခသုက္ခတွေက ကိုကြီးမောင်အပေါ် စုပုံကျသွားခဲ့တယ်နော်၊ မဆိုင်ဂလိုင်နဲ့ ခေါက်သလို ဖြစ်ခဲ့ရတာ ကျွန်မ စိတ်မကောင်းပါဘူး"

ခင်လတ် စိတ်မကောင်းခြင်းကြီးစွာဖြင့် ရှိုက်ကြီးတငင် ငိုယို





ကာ တောင်းပန်သည်။

"ကဲပါ မခင်လတ်ရယ်၊ ပြီးခဲ့တာတွေ ပြီးခဲ့တဲ့အတိုင်း ထားလိုက်ပါ၊ ကျုပ် အားလုံးကို ခွင့်လွှတ်ပါတယ်၊ ထပါဦး. . နားကြပါဦး အမောဖြေပြီး စကားအေးအေး ပြောကြဦးစို့. . ."

ကပ္ပလီဦးဆောင်ရာနောက်သို့ လိုက်သွားပြီး အိမ်ရှေ့ကပြင်မှာ ဝင်ထိုင်ဖြစ်ကြသည်။ ရဲလင်း ကပ္ပလီကို အားနာ စိတ်မကောင်းဖြစ်ကာ တစ်ဖွဖွ တောင်းပန်ရင်း အထပ်ထပ် ရိုကျိုးမိတော့သည်။

ကပ္ပလီကတော့ သူတို့အပေါ် စိတ်တစ်ချက်မှ မကွက်ဘဲ ကြည်သာစွာ ပြောဆိုပြီး ဂရုတစိုက် ဆက်ဆံလေ၏။ ကပ္ပလီ သူတို့အပေါ် ထားရှိသည့် စိတ်သဘောထားနှင့် မေတ္တာတရားက ကြီးမားပါသည်။ စိတ်ကောင်းရှိသော မိတ်ရင်းဆွေချာ ဖော်ရွေခင်မင်လေးစားမှုက သူ့လို လူရမ်းကား စော်ကားသူနှင့်ပင် မထိုက်တန်တော့လောက်အောင် နေရထိုင်ရ အခက်တွေ့စေလေသည်။

"ပြီးခဲ့တာကို မေ့လိုက်ကြတော့၊ ဝဋ်ကြွေးရှိလို့ ဖြစ်ချိန်တန်လို့ ဖြစ်သင့်လို့ကို ဖြစ်ခဲ့တာပါ၊ ခင်ဗျားတို့ တနုံ့နုံ့တွေးပြီး စိတ်မကောင်း မဖြစ်နဲ့၊ စိတ်ထောင်းရင် ကိုယ်ကျေတယ်လို့ ဆရာတော်ဘုရား ဟောဖူးတယ်ဗျ"

ဒါကိုပင် ရာညွှန်းက တောက်တစ်ခေါက်ခေါက် ဒေါသတစ်ပွပွ ဖြစ်နေ၏။ ဖြစ်လာရင် ကိုယ့်ဘက်က ခံရတာချည်းပဲ ဖြစ်လို့နေသည်။ ဘယ်ဘက်ကကြည့်ကြည့် ကိုယ့်လူက အနာခံရတာချည်းပဲ ဖြစ်လို့နေတော့ ကျိတ်မနိုင်ခဲမရ ဖြစ်လေတော့သည်။

"ခေါင်းအေးအေးထားပြီး စဉ်းစားဆုံးဖြတ်ပြီး ရှေ့ဆက်ကြဗျာ"

မီးကို ရေနဲ့ ဖြန်းပက်လိုက်သလို တဖြည်းဖြည်း တစ်စစ၊ တငွေ့ငွေ့ တလူလူမှသည် ငြိမ်းအေးသွားလေတော့သည်။ ခက်ထန်တင်းမာမှု



www.burmeseclassic.com

www.burmeseclassic.com



တွေလဲ ပြေလျော့ပျက်ပြယ်သွားရလေပြီဖြစ်၏။

နားလည်မှုအပြုံးတွေဖြင့် နှစ်သိမ့်စာနာ မျှဝေမိကြသည်။ မိုးကုပ်စက်ဝိုင်းရဲ့တစ်နေရာက ပူလောင်ပြင်းပြမှုလေး ခေတ္တခဏ အေးချမ်းငြိမ်းမြ သွားရလေပြီ။

မေတ္တာတရား ကြီးမားမှုကသာ စိတ်ဓာတ်အသာစီးရဖို့ အထောက်အကူ ပြုလေ၏။ စိတ်အေးသက်သာစွာ အမောဖြေရင်း ငြိမ်သက်နေလိုက်ကြသည်။ စိတ်မောလူမောဖြင့် ရဲလင်းက ရေတစ်ခွက်ကို အဆက်မပြတ် တစ်ကျိုက်ပြီးတစ်ကျိုက် မော့သောက်ပစ်လိုက်သည်။ အဖတ်ဆည်မရတဲ့ အမှားတွေသာ သူ့ရင်မှာ ပွေ့ပိုက်မိသွားသည်။

ကပ္ပလီက စိတ်ရှုပ်ထွေးနောက်ကျိုဟန်ဖြင့် ညှိုးလျော်နေသော ခင်လတ်မျက်နှာလေးကို သနားကြင်နာစွာ ကြည့်သည်။ ချစ်ခင်တွယ်တာစိတ် ကိန်းအောင်းနေရာမှ သနားဂရုဏာစွက်ပြီး ပိုမို ကြင်နာစိတ်ဖြစ်ပေါ်လာမိသည်။ စိတ်နဲ့ မဟုတ်မဟပ် ကြံစည်မိရုံနဲ့တင် ယခုလို အထင်အမြင်တသေး စွပ်စွဲခံလိုက်ရသည်။ ဒါဟာ ချစ်လို့ ဖြစ်ရတဲ့ ပေးဆပ်မှုပဲလား။ စိတ်ထဲမှ "တကယ်သူသာ ပတ်သက်မိလိုက်ပါတော့" ဟု မကြံအပ် မစည်ရာ တွေးတောမိလေသည်။ ဟုတ်မှန်လို့ ခံရတာကမှ ပိုမိုသဘာဝ ကျပေတော့မပေါ့။ အမှန်တကယ် ပတ်သက်ချင်စရာ ကောင်းလောက်သော လှပမက်မောဖွယ် အလှရတနာတစ်ပါးမို့ လောကီ လူသားတိုင်း ကြုံဆုံရရင် သူ့လို မိုက်ရူးရဲစွာ၊ ငြင်းဆန်ရခက်စွာ စိတ်ရိုင်းတင်ပြီး တွေးတောမိမှာ သေချာပါသည်။

၅ ၅ ၅ ၅





မိုးပျံဆိုင်မှာ ကျေစေအေးစေ ပြေလည်စေဖို့ တောင်းပန်စကားဆိုရင်း ကျေအေးအရက်တိုက်ဖို့ ချီတက်လာခဲ့ကြသည်။ လမ်းမှာ ဘယ်လိုမှ ထင်မှတ်မထားသော ဇိုးသမား ပေယောင်ယောင် မြင့်မောင်ကျော်ကို တွေ့လိုက်ရသည်။

"ခွေးဂျပိုးကောင်"

"ဟာ. . မြင့်မောင်. . . ကြောင်ကြီးပါလား"

သူတို့ကို မြင်လိုက်မှ မြင့်မောင်ကျော် တစ္ဆေသရဲ တွေ့ရသလို မျက်နှာပျက်သွားကာ သွားဖြီးကြီးနဲ့ ရှက်ရယ်ရယ်ရင်း မျက်နှာချို ပြန်သွေးလေသည်။ ကြည့်လိုက်တော့လား သေနာကျက အကြံကြီးနေမှကိုး။ ရွှေစွန်ညို အလိုရှိရာ မထွေးအနား ဝဲနေတာ၊ ရာညွှန့်နှမ တစ်သိုက် ပေါင်းနုတ်ရာ လယ်ကွက်ဘေး ငုတ်တုတ်လေး ထိုင်ငေးလို့။ ဆောင့်ကြောင့်ထိုင် မြက်ပင်ကြမ်းတွေ အမိပ္ပါယ်မဲ့ နုတ်ရင်း ရစ်သီရစ်ဝဲ ပေါက်ပန်းလေးဆယ်ပြောကာ ပြိတ်တိ ရုပ်ကြမ်းကြီးနဲ့ ပြုံးနွဲ့လို့ပင်။ ဖားပြုပ်ကြီး ပြုံးဖြဲနေတာကမှ ကြည့်လို့ကောင်းဦးမည်။ သူ့ပုံစံကြည့်ရတာ ထမင်းခုနစ်ရက် စားချင်စိတ်ပျက်လောက်အောင် အငြိုးဆိုး



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"မပြောမဆိုနဲ့ မင်းက တစ်ယောက်တည်း ကြိတ်ပုန်းခုတ်ပြီး ဒီကိုတောင် ရောက်နေမှကိုး"

ရဲလင်းက အဓိပ္ပါယ်ပါပါ ပြောလိုက်ပြီး ပြုံးလိုက်တော့ မြင့်မောင်ကျော် ရှက်ဖြဖြနဲ့ လေပြည်ထိုးတော့သည်။

"အဟီး ဟုတ်တယ်ကွ. . . ငါဒီရွာလေးကို သတိရလို့ ပြန်လာကြည့်တာ. . ."

ရုပ်ကိုက မာလကာသီးလိုလို ဂွေးသီးလိုလိုနဲ့ မချိုမချဉ်ရုပ်ပုံပေါက်နေတာလေ။ ရာညွန့်က သူတို့ဟန်ဖြင့် လှမ်းဟောက်ကာ မာန်မဲတော့သည်။

"ခင်ဗျားဗျာ၊ ရွာရောက်တာတောင် ကျုပ်တို့ မသိလိုက်ရပါလား. . . ကျုပ်တို့ဆီတော့ အရင်ဝင်သင့်တာပေါ့. . ."

"ဟုတ်. . အင်း. . . အဲ. . ဝင်မလို့ပဲ. . ခြေထောက်က. . စိတ်က. . ဟာ. . . ဟုတ်ပါဘူး"

အူလည်လည်ဖြင့် ဖြေရခက်နေပုံကိုကြည့်ကာ အပျိုဖြန်း တစ်သိုက် ပြုံးစေ့စေ့ ဖြစ်ကုန်သည်။ ငဖြိုး ငရွှီး ညီနောင်က အားပါးတရခွက်ထိုးခွက်လှန် လှောင်ရယ် လက်ညှိုးထိုးပြီး နောက်ပြောင်ကြသည်။

"ယီးတီးယားတား မလုပ်နဲ့ ကိုယ့်လူ၊ ကြိုက်ရင် တစ်ခါတည်းသာ ခေါ်သွား၊ ကျုပ်တို့ ကာလသားခေါင်းဆီမှာ ခွင့်တောင်းပေးပါ့မယ်ဗျာ"

မြင့်မောင်ကျော် ခေါင်းပင် မဖော်ဝံ့တော့ဘဲ အရှက်သည်းနေလေတော့သည်။ တောသူတောင်သားတို့၏ကြ္တန္ဒြေရရ ပွင့်လင်းသောသဘောရိုးကို ရှင်းရှင်းရိုးရိုးမြင်ရသည်။ လိမ်ညာဟန်ဆောင်လှည့်ဖြားခြင်း အလျဉ်းမရှိပေ။

"ကိုင်းဗျာ မထူးပါဘူး. . ကျုပ်တို့နဲ့ ရှေ့ရေးနောင်ရေး ဆွေး





နွေးရင်းပေါ့. . . လိုက်ခဲ့တော့ မိုးပျံဆိုင်ကို. . ."

ရာညွန့်ရဲ့ ဖိတ်မန္တက စကားကိုပင် မကြားယောင်ပြုကာ အင်တင်တင်ဖြင့် ရဲလင်းကို အမေးစကားဖြင့် အာရုံလွှဲလေသည်။

"မင်းကရော. . ဘယ်လိုဖြစ်ပြီး ရောက်နေတာလဲ ငရဲလင်း ငါ့ကိုတောင် အသိမပေးဘူး. . ."

"အသိမပေးဆို မင်းကရော ငါ့ကို တိုင်ပင်လို့လား. . မင်းကျတော့ လျှိုထားပြီးတော့. . . ငါဘာဖြစ်လို့ဆိုတာ မပြောဘူးကွာ မင်းအပူပါလား. . ."

ရဲလင်းကညစ်ကျယ်ကျယ်ဖြင့် ဘုတောလိုက်တော့ မြင့်မောင်ကျော် နေရထိုင်ရခက်ကာ အီလည်လည်ဖြစ်သွားသည်။ ဇော်ရွှီးက သူ့လက် တစ်ဖက်ကိုဆွဲကာ အတင်းခေါ်၏။

"လာလေ အချိန်ကြပြီ. . . ခင်ဗျားတို့ မြို့စကားနဲ့ ဒါသွားကစ်ရအောင်. . ."

ဇော်ရွှီး လက်မထောင် ပါးစပ်ဝတော့ပြီး မော့ပြသည်။ မြင့်မောင်ကျော် ရှုံ့တွသော မျက်နှာမဲ့ကြီးဖြင့် ယောင်ပေပေဖြစ်သွားသည်။ အင်းမလုပ် အဲမလုပ်ဖြင့် ရာညွန့်အမ ခင်သင်းမူကို မယောင်မလည်ကြည့်တော့ ဟိုက မျက်ထောင့်နီနဲ့ ပြန်ကြည့်တာ ခံလိုက်ရသည်။

"သွားကြတော့ဗျာ. . ကျွန်တော် မလိုက်သေးဘူး. . အဟီး"

အရူးပါးစပ်က နတ်စကား ထွက်လာသလို ကိုယ့်နားကိုယ်ပင် မယုံချင်တော့ပေ။ ပါးစပ်အဟောင်းသားနဲ့ ငေးလို့ အံ့သြတကြီး ဖြစ်ကြရသေးသည်။

"ဘုရားရေ. . . ကြားသားမိုးကြိုး. . ."

"ဟိုက်ရှားပါး. . . ဒီနေ့ဘာနေ့လဲ. . ငဖြိုး. . ."

"ကမ္ဘာ့လဆန်း တစ်ရက်နေ့ဆိုလဲ ဟုတ်တယ်. . . ခရစ်ယာန်တွေရဲ့ ဥပုသ်နေ့လဲဖြစ်တယ်. . . အကိုကြီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အသေအချာ မှတ်ထားကွာ. . . ထီထိုးရင် ပေါက်လောက်တယ်ဟေ့ ငါ့နားကိုတောင် ငါမယုံတော့ဘူး. . ."

"လုပ်မနေပါနဲ့ ငကြောင်ရာ. . . ဆင်မိုက်ကြီးက ဒူးတုပ်လို့ပါလား အံ့သြစရာပဲ. . ."

တစ်ယောက်တစ်ပေါက် ပွက်လောညံအောင်ပင် ဝိုင်းဝန်းနောက်ပြောင်ကလိကြသည်။ ရိသဲ့သဲ့ ချော့မော့ပြီး ပြောကြတော့ မြင့်မောင်ကျော် ခေါင်းတဖြင်းဖြင်းကုတ်ကာ အကျပ်ရိုက် အခက်တွေ့လို့ နေတော့သည်။

"လာပါဗျာ ကျုပ်နှမတွေက ကျုပ်ပြောရင်ဖြစ်ပါတယ်. . . ဘာမှမစိုးရိမ်နဲ့. . ဟေ့. . ငါတိုင်ပင်စရာရှိလို့ဟေ့ ခွင့်ပြုလိုက်ကြဦး"

မြင့်မောင်ကျော်ကို အတင်းအနိုင်ကျင့်ပြီး ဆွဲခေါ်လာတော့မှ ယက်ကန်ယက်ကန် ပါလာလေသည်။ အတော်ကလေး လှမ်းလောက်မှ မသက်မသာ ညည်းတွားလေ၏။

"သွားပါပြီဗျာ ခွင်(ဂွင်)ပျက်ပါပြီ. . . ကျွန်တော်က အရက်ဆို အနံ့တောင်မခံတော့ဘူး ပြောထားတာဗျ. . ."





# ဖူးငုံပွင့်လန်း မုဆဲပန်းသီ လန်းဆန်းကြည်

**ပန်း**အရိုင်းလေးတွေ ဖေးယူရလောက်အောင်ပင် သူမက လှနေပါသည်။ မျက်နှာက ပကတိရှင်းသန့်ပြီး ညို့မျက်ဝန်းတွေ တောက်လဲ့လို့ နေသည်။ အားမာန်အပြည့်ပါသော အပြုံးကို ဝင့်ဆောင်ပြီး ရဲရင့်တည်ကြည်နေပါသည်။ ခန့်ညားသပ်ရပ်သော သူမ အသွင်ကို မြင်ရုံနဲ့ ရင်ခုန်ရလွန်းလို့ ကမောက်ကမဖြစ်ကြရမှာ သေချာသည်။ သူမသာလျှင် ကပ္ပလိဘဝအတွက် အိပ်မက်နန်းတော်ရဲ့ ထိပ်ခေါင်တင် ဖြစ်လို့နေပါသည်။ မြင်သူရှုသူပတ်တပ်မက်လောက်စရာ အလှ သွေးကြွယ် မာယာပရိယာယ်တွေ ပြည့်လွှမ်းလို့နေသည်။ ခင်လတ်ရဲ့ အလှဟာ အဆိပ်အတောက်ရှိသော အပေါယံအလှမျိုးတော့ မဟုတ်ပေ။ ဘယ်အချိန်ကြည့်ကြည့် ရှုမြင်ရတာ ငြိမ်းချမ်းအေးမြပြီး ရေအိမ်



www.burmeseclassic.com

www.burmeseclassic.com



ခံသော အလှအပ၊ ကိုယ်နေဟန်ထားမျိုးပင်ဖြစ်သည်။

အသားအရေက ဝင်းဝါစိုပြည်ပြီး ပိုမိုပြည့်ဖြိုး တုတ်ခိုင်လို့နေသည်။ တစ်တစ်ရစ်ရစ် တင်းတင်းရင်းရင်း ရှိလှသည်။ ဒီလိုလှပနက်နဲမှု ရှိပေလို့လဲ သူမအလှက သူမဘဝကို ဒုက္ခစက်ကွင်းဆီ ဆွဲခေါ်တာပေလား။ ဦးချိုလှတဲ့ သမင်ပျိုမလို အလှအပ အဆင်အယင်ကပဲ ချုံနွယ်နဲ့ငြိပြီး ပြန်ဒုက္ခပေးတော့တာ ဖြစ်လေသည်။

"ကျွန်မ ပြန်တော့မယ် ကိုကြီးမောင်. . ဒါနဲ့ဆို. . ရှင့်ကို နှုတ်ဆက်ရတာ နှစ်ခါ ရှိသွားပြီ"

ငူငူကြီး ရပ်ငေးကာ ငေါင်နေသော တုံ့ပြန်အသိအမှတ်ပြုပြုံးဖော်ပင်မရသော ကပ္ပလီကို အသိသတိပေးကာ နှုတ်ဆက်သည်။ ကပ္ပလီ ရုတ်တရက် အိပ်ယာမှ လန့်ဖျပ်နိုးလာသူလို ခေါင်းခါပြီး သူမကို ကြောင်စီစီဖြင့် ကြည့်သည်။ နှစ်ကြိမ်မြောက် နှုတ်ဆက်ခွင့်ရခြင်းမှာ နှစ်ခါမြောက်တောင် နှုတ်ဆက်တာ ဖြစ်သွားပြီတဲ့လား။ ကပ္ပလီ အတော်စိတ်လေးလံသွားကာ တွေဝေမှိုင်ငေးနေမိခြင်းဖြစ်သည်။ အယောင်ယောင် အမှားမှားဖြင့် ခွန်းတုံ့ပြန်ပြောသည်။

"အော်. . . ဟုတ်ကဲ့. . . ကျွန်တော်လာခဲ့ပါဦးမယ်. . ."

စိတ်နဲ့ကိုယ် မကပ်တော့ပေ။ ကယောင်ကတမ်းဖြင့် အလွဲလွဲအချော်ချော် စေ့စပ်မရသော စကားအဖြစ် ကွာဟရသဖြင့် သူမ နှုတ်ခမ်းတွန့်ကွေးပြုံးလေသည်။ ရဲလင်းနှင့် မြင့်မောင်ကျော်က စက်ဘီးကြုံဖြင့် လိုက်သွားနှင့်ပြီ။ သူတို့နှစ်ယောက်ကို လေက်ဝါးက ရှေ့တစ်ယောက် နောက်တစ်ယောက် တင်နင်းသွားသည်။ သူမကို ကပ္ပလီလက်ထဲ စိတ်ချယုံကြည်စွာ ထားခဲ့သည်မှာ. . ခင်လတ်ကိုယ်တိုင် ပြောစရာရှိသည်ဟု အကြောင်းပြပြီး နေရစ်သောကြောင့်ပင်။ လူကြီးလူကောင်းချင်း အေးဆေးဆွေးနွေး၍ရအောင်ပင်။ ခင်လတ်ကို ကပ္ပလီကိုယ်တိုင် လိုက်ပို့ပါမည်ဟု ကတိထားတာမို့ စိတ်အေးသက်သာစွာ





သွားနှင့်ကြခြင်း ဖြစ်သည်။ လိုက်မပို့ဘဲ ခေါ်သွားလဲ သူတို့က သဝန်တိုကြတော့မည် မဟုတ်ပါ။

အခြေအနေက သောင်မတင် ရေမကျ လယ်ကွက်အစပ်နားမှ ပေါက်ပင်အောက်မှာ။ ပေါက်ပင်အောက်ရောက်မှတော့ နားပေါက်ဖို့ လိုတာကို ကပ္ပလီသိပါသည်။ နှစ်ယောက်သား အေးချမ်းဆိတ်ငြိမ်စွာ ရပ်တန့်နေမိကြသည်မှာ နာရီဝက်ခန့်ပင် ရှိလေပြီ။ သက်ပြင်းမောချ ယောင်လည်လည်ဖြင့် ဘေးဘီလျှောက်ကြည့်နေမိသည်။ အီလည်လည်ဖြင့် သရိုးသရီ ရင်ခုန်စိတ်ဖြစ်တာကို ဖုံးဖိမျိုသိပ်ရင်းနေမထိထိုင်မရ ဖြစ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် မကြည့်ရဲဘဲ မျက်နှာလွှဲကာ စကားလည်း မစမပြုရဲဘဲ နှုတ်ဆိတ်နေမိသည်။ ကပ္ပလီက ဒေါက်ထောက် ရပ်ထားသော ဖီးဆင့်ဘီးကလေး၏ ဘဲလ်ကို မဆီမဆိုင် လက်ဆော့ ရမယ်ရှာပြီး တီးလိုက်သည်။

"ကလင်. . . လင်. . . လင်. . . လင်. . ."

ဘဲလ်သံထွက်တော့ ငေးရီနေသော သူမ အလန့်တကြားလှည့်ကြည့်ပြီးမှ မျက်မှောင်ကုတ်သည်။ ငူတူတူ အတတ ကပ္ပလီကို စိတ်တိုစပြုလာသည်။

"ဟုတ်မှာပဲ" ဟု တစ်ထစ်ချ တွက်ဆ မှတ်ယူလိုက်မိသည်။ ညက ရာညွန့် သူမကို စကားလမ်းကြောင်းကာ အောင်သွယ်တော်လုပ်ခဲ့သည်။ ရာညွန့်ပြောပုံအရဆိုရင် ကပ္ပလီဟာ "သူမကို မြင်မြင်ချင်းချစ်ခင်စိတ်ဖြစ်ပြီး အုံ့ပုန်းကြိတ်ဆွေးနေရတာရော၊ ရုပ်ရည်ချင်းကွာခြား မလိုက်ဖက် မတင့်မောသဖြင့် အားငယ်ကာ မပြောဝံ့တာရယ်၊ သူ့ကြောင့် သူမ အငြိုအငြင် အပြောအဆိုခံ ကဲ့ရဲ့ဂုဏ်ငယ်ခဲ့ရမှာစိုး၍ ဖွင့်မပြောသာ"တဲ့ အကြောင်းတွေလည်း ပါသည်။ ရှန်းရှန်းဝေအောင်ပြောပြီး ညွှန်းဆို ချိတ်ဆက်ပေးသွားသည်။ ရာညွန့်ပြောသွားတာတစ်ခုရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုဆိုရင် မခင်လတ်ဟာ စောင့်ရှောက်ပေးရမယ့်လူ လိုအပ်နေပြီမို့ သူနဲ့ တန်းတူရည်တူ တန်ဖိုးညီမျှသည့် အခြေအနေ ဖြစ်တာကြောင့် ဖွင့်ပြောတော့မယ်လို့ အာစိက ပြောသဗျ"

သူမပင် ရှက်ရှက်နဲ့ "တော်ပါရှင်. . . ရှင်ကလည်း ရှင့်ဆရာဘက်က ရှေ့နေ လိုက်ပေးနေပြန်ပြီ၊ ဟိုက ဘာမှန်းညာမှန်းမသိ" ဟု ပြန်ပြောလွှတ်လိုက်ရသည်။ အခု ကပွလီကို လှမ်းကြည့်မိတော့ သူမ စိတ်ပျက်လက်ပျက် နှာခေါင်းရှုံ့ရပါသည်။ လိုက်ပို့မည်သူက အပို့ခံရမည့် မသာနှယ်။ ရာညွန့်အပြောအရ နှုတ်မှ ဖွင့်ဟတော့မည့်သူက ကျောက်ရုပ်လို ရေငုံနှုတ်ပိတ် ရပ်တန့်လို့နေသည်။ စိတ်မရှည်နိုင်တော့။ ကြာရှည်စွာ ရပ်နေတာဟာလည်း အချည်းအနှီး အကျိုးမထူးဘဲ ပိုမိုမွန်းကျပ်ကာ အနေရခက်လာစေသည်။ ဒါဟာ နောက်ဆုံးအခွင့်အရေးတစ်ခုပမာ အရေးပါလှသည်။

နေဝင်ချိန်ကို ထိုင်ငေးနေလို့လဲ နေရွှေ့တာ မသိသာနိုင်ပေ။ နေကတော့ သေချာပေါက် ဝင်ကိုဝင်လိမ့်မည်။ နေမဝင်ခင် မြင်သာထင်သာသော မျက်နှာကလေးကို ကြည့်လိုက်ချင်သေးသည်။ ပျားရည်စက်ကလေးကို ခုံမင်တပ်မက်ကြသည်က လူ့သဘာဝ။ ရာညွန့်ပြောပုံအရ သူတို့က အတွင်းစိတ် ပဋ္ဌက္ခတ် အခြေအနေအားဖြင့် ညီမျှခြင်းချလိုက်ဖက်နေကြလေပြီ။ ခင်လတ်က ရင်ခုန်သံ ကမောက်ကမကို ထိန်းချုပ်ရင်း ကောက်ကာငင်ခါ အားယူမေးလိုက်ပါသည်။

"ကိုရာညွန့် ပြောတာတွေ. . . အမှန်ပဲလား. . ."

ရုတ်တရက် ချိုသာကြည်အေးသော အသံဖြင့် အမေးခံလိုက်ရသဖြင့် အတွေးဖြင့် မဝံ့မရဲဖြစ်နေသောသူ ပိုမိုပြီး နားဝေတိမ်တောင်ဖြစ်သွားရပါသည်။ ဘာပါလိမ့်။ ရာညွန့် ဘာပြောပါလိမ့်၊ ဘာကို "အမှန်ပဲလား" ဟု ခင်လတ်က မေးနေရသနည်း။ ရာညွန့် ဘာတွေပြောသလဲ။ အပြေးအလွှားပင် မနေ့ညက ရာညွန့်ပြောသောစကားတွေ





ပြန်အစကောက်ကာ စဉ်းစားရသည်။

ရာညွန့်က သူ့အား ပြောပုံက "ခင်လတ်ကလည်း သူ့ကို ထပ်တူထပ်မျှ မေတ္တာသက်ဝင်နေတဲ့အကြောင်း၊ မဖြူစင်တော့သည့် သူ့ဘဝကို ပုံအပ်ရမှာ အားနာတာကတစ်ကြောင်း၊ မိန်းကလေးတစ်ယောက် ဖြစ်နေတာကြောင့် အားကိုးအားထားလိုကာမှ လင်ကောင်ရှာသလို ဖြစ်မည်စိုး၍တစ်ကြောင်း စသောအကြောင်းကြောင်းကြောင့် မပြောမဖြစ် မပြောရဲ၊ မပြောရက်ဘဲ မျိုသိပ်ထားရသည်" ဟူ၍ ဖြစ်လေသည်။ ဟန်ပါမာန်ပါစွာ ရှွန်းရှွန်းဝေအောင် ကြားစကား သယ်လာတာများ မာန်ပါလေသည်။ ရာညွန့်ကိုယ်တိုင်ပင် မိန်းကလေးတစ်ယောက်ဖြစ်နေသလား ထင်မှတ်မှားရလေ၏။

"အာစိကသာ ယောကျာ်းပီပီ ဖွင့်ပြောလိုက်ရင် ဟိုက ခေါင်းညိတ်ဖို့ အဆင့်သင့်ပဲဗျ၊ အာစိရင်ထဲမှာ ရှိနေတာကို သူ မသိသေးဘူး၊ ကျုပ်တို့ကြားလူတွေ ပြောတာထက် သူ့နားနဲ့ဆတ်ဆတ် ကြားမှ ယုံမှာ ပြောသာပြောလိုက်တော့. . .

အာစိကို မခင်လတ်က ကြိတ်ပြီး စိတ်ထဲမှာ စွဲလမ်းနေခဲ့ရတာတဲ့. . . ပြောလိုက်. . ပြောလိုက်. . ."

ဟုတ်ပြီ။ လက်ဖျောက်တစ်ချက်တီး။ မျက်လုံးပြူးကျယ်၊ နှုတ်ခမ်းထူထူ၊ ပြုံးဖြဲရင်း အားပါးတရ ဝန်ခံလိုက်သည်မှာ လျှာခလုတ်တိုက်မတတ်။

"ဟုတ်တယ်. . ကျုပ် ရိုးသားစွာ ဝန်ခံပါတယ်၊ ကျုပ် မခင်လတ်ကို ချစ်ပါတယ်"

"ဟောတော်. . . ကျွန်မက. . အဲ့ဒါ မေးတာမဟုတ်ဘူး"

"ဗျာ. . . ဘယ်လို. . ဘယ်လို"

အူလည်လည်ဖြစ်ကာ ခေါင်းကုတ် ရှက်ဖြီးနေသော သူ့ကိုကြည့်ကာ ခင်လတ်ရယ်ချင်မိသွားသည်။ ဖိုးကျိုင်းတုတ်က ကျွန်းမြေပင်



www.burmeseclassic.com

www.burmeseclassic.com



မဆည်ဘဲ ဖွတ်တရွတ် ခေါင်းညိတ်၏။

"ကျွန်မ မေးတာက. . ရှင့်. . ရှင့် ပေါင်ခြံမှာ ကိုရာညွန့်ပြောတဲ့ ပွေးကွက်ကြီး ရှိတယ်ဆိုတာ. . ဟုတ်သလားလို့. . အဲ့ဒါ မေးတာ"

"ဟာ. . ဗျာ. ."

ကပ္ပလီ သူနဖူး သူရိုက်ကာ ရေရွတ်သည်။ မျက်လုံးစုံမှိတ် အရှက်သည်းကာ မျက်နှာကြီး မည်းပုပ်သွားလေသည်။

"အေးလေ. . ရှင်က ဟုတ်ပါတယ်ဆိုတော့ တကယ်ပဲ ရှင့် ပေါင်မှာ . . ပွေးကွက်ရှိနေတာပေါ့နော်"

"ခွေးကောင် ငရာညွန့်၊ ကူကယ်သလိုအယောင်ပြပြီး သိက္ခာချသွားတာ. . . ခွီး"

စိတ်တိုဒေါပွ နှာခီးကာ ကပ္ပလီ မကျေမချမ်း ရေရွတ်တော့သည်။ ဒီအရေးတွေမြင်လို့ ရာညွန့်မိုလင်းကတည်းက ကြက်ပျောက်ငှက်ပျောက် လစ်ထွက်သွားတာနေမှာ။ အောင်သွယ်စကားပြောတာ အပြည့်အဝ အမွှမ်းတင်ရုံ မကဘူး။ ငယ်ကျိုးငယ်နာ လှို့ဝှက်ချက်ပါ ဖော်သွားသေးသည်။ ရှက်အမ်းထူပူစွာပင် ရှေ့မျက်နှာ နောက်ထားပြီး မထူးဇာတ်ခင်းလိုက်ရသည်။

"ကဲပါဗျာ. . . ထားပါတော့ ပြောပြီးမှတော့၊ ပေါင်မှာ ပွေးရှိသလို လူမှာအကြွေးရှိတယ်၊ ရှိတော့. . ဒီမောင်မှာလဲ အသွေးအသားရှိတဲ့အတွက် အဆွေးကင်းဖို့ ပေးကြည့်ပါလား အချစ်မေတ္တာတွေလေ"

မျက်နှာပြောင်တိုက်ပြီး ချစ်ခင်မြတ်နိုးစိတ်ရှိတဲ့အကြောင်း ရောနှောပေါင်းထည့်ပေးလိုက်ပါသည်။ သူမကျေနပ်စွာ သဲ့သဲ့ပြုံးသည်။

"ဘွင်းဘွင်း ပြောရရင်. . ရှက်ရှက်နဲ့ပဲ ပြောရမှာ. . အဲ့ဒီ ပွေးကွက်တွေဟာ မိန်းမခမည်းလိုနေလို့ ပေါက်တာဗျ. . . အိမ်ထောင်ပြုလိုက်ရင် ပျောက်သွားမှာ. . ."

"ဖြစ်ရလေ ကိုကြီးမောင်ရယ်. . . ကြံကြံဖန်ဖန်. . ."





သူမပါးစပ်ကိုပင် လက်နဲ့ အုပ်ကာ သဘောတကျ ပြုံးရယ်မိသည်။ ကပ္ပလီက ယခုမှ အရှိန်ရကာ ရွှန်းရွှန်းဝေ ဆက်ပြောသည်။

"ခင်ဗျား စိတ်စွဲတာကို ကျုပ်ခံနိုင်ပါတယ်ဗျ"

"ဟုတ်လား. . . တကယ်လား. . ."

ခင်လတ်က လက်သည်းထိပ်ချင်း ထိကပ်တောက်ဆရင်း လက်တယားယားဖြစ်လာသည်။ ဆိတ်ဆွဲတာကို ခံနိုင်ရှည်ရှိတဲ့လူကို လက်တွေ့အကဲစမ်းကြည့်ရမည်။ ဆွဲဆိတ်တတ်တဲ့အကျင့်က သူမရဲ့ မွေးရာပါ ဝါသနာပင်။

"မခင်လတ်စိတ်က ဘယ်လောက်ပဲ စွဲလမ်းပါစေ၊ စိတ်ထဲက စွဲတာ ကျုပ်ကို မထိခိုက်ပါဘူး၊ ကျုပ်က စိတ်စွဲခံနိုင်ပါတယ်"

"အံမယ်. . . ရာရာစစ. . . ကြီးကျယ်လို့."

လက်စသတ်တော့ ရာညွန့်ဆိုတဲ့ကောင် ဟိုဘက် ဒီဘက် နှစ်ဘက်ခွဲပြီး နှစ်မျိုးအဓိပ္ပါယ်သက်ရောက်အောင် ဝင်မွှေထားတာပဲ။ ခင်လတ် စိတ်ကပဲ စွဲလမ်းရသေးသတဲ့။ ပြောပုံကိုက အသည်းယားကျိလိကလိ ဖြစ်ဖွယ်ရာပင်။ သူတို့ နှစ်ယောက်ကို မလိမ့်တပတ်နဲ့ ရာညွန့်က တည်ကြက်လုပ်ပေးထားခဲ့တာပေါ့။

"ကို. . ကိုကြီးမောင်. . . ရှင် တကယ်ပဲ ကိုရာညွန့်ပြောသလို ဟုတ်သလား"

"ဟုတ်ပါတယ်ဆိုမှဗျာ. . ခင်ဗျားရော စိတ်စွဲတတ်သလား"

"အင်း. . . စွဲတတ်တယ်"

ပုဇွန်ဆိတ် မျက်ဝန်းတွေ မောင်ရင်လာတဲ့အခါ တံခါးပိတ်ဂျိတ်သံမြည်သွားလေသည်။

"ပြောပြီးနေမှ မထူးပါဘူး မခင်လတ်ရယ်၊ ကျုပ်တို့ လက်ထပ်ကြပါစို့"

"ဟောတော်. . ရှင့်ကို ဘယ်သူက လက်ထပ်မှာလဲ. . ချစ်မှ



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘဲနဲ့”

“စိတ်ဆွဲလမ်းနေမှတော့ ချစ်နေလို့ပဲ ဖြစ်မှာပေါ့ဗျာ၊ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့တော့”

တစ်ဖက်သားကို ဆိတ်ဆွဲတတ်သော ဝသီတစ်ခုက သူမကို လှုပ်မရ ငြင်းမရအောင် ဒုက္ခပေးတော့၏။





# လိပ်ဥကို လက်ထဲမှာ မှုက်(မှတ်) ကစားသည်

**လက်**ထပ်ပြီး (၃)လကြာသောအခါ ကပ္ပလီက ကွမ်းယာကလေး ပါးစောင်မှာငုံပြီး အိမ်ပြန်လာတတ်လေ၏။ ခြေလှမ်းမှန်မှန် ခေါင်းငိုက်စိုက်ချ၍ မိုးချုပ်မှ အမှောင်အားကိုးဖြင့် ညလူမဲမှောင် အိမ်ပြန်လာသည်။

“တော့် . . ကကြီးမောင် . . မိုးပျံတဲက ရေမွှေးလေးမှ အာဆွတ်လာရဲ့လား၊ စိုးရိမ်လို့ မဆွတ်လာမှာစိုးလို့ မေးရတာ”

“ဟာကွာ . . ခင်လတ်ကလည်း ကြံကြီးစည်ရာ၊ နည်းနည်းပေါ့ သိရက်သားနဲ့၊ ဟဲ . . ဟဲ . . ခင်လတ်ဗိုက်ထဲ ပုဏ္ဏားလေးရှိတယ် ထင်ပါရဲ့”

မျက်နှာချိုသွေးကာ ဖြီးဖြန်းရင်း ပြန်ပြောလိုက်တော့ အာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လေးလျှာလေးသံကြီးနဲ့ပင်။ ခင်လတ် ရှက်ဝဲဝဲနှင့် ခေါင်းကလေးစောင်းကာ ဗိုက်ကလေးကို ပြန်ကြည့်သည်။ ပြီးတော့ အဓိပါယ်ပါပါ ပြုံးလေသည်။

"ဘယ်ကလာ. . ကကြီးမောင်ကလဲ၊ ပုဏ္ဏားမဟုတ်ဘူး တော်ရေ၊ သားသားလေး ရှိနေတာ၊ သားလေးက အထဲကနေ လှမ်းတိုင်တာ. ."

"ဟော့. . ဟုတ်လား. . ဒီကောင်အတိုင်အတော ထူသလားကွ ဒီကောင်တော့ အပြင်မရောက်ခင်ကတည်းက ပြိုင်ဘက်တွေ ဖြစ်နေပါလား. . . ဟား. . . ဟား. . ."

ကပ္ပလီက အားရဝမ်းသာစွာ သဘောတကျဖြင့် ခင်လတ်ရဲ့ ဗိုက်ကလေးကို ကြည့်ပြီး ပြောလေသည်။ အပျိုဗိုက်မို့ထင်ပါရဲ့။ (၆)လကျော် (၇)လထဲရောက်တာတောင်မှ ဗိုက်ကလေးက ချပ်ချပ်ရပ်ရပ်မသိသာလှသေးပေ။ မသိမသာဖို့ဝေးလေစွ၊ ထင်ကိုမထင်ရတာ။

"ငါ့ မိန်းမ ကိုယ်ဝန်ဆောင်တာ တယ်လှသကွာ. . . ဗိုက်ကြီးတယ်လို့ကို မထင်ရဘူး. . ကိုယ်ဝန်နဲ့လိုက်တယ်. . ."

"အောင်မာ. . ရှင်ပြောပုံအရဆို ကျုပ်ကပဲ. . အမြဲလှအောင် ကိုယ်ဝန်ဆောင်နေရမဲ့ပုံပေါက်နေပြီ. . . ."

ခင်လတ်က သူ့ကို မကျေမလည် မျက်စောင်းထိုးပြီး မဲ့ကာရွဲ့ကာ ရန်တွေ့တော့သည်။ ကပ္ပလီက အချွဲပိုစွာ ဗိုက်ကလေးကို ပွတ်၍ ပြောလေသည်။

"သားရေ ဖေဖေ့ကို အတိုင်အတောမထူပါနဲ့ကွာ. . . သားမကြိုက်ရင် ဖေဖေ မသောက်တော့ပါဘူး. . . မင်းမေမေက ဒီရေမွှေးနံ့ မရရင် အိပ်မပျော်ဘူးဆိုလို့. . မသောက်ချင်သောက်ချင်. . အား. ."

ကပ္ပလီစကားပင် ဆုံးအောင်မပြောလိုက်ရပေ။ ခင်လတ်က သူ့ပေါင်ကို ဆွဲဆိတ်သောကြောင့်. . .





"တွေ့လား. . . မင်းမေမေက ဖေဖေ့ကို စိတ်စွဲနေတာကွ၊ မစွဲလမ်းဘဲ မနေနိုင်တော့ဘူး. . . အစူး"

ထပ်မံဆိတ်ဆွဲတာ ခံရပြန်သည်။

"ဘာ. . မသောက်တော့ဘူးလဲ. . ရှင်. . ကျွန်မကိုညာလို့ မရသလို ကလေးကိုလဲ ညာမရဘူးမှတ်. . မသောက်ပဲ မျိုလာမှာမဟုတ်လား. . ရုပ်ကြီးက ကူလီကူမာနဲ့. . ."

"အဟဲ. . ခင်လတ်က သိရဲ့သားနဲ့ကိုယ့်ယောကျ်ားအကြောင်းကို. . အာဆွတ်ရုံပါကွာ. . ."

လင်းမယား နှစ်ယောက် ကြည်နူးနေသံကို ကြားပြီး အမေကျင်က အပြုံးတွေဝေကာ ကျေနပ်နေတော့သည်။ သားတော်မောင်ကို မိန်းမမြတ် တစ်ယောက်လက်ထဲ စိတ်ချလက်ချ မြင်ရတော့ ဝမ်းသာမိလေသည်။

"မွေးမှာဖြင့်လဲ မြန်မြန်မွေးကွာ၊ ကျုပ်က အရပ်တကာ လှည့်ပြီး ကလေးကို ကြွားချင်နေပြီ"

"အို. . မွေးချင်တိုင်း မွေးလို့ရမတဲ့လား သူ့အချိန် အခါနဲ့သူဖြစ်တဲ့ဟာကို. . . ရှင်က ကျုပ်ကိုဘာမျှား မှတ်သတုံး ကလေးစက်ရုံ မဟုတ်ဘူး တော်ရေ"

ရွဲ့တဲ့တဲ့ ပြောလိုက်သော ခင်လတ်၏ ဟန်ပါပါစကားကြောင့် ကပ္ပလီ ပီတိတွေ ရွှန်းဝေသွားသည်။

"ကလေးမွေးတာများ လွယ်တယ်မှတ်လို့လား. . . ကျွန်မ သရက်ချဉ် စားချင်တယ် ကကြီးမောင်. . ."

"ဟာ. . . ဘယ်လိုဖြစ်တာလဲဟ မင်းကလဲ. . ကလေးနဲ့ တည့်ပါ့မလား. . ."

"ဘာလို့ မတည့်ရမှာလဲ၊ အခုဟာ ကလေးက တောင်းနေတာ၊ ရှင် ဘာနားလည်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ခင်လတ် လူလည်ကျစကားကြောင့် ကပ္ပလီ ပြုံးတုံ့တုံ့ဖြင့် ရေငုံ နှုတ်ပိတ်ကာ ဇက်ပုသွားရ၏။

"မင်းတို့မိခင်တွေက ကလေးအကြောင်းပြပြီး သိပ်အခွင့်အ ရေးယူတာပဲ"

"ဘာထူးလဲ. . . အတူတူပဲ၊ တော်တို့ဖခင်တွေကလဲ ကလေး အကြောင်းပြပြီး လူအနားကပ်. . ကလေးချော့သိပ်ရတာနဲ့ ကလေး ဖက်အိပ်ရတာနဲ့၊ တော်တို့က ပိုဆိုးသေး"

တုတ်ထိုးအိုးပေါက် တဲ့တိုးပြောလိုက်သော စကားကြောင့် ကပ္ပလီ ရှက်ဖြဲဖြဲ ရယ်လေတော့သည်။ အခုတော့ ဒီကလေးကိုပဲ ရမယ်ရှာပြီး လင်မယားနှစ်ယောက် အကြင်နာမပျက် ဆက်သွယ်မိ နေကြသည်။ ကွန်ယက်ထဲမှာ ယှက်နွယ်ကာ ချိတ်ဆက်မိနေသည်။ သံယောဇဉ်က ဖြတ်မရအောင် မာကျောသော ကြိုးမျှင်ကလေးအဖြစ် ကိန်းအောင်း၏။

လက်ထပ်ပြီး ခြောက်လကြာသောအခါ ခင်လတ်ရဲ့ဗိုက် ကလေးဟာ မသိမသာမှ သိသိသာသာ စူထွက်လာပြီဖြစ်သည်။ ဗိုက် ကလေးတော့ အတော်စူနေပြီ။ ဆေးခန်းကဆရာမ ပြောတာတွေကို





ဂရုစိုက်ဖို့၊ အနေအထိုင် ဆင်ခြင်ဖို့ တဖွဖွတတွတ်တွတ် ကပ္ပလီက မှာသည်။ အကဲပိုကာ အစိုးရိမ်တကြီး ဂရုစိုက်လာ၏။ ခင်လတ် အလေးအပင် မ,တာ မြင်လျှင် ကပ္ပလီက အပြစ်တင် ဆူပူသည်။ ခင်လတ်နဲ့အတူတူ လမ်းလျှောက်ပေးသည်။ ဆေးတွေ ပုံမှန်သောက်ဖို့ တိုက်တွန်းသည်မှာ နားကြားပြင်းကတ်လောက်အောင်ပင် အကြိမ်ကြိမ် အထပ်ထပ် မပျက်ကွက်။

"ထက်ထက်မိုးဦး ဆေးသောက်ပြီးပြီလား"

အိုဘီမင်ဆေးကို ကပ္ပလီက ထိုသို့ခေါ်လေသည်။ ခင်လတ် စိတ်မရှည်ဟန်ဖြင့် ရွဲ့တဲ့တဲ့ပြန်ဖြေမိတော့သည်။

"သောက်ပြီးပါပြီတော် တကတည်း ရှင်သာကိုယ်ဝန်ဆောင် လိုက်ပါတော့လား အဖြစ်ကိုသည်းတယ် "

"ဟ. . ဆောင်လို့မရလို့ပေါ့ ခင်လတ်ရဲ့၊ ကျုပ်သာ ဆောင်လို့ ရရင် ဆယ်မြှာပူးလောက်ကို ဆောင်ပစ်မှာဗျ သိလား"

"အောင်မာ ရှင့်ကိုယ်ရှင် တာဇံများထင်နေလား ကလေးတစ် ဒါဇင်တို့လို တွဲလောင်းနဲ့ "

"အဟီး. . . . . ."

ပြုတ်မနူးရုပ်ဖြင့် ကပ္ပလီရယ်ပါတော့သည်။

"ကြာလိုက်တာကွာ မင်းဟာကလဲ မမွေးသေးဘူးလား ကျုပ်က ချီချင်လှပြီ"

"သူ့ဟာသူ မမွေးတာ ဘယ်တတ်နိုင်မှာလဲ ကလေးကအခုမှ ပိစိပဲ ရှိသေးတာ "

"ကလေးက အခုဆို (၉)လကျော်ပြီလေကွာ (၉)လကျော် (၁၀) လဖွားတာ ယောကျ်ားလေးတဲ့ မိန်းကလေးဆို မွေးပြီးနေလောက်ပြီ"

ကပ္ပလီက စူတူတူ မောက်တောက်တောက်ဗိုက်ကလေးကို ပွတ်ရင်း သိထားတတ်ထားသလောက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ဘာနားလည်လို့လဲ ကလေးကသူမွေးချိန်တန်မှ မွေးတာ၊ ဒါတွေရှင်နားမလည်ပါဘူး၊ ဒါကမိခင်တွေရဲ့ အလုပ်ပါ ဖခင်နဲ့ ဘာမှ မဆိုင်ဘူး"

ခင်လတ်ပြုံးတုံ့တုံ့ နှုတ်ခမ်းစုချွန်ကာ ကပ္ပလီ၏ ပေါင်တွင်းကြောကို ဆိတ်ဆွဲပြန်သည်။

"အင်း. . . ငါ့သားမွေးပြီးမှ သားအတွက်အဖေ့ပေါင်မှာ ညိုမည်းစွဲနေတာတွေကို ပြရမယ် အမေနှိပ်စက်တာခံပြီး သားကို ချစ်ခဲ့တာတွေပေါ့"

၄ ၄ ၄ ၄

**လက်**ထပ်ပြီး ဆယ်လကြာသောအခါ ရင်တမမဖြင့် စိတ်မရှည်တော့သည့် ကပ္ပလီရဲ့ အသံကပိုမို အကွက်စိပ်စွာ ဆူညံပူညံဖြစ်လာလေသည်။

"ကိုင်း. . . ဘယ်လိုလဲ ခင်လတ်ရေ၊ အခုပဲ ဆယ့်နှစ်လ ကျော်လာပြီ မင်းဟာက ဟုတ်မှဟုတ်ရဲ့လားကွာ၊ ဆရာမကို သွားပြတော့ ဘာပြောလဲ"

"အိုး. . တော်ကလဲ လောလိုက်တာ မွေးတော့မှာပါဆိုနေမှပဲ"



BURMESE CLASSIC .com



"မင်းမွေးတော့မှာကြီးကလဲ တစ်လပြီးတစ်လ "

"ရှူး. . . "

ခင်လတ်က လက်ညှိုးထောင်ကာ အချက်ပြသည်။ ကပ္ပလီရဲ့ လက်ကို ဖမ်းကိုင်ပြီးသူမ၏ ဗိုက်ပေါ်တင်ပေးကာ စမ်းခိုင်းသည်။

"ရှင်ပြောတာ ကြားသွားလို့ ထင်တယ်၊ ကလေးက လှုပ်လာတယ်၊ ရှင်သိပ်မအော်နဲ့. . . ကျွန်မသား အိပ်ရေးပျက်မယ် အလိုက်ကို မသိဘူး "

"ဟာ အေးဟ၊ ဟုတ်တယ်ဟ၊ လှုပ်တယ်ဟ "

ကပ္ပလီ ဗိုက်ကိုစမ်းပြီးဝမ်းသာ အူမြူးသွားသည်။ ကလေးချီရတော့မည့်မျက်နှာဟာ မှိုတွင်းတွေသော မျက်နှာပမာ။ ဝင်းပပြုံးဖြီးကျေနပ်လို့ ပါးစပ်ပင် မစေ့ဘဲသွားတဖြီးဖြီး ဖြစ်နေတော့သည်။ နှစ်ရက်လောက် ဗိုက်နာလိုက် ပျောက်သွားလိုက်ဖြင့် ကိုယ်ဝန်ဆောင်သည့် ဒုက္ခကို လင်မယားနှစ်ယောက် အကြိုက်တွေ့ကာကြည်နူးနေကြသည်။ ဒုက္ခဟာ အခုတော့ပျားရည်စက်ပမာ သူတို့အဖို့ ချိုမြိန်လေသည်။

ညကြီးမင်းကြီးဗိုက်နာလို့ ခင်လတ်ကအပြတ်အသတ် ညည်းညူ အော်ဟစ်ကာ ခြေဆောင့်လေသည်။ ခြေဖနောင့်ကြမ်းပြင်ကို တဘုန်းဘုန်း ပေါက်သည်။ ကပ္ပလီက စိုးရိမ်တကြီးချွေးပြန်ကာ အနားမှာတစ်ဖွဖွ အားပေးစကားပြောသည်။

"တောက် ခွေးကောင်ရာညွန့် မလာသေးဘူးလားဟေ့ ငါပြောတယ်ဖြတ်လမ်းကသွားပါလို့ ဒီကောင်နှေးတိနှေးတုံ့နဲ့ မိုးပျံဆိုင်များ ဝင်နေသလားပဲ "

"လာမှာပါ အစ်ကိုကြီးရာ စိတ်မလောပါနဲ့ "

ဆရာမရောက်လာပြီး နာရီဝက်လောက်အကြာမှာပင် စိတ်မောလူမောဖြင့် အိမ်အပြင်မှာ ဖင်တကြွကြွဖြစ်နေသောသူတို့ ကလေးငိုသံ စကြားရတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အူငဲ့ အူငဲ့ အူငဲ့"

"ဟာ မွေးပြီဟ ဇော်ရှိုးမင်းအင်္ဂလိမာလသုတ် ရလား. . . ."

"မရဘူးလေ အကိုကြီးကလည်း"

"မရလည်း အင်္ဂုလိမာလလို့ ရွတ်ကွာ "

"ဟုတ်. . ဟာ. . အစ်ကိုကြီးဘာကြောင်တာလဲ ကလေးကပဲ မွေးနေပြီ"

"အော်. . အေး. . ဟုတ်သားပဲ ငိုသံကြားတယ် အူငွဲတဲ့ ခင်လတ်ရေ ကျုပ်ရှိတယ် ဘာလေးလဲဟေ့ "

အိမ်ထဲကိုလှမ်းအော်ကာ အလောတကြီးမေးလေတော့သည်။

"ယောကျ်ားလေးပါတော်. . . ရွှေပန်းလေးနဲ့"

"ဟုတ်ပြီ. . ငါကွ သမီးရှင်တွေ သတိသာထား ခင်လတ်ရော နေကောင်းရဲ့လား"

"လူကြီးရော ကလေးပါကျန်းမာတယ်တော်၊ မဲမဲလုံးလုံး ချစ်စရာလေး ရှင့်အတိုင်းပဲ"

"အယ်. . . ."

မဲမဲလုံးလုံး ကျက်သရေတုံးကလေးဟု မပြောသော ဆရာမကိုပင် ကျေးဇူးတင်ရသည်။

"အူငဲ့. . ငဲ့. . အူငဲ့. . အူငဲ့"

"ဟား. . ဟား. . မဲတုံးလုံးဆိုတော့ အကိုကြီးနဲ့တူတာပေါ့ ဟုတ်တယ်မို့လား"

"ဟုတ်သပ. . ဒီကလေး မော်ဒယ်လ်ဘွိုင်းဖြစ်ရင် အူငဲ့လို့ ချစ်စနိုးခေါ်ရမယ်၊ ဒါမှ အူဝဲတွေ အူမဝဲတွေ နောက်ကောက်ကျသွားမှာ"

မော်ဖြိုးနဲ့ ရာညွှန့်က တစ်ယောက်တစ်ပေါက် ရေရွတ်ထောက်ခံကာ မှတ်ချက်ပေးလေ၏။ ကပ္ပလီ ကလေးကိုဝင်ကြည့်တော့၏။

"ဟာ. . ဟုတ်ပ. . ငါနဲ့ တစ်ရုပ်တည်းပဲဟ ချောမှချော"





"တူဆို. . . အဲ့ဒါ ရှင့်ကလေးပဲလေ ကကြီးမောင်ရဲ့၊ ကျွန်မ သဘောမကျတဲ့သူနဲ့ ပေးစားမယ်ဆိုလို အဖေနဲ့အမေကို လန်ကြုတ်ဇာတ်ခင်းနေတုန်း ရဲလင်းကြောင့် ပြဿနာတွေ ဆက်သွားတာလေ၊ ကျွန်မလဲ ရှင့်ရဲ့ အနစ်နာခံစိတ်ကို သိခွင့်ရခဲ့ပြီး တစ်ကယ်စွဲလမ်းခဲ့ရတာပေါ့၊ အိမ်ကသဘောမတူမှာစိုးလို့ အားလုံးအဆင်ပြေအောင် ရှင့်ရဲ့ နှုတ်ပိတ်ဆက်နေခဲ့တာပါ. . ရှင်ယုံကြည့်ခဲ့တာ ရှင်အနစ်နာခံခဲ့တာတွေကို တန်ဖိုးထားလို့ ချက်ချင်းမရှင်းပြခဲ့တာပါ. . .

ပြီးတော့. . . စိတ်ထဲမှာ တစ်ကယ်ယုံသွားအောင်. . ပြောပြတာမျိုးမဟုတ်ပဲ. . . အချိန်ကာလနဲ့ ပြပြီးပြောတာက တစ်သက်တာအတွက် ယုံကြည်မှု အပြည့်အဝ ရစေချင်လို့ပါ ကကြီးမောင်ရယ်"

"ဒါဆို. . . ဒီသားလေးက. . "

ကပ္ပလီက ပြောမထွက်ပေမယ့် ခင်လတ်က ငေါ့တော့တော့ ပြောချလိုက်ပါသည်။

"ကျွန်မက ဘာမှမဖြစ်ခဲ့ဘူး၊ ရှင်နဲ့ရမှ ဒီကိုယ်ဝန်က ရှိသွားတာ၊ နားလည်ပြီလား နလပိန်းတုံးကြီးရဲ့"

ရှိုးပုံရှိုးမားဖြင့် ကလေးလေးကို ကြူကြူပါအောင် မွေးတော့သည်။ စိတ်ဓာတ်ဖြူစင် ရိုးသားကြီးမြင့်မှုက သူ့ရုပ်ရည်ရူပကာကို လှပစေခဲ့ပြီ မကြည်မသာ သဘောထားများကို ပြေလည်စေခဲ့သည်။

တံတိုင်းများကို ဖြိုဖျက်ပစ်ခဲ့လေပြီ။

ရွှင်လန်းချမ်းမြေ့ပါစေ

WAIH ZAR



BURMESE CLASSIC .com

www.burmeseclassic.com